www.burmeseclassic.com

ရွှေပဒေသာစာပေ

# မိုးစက်ပွင့်

## မငိုတတ်သူရဲ့မျက်ရည်



(အချစ်
လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

၂၀၁၇ ခုနှစ်၊ ဇွန်လ၊ ပထမအကြိမ်

**ကွန်ပျူတာစာစီ** - ခင်ပြုံးဝင်း (၀၉၂၅၀၁၄၄၇၉၇)

**ထုတ်ဝေသူ** - ဦးအေးလွင် (၀၀၄၀၅)
ရွှေပဒေသာစာပေတိုက်
အမှတ်(၃၃)၊ ကျီတော်လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ** - ဦးအေးလွင် (၀၀၂၄၀)
'ရွှေပဒေသာအော့ဖ်ဆက်'
အမှတ်(၃၃)၊ ကျီတော်လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

**ဖြန့်ဈေး** - ၁၆၀၀ ကျပ်

**အုပ်ရေ** - ၅၀၀ အုပ်

**ထုတ်ဝေသည့်စာအုပ်၊ ကတ်တလောက်အညွှန်း (CIP)**

မငိုတတ်သူရဲ့မျက်ရည်
မိုးစက်ပွင့်
ရွှေပဒေသာစာပေ၊ ၂၀၁၇၊ ရန်ကုန်။
၁၉၇ - စ၊ ၁၂ × ၁၈ စင်တီ။
(၁) မငိုတတ်သူရဲ့မျက်ရည်


www.burmeseclassic.com

www.burmeseclassic.com

# မင်္ဂလာပါတော်သူရဲ့ မျက်ရည်

# မင်းတက်မှုရဲ့ မျက်ရည်

မိုးစက်ပွင့်

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁)

“ဖြန်း”

ယောက်ျားတစ်ယောက်၏ရိုက်ချက်သည် မည်မျှ နာကျင်လိမ့်မလဲလို့ မေးစရာမလိုတော့။ ပါးပြင်နှစ်ဖက်စလုံး နာကျင်စပ်ဖျဉ်းခြင်းနှင့်အတူ သူမကိုယ်လေးမှာ ပုံလျက်လဲကျသွားလေ၏။

“မမ”

ညီမလေးက သူမကို ပြေးဖက်ပြီး တအိအိနှင့် ငိုလေသည်။ အံကို တင်းခနဲကြိတ်၍ သူမ ကုန်းထလိုက်သည်။ ငိုဖို့ကို မကြိုးစားမိခဲ့။ မီးဝင်းဝင်းတောက်နေသော ဖေဖေ့မျက်လုံးအစုံကို ရင်ဆိုင်၍ ကြည့်ပစ်လိုက်၏။

“ဘာလဲ…နင်က ငါ့ကို အာခံမလို့လား”

“သမီးကို ဘာအပြစ်ရှိလို့ ရိုက်တာလဲ ဖေဖေ”

www.burmeseclassic.com

www.burmeseclassic.com



"နင် ကိုယ့်အပြစ်ကို ကိုယ်မသိဘူးလား။ ငါ မကြိုက်မှန်း သိရဲ့နဲ့…နင် ဒါတွေကို…"

ဖေဖေ လက်ညှိုးထိုးပြရာသို့ မျက်လုံးကို စွေကြည့်လိုက်သည်။ ပြန့်ကျဲနေသော စာရွက်ဖြူလေးတွေက သူမကို သနားပါလို့ တောင်းပန်ခယနေသည့်နှယ်။ သူမ စာရွက်ကလေးတွေကို ပြန်လည်၍ ကောက်ယူစုစည်းလိုက်ပြီး…

"သမီး…ရာဇဝတ်မှုကျူးလွန်တာမှမဟုတ်ဘဲ ဖေဖေရဲ့။ ပြီးတော့ ဘယ်သူ့ကိုမှလည်း မစော်ကားဘူး။ ဘယ်သူ့ကိုမှလည်း မထိခိုက်ဘူး"

"သူများကို မထိခိုက်ပေမဲ့ ငါ့ကို ထိခိုက်တယ်။ ငါးပြား မရ၊ ဆယ်ပြားမရနဲ့ ဒီဘုံမဝင် ဆုံမဝင်အလုပ်ကို လုပ်နေတာ သူများတွေ ကဲ့ရဲ့နေကြပြီ မိန္ဓေရဲ့…အဲဒါ နင် သိလား"

ကိုယ့်အဖေမို့သာ ငြိမ်ခံနေရတာ။ သူများသာဆိုလျှင် စကားတစ်လုံးတည်းနဲ့ ပစ်လဲသွားအောင် ပြောလိုက်ချင်ပါဘိ။

"ပတ်ဝန်းကျင်ဆိုတာ ချီးမွမ်းကဲ့ရဲ့ ဓားနှစ်လက်ရဲ့ကြား အလိုးခံပစ္စည်းတစ်ခုပဲ ဖေဖေ…ရှောရှောရှူရှူ ပြတ်ချင်လည်း သူတို့ပဲ။ မပြတ်ချင်လို့ အမျှင်တွဲကျန်နေတာလည်း သူတို့ပဲ။ သမီး ပတ်ဝန်းကျင်ကို ဂရုမစိုက်ဘူး"

"အရှုးမ…နင် စကားတတ်တိုင်း ငါ့ကို ပြန်ပြောမနေနဲ့။ ဒီနေ့ကစပြီး အဲဒီကဗျာတွေ၊ ဝတ္ထုတွေ နင် လုံးဝ မရေးရဘူး"

နွေ ခေါင်းကို ဆတ်ခနဲ ခါထုတ်၍ တစ်ဖက်သို့ လှည့်ပစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ နွေဆိုတာ အရာရာကို ဘယ်တော့မှ အရှုံးပေးတတ်သူ မဟုတ်။ ခေါင်းမာသည်။ စနေသမီးမို့ စိတ်လည်းပြင်းသည်။ သူ့မှာမည်က 'နွေတန်ခူး'။ မြန်မာလနှင့် တပေါင်းလဆန်း (၁၄)ရက်နေ့မှာ မွေးတာ။ ဒါကြောင့် 'နွေတန်ခူး' လို့ ခေါ်ခဲ့တာပဲ ဖြစ်သည်။ ပတ်ဝန်းကျင်အချို့ကဆိုလျှင် နွေကို သားဦးစနေမီးလို့မွေဦးမှာဟု မကြားတကြား ပြောတတ်ကြသည်။ နွေ မေမေ့ကို ပြန်ပြောပြတော့ မေမေက ရယ်ကာ…

"မဟုတ်တာ သမီးရယ်… သမီးက သားဦးမှမဟုတ်တာ။ သမီးထက် အကြီးရှိသေးတယ်။ သမီးရဲ့ကိုကိုပေါ့"

"သူကရောဟင်…ခု ဘယ်မှာလဲ မေမေ။ ကိုကိုက သမီးတို့နဲ့ ဘာလို့ အတူမနေတာလဲ"

လို့ ကလေးဘဝက နားမလည်စွာ မေးမိခဲ့တော့ မေမေ့မျက်နှာကလေး ညိုကာ…

"တစ်လသားအရွယ်ကတည်းက ဆုံးသွားတာ သမီးရဲ့"

အဲဒီလိုပြောပြီး နောက်ထပ် ရှင်းပြခဲ့သေးသည်။ တစ်လသားအရွယ်လေး ဆုံးသွားပြီး နောက်ထပ် ကလေးယူဖို့ မေမေကြောက်နေသည်တဲ့။ နောက်တစ်ယောက်မွေးလို့များ ဒီလိုတိမ်းပါးယိမ်းပါးဖြစ်ခဲ့ရင်ဆိုတဲ့ အတွေးနဲ့ သန္ဓေတားဆေးတွေသောက်ခဲ့တာတဲ့လေ။ နောက်တော့ ဖေဖေက ကလေးယူဖို့ ခဏခဏ တိုက်တွန်းပြီး ဖျောင်းဖျခဲ့လို့ နွေကို မွေးခဲ့တာ။ နောက် နွေ သုံးနှစ်သမီးမှာ ညီမလေး 'ဆောင်းနှင်းစက်' ကို ထပ်မွေး





ခဲ့သည်။

နွေက ငယ်ငယ်လေးကတည်းက ကျောင်းမှာ စာတော်သည်။ အနေအေးသဖြင့် သူများတွေစလို့ ငိုခဲ့ရတဲ့အခါပေါင်း နည်းတော့။ နောက်တော့ မေမေက ပြောသည်။

မျက်ရည်ဆိုတာ အရှုံးသမားတွေရဲ့ ထွက်သက်ပဲ။ သမီး ငိုရဘူး။ သမီးနာမည်က နွေတန်ခူးပဲဟာ နွေဆိုတာ နွေနဲ့တူအောင် သူများထက် ထက်မြက်ရမယ်။ သူများထက် ပိုပြီး ပူပြင်းရမယ်။ စိတ်ဓာတ်ကို အရောင်မဖျော့စေနဲ့။ ခုတစ်ခါ သူများစလို့ ငိုပြီးပြန်လာရင် အရိုက်ခံရမယ်ဆိုတဲ့ မေမေ့စကားသံဟာ နွေစိတ်ဓာတ်ကို သံမဏိထက် မာကျောစေခဲ့တယ်။ အဲဒီနေ့ကစပြီး နွေ မငိုမိအောင် ကြိုးစားရင်း မျက်ရည်မြစ်ဟာ အလိုလို တိမ်ကောသွားခဲ့တာပါပဲ။ သူများက လက်နဲ့တို့ရင် နွေက ခဲတံနဲ့ ပြန်ထိုးလိုက်ရမှ၊ သူများက တစ်ချက်ရိုက်ရင် သူက နှစ်ချက်ပြန်ရိုက်လိုက်ရမှ ကျေနပ်သူ။ ငါ့အသား တစ်ထွာပြဲစုတ်သွားလျှင် သူ့အသား တစ်တောင်ပြန်ပြီး ပြဲစုတ်သွားစေရမည်ဟူသော အငြိုးအတေးထားတတ်သည့် စိတ်ဓာတ်တွေ တွယ်ငြိလာခဲ့သည်။

အပေါင်းအသင်းလည်းမထား၊ အားရင်အားသလို စာဖတ်သည်။ ထိုမှ ကဗျာစပ်ခြင်း၊ ဝတ္ထုရေးခြင်း ဗီဇက ဘယ်ကနေ ဘယ်လိုဝင်လာသည်မသိ။ ကဗျာတွေ၊ ဝတ္ထုတွေကို မရေးရရင် မနေတတ်သလို။

ဒါကိုပင် မေမေက ပီတိဖြစ်လို့…



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။

နွေက ငယ်ငယ်လေးကတည်းက ကျောင်းမှာ စာတော်သည်။ အနေအေးသဖြင့် သူများတွေစလို့ ငိုခဲ့ရတဲ့အခါပေါင်း များနည်းတော့။ နောက်တော့ မေမေက ပြောသည်။

မျက်ရည်ဆိုတာ အရှုံးသမားတွေရဲ့ ထွက်သက်ပဲ။ သမီး မငိုရဘူး။ သမီးနာမည်က နွေတန်ခူးပဲဟာ နွေဆိုတာ နွေနဲ့တူအောင် သူများထက် ထက်မြက်ရမယ်။ သူများထက် ပိုပြီး ပူပြင်းရမယ်။ စိတ်ဓာတ်ကို အရောင်မဖျော့စေနဲ့။ ခုတစ်ခါ သူများစလို့ ငိုပြီးပြန်လာရင် အရိုက်ခံရမယ်ဆိုတဲ့ မေမေ့စကားသံဟာ နွေ စိတ်ဓာတ်ကို သံမဏိထက် မာကျောစေခဲ့တယ်။ အဲဒီနေ့ကစပြီး နွေ မငိုမိအောင် ကြိုးစားရင်း မျက်ရည်မြစ်ဟာ အလိုလို တိမ်ကောသွားခဲ့တာပါပဲ။ သူများက လက်နဲ့တို့ရင် နွေက ခဲတံနဲ့ ပြန်ထိုးလိုက်ရမှ၊ သူများက တစ်ချက်ရိုက်ရင် သူက နှစ်ချက် ပြန်ရိုက်လိုက်ရမှ ကျေနပ်သူ။ ငါ့အသား တစ်ထွာပြဲစုတ်သွားလျှင် သူ့အသား တစ်တောင်ပြန်ပြီး ပြဲစုတ်သွားစေရမည်ဟူသော အပြိုးအတေးထားတတ်သည့် စိတ်ဓာတ်တွေ တွယ်ငြိလာခဲ့သည်။

အပေါင်းအသင်းလည်းမထား၊ အားရင်အားသလို စာဖတ်သည်။ ထိုမှ ကဗျာစပ်ခြင်း၊ ဝတ္ထုရေးခြင်း ဗီဇက ဘယ်ကနေ ဘယ်လိုဝင်လာသည်မသိ။ ကဗျာတွေ၊ ဝတ္ထုတွေကို မရေးရရင် နေတတ်သလို။

ဒါကိုပင် မေမေက ပီတိဖြစ်လို့···



www.burmeseclassic.com

www.burmeseclassic.com



"သမီး ကဗျာလေးတွေက ဖတ်လို့ကောင်းသားပဲ။ ငုတ်မိသဲတိုင် တက်နိုင်ဖျားရောက်ဆိုသလို ထွန်းပေါက်အောင် ကြိုးစားပေါ့ သမီးရယ်… ဟိုမရောက် ဒီမရောက်တော့ မဖြစ်စေနဲ့။ သမီးကို ပညာတတ်ကြီး မေမေက ဖြစ်စေချင်တာ။ ဆားကိုပဲ ပုံလျှက်ရလျှက်ရ သမီးကို မေမေ ပညာအမွေပဲ ပေးမယ်။ ပစ္စည်းဥစ္စာဆိုတာ မတည်မြဲဘူး။ ဒါကြောင့် သမီး စာကြိုးစားရမယ်။ ပညာတတ်ကြီးဖြစ်မှ သမီးဖြစ်ချင်တဲ့ စာရေးဆရာမ လုပ်လို့ရမှာ"

အဲဒီအချိန်မှာ…

မေမေ့စကားသံတွေဟာ နွေ့အတွက် အားမာန်တွေ ဖြစ်လာခဲ့တယ်။ မေမေ့ရဲ့ချွေးစတွေကို လမ်းခင်းပေးခဲ့ချိန်မှာ နွေ ပညာကိုသာ ကြိုးစားခဲ့တယ်။ နွေ့စိတ်ဓာတ်တွေ ယိုင်နဲ့မသွားရအောင် မေမေက နောက်ကနေ ကျားကန်ပေးခဲ့တယ်။

အဲဒီတုန်းကတော့ ဒုက္ခဆိုတာ သမုဒ္ဒရာလို ရွှေကြုပ်ထဲ ထည့်ထားလို့ ရသလားလို့ မေးရလောက်အောင် ဒုက္ခရဲ့ အတိမ်အနက်ကို နွေ နားမလည်ခဲ့ပါဘူး။

မေမေ ဖျားပြီးဆုံးသွားတဲ့အချိန် နောက်ပိုင်းမှာပေါ့။ နွေ ပညာရေးတစ်ပိုင်းတစ်စနဲ့ ကျောင်းထွက်ခဲ့ရတယ်။

မိန်းမတွေများ ယောကျ်ားယူချင်ရင် အိမ်ခေါင်မိုးကို လက်ညှိုးထိုးပြီး အိမ်ထောင်ဦးစီးရှိမှ ဖြစ်မယ်ဆိုတဲ့ အကြောင်း ပြချက်ကို ပြသလို ယောကျ်ားတွေ မိန်းမယူချင်လာပြီဆိုရင်လည်း



www.burmeseclassic.com

www.burmeseclassic.com



...းဒိုချောင်ကို လက်ညှိုးထိုးပြီး ချက်ပြုတ်ကျွေးမွေးနိုင်တဲ့ ...အိမ်ရှင်မရှိမှ ဖြစ်မယ်ဆိုတဲ့ ခေါင်းစဉ်တပ်ကြ စဉ်းစားတတ်တဲ့ ...ဦးနှောက် ဆင်ခြင်တတ်တဲ့အတွေးအခေါ်နဲ့ ထက်မြက်တဲ့အရည် ...ချင်း ရှိဖို့ပါပဲ။ ပင်ပန်းတိုင်း ချမ်းသာတာ မဟုတ်ဘူး။ ကံက ...ိုယ့်ဘက်မှာ ရပ်တည်ပေးရင် ဦးနှောက်ကိုသုံးပြီး လက်ညှိုး ...လေး ညွှန်လိုက်တာနဲ့ ငွေရတဲ့အလုပ်တွေလည်း ရှိနေတာ ...လေ။

"အံမလေး…လေ…ဖအေကိုတောင် ကက်ကက်လန် ...ပြန်ပြောနေတာ။ ကျွန်မကိုသာဆို ဘယ်မျှလည်း အစ်ကိုရယ်… ...ါမျိုးပေါ့ မိမနိုင် ဖမနိုင်ဆိုတာ"

အသံစာစာနှင့် ရင်ဘတ်စည်တီးရင်း အိမ်ထဲမှ ထွက်လာ ...သာ ဖေဖေ့ ဒုတိယဇနီး ဒေါ်မြင့်မြင့်။ နွေ့ ဆတ်ခနဲ လှည့်ကြည့် ...ရင်း…

"နွေ့တို့သားအဖကြားမှာ ဒေါ်မြင့် ဝင်မပါပါနဲ့"

"ဟဲ့…မပါလို့ မရဘူးလေ။ ငါက ညည်းအမေနေရာ ...ရောက်နေတာလေ။ အမြင်မတော်ရင် ဆုံးမရမှာပဲ"

အမေဆိုသော အသုံးအနှုန်းကြောင့် ဦးခေါင်းတစ်ခုလုံး ...ရာမ တင်းပုတ်ကြီးနှင့် အထုခံလိုက်ရသလိုပါပဲ။

"ဒီမှာ…ဒေါ်မြင့်"

"ဘာလဲ"

"လူတစ်ယောက်မှာ အမေဆိုတာ တစ်ယောက်ပဲရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



အစားထိုးပစ္စည်းဆိုတာ ဘယ်တော့မှ မူလပစ္စည်းလောက် မကောင်းဘူး။ ရှင်က မိထွေးပဲ…မိထွေးက မိထွေးနေရာမှာပဲ နေပါ။ နေရာတကာ ဝင်မပါပါနဲ့"

"အလိုလေး…အစ်ကို့သမီးပြောတာ ကြားရဲ့လား… အစ်ကို…ကြားရဲ့လား…မိဘကို စော်ကားနေတာ မြေမျိုးဦးမယ်"

နွေ့ဖေဖေ ဦးအောင်နိုင်၏လက်မောင်းကို ဆွဲလှုပ်၍ ပြော နေသော ဒေါ်မြင့်မြင့်ကို အမြင်ကတ်လွန်း၍ နွေ့ နှုတ်ခမ်းကို မဲ့၍ တစ်ဖက်သို့ လှည့်ပစ်လိုက်သည်။ 'နှင်းစက်' ကတော့ မျက်နှာငယ်လေးနှင့် ခေါင်းငုံ့နေမြဲ။

"မိနွေ့ နင် ပြောလေကဲလေပါလား။ မြင့်က ငါ့မယား၊ ငါ့မယားဖြစ်မှတော့ နင်တို့ရဲ့အမေပဲ"

"ဖေဖေ မှားတယ်"

"ဘာ"

"ဖေဖေက မယားသေလို့ မယားစားရပေမယ့် သမီးတို့ အတွက်ကတော့ အမေသေလို့ အမေစားမရဘူး ဖေဖေ။ ဒါ ဘုရားရှင်လက်ထက်ကတည်းက အယူအဆပဲ။ မာတာမိခင် ဆိုတာ တစ်ဝမ်းကွဲတောင် မရှိဘူး။ ဒါကို လူတိုင်းသိနေတာပဲ"

"မိနွေ့"

မိနွေ့…မိနွေ့နဲ့ ငါးပိလှေတစ်စီးလို စိန်ကုန်သည်တွေ မျက်စောင်းထိုးခံခဲ့ရတဲ့ဘဝကို နွေ့ စိတ်ကုန်လွန်းလှပါပြီ။

"သမီးမိုက်…နင့်မျက်နှာကို ငါ မမြင်ချင်ဘူး။ မိဘကို



www.burmeseclassic.com

www.burmeseclassic.com



စော်ကားတဲ့သမီး…ခု ငါ့အိမ်ပေါ်က ဆင်း…ဒီစကားတွေ ပြောမှာမဟုတ်လား ဖေဖေ"

"တောက်"

ဖေဖေ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားတာကို နွေ မြင်နေရသည်။ ခုမှတော့ ဆင်နင်းတဲ့ ယပ်တောင် ဒီထက်တော့ တိုးမပြားတော့ပါဘူး။ မထူးစိတ်ကို ပိုက်လျက်…

"သမီးကိုယ်ထဲမှာ လည်ပတ်စီးဆင်းနေတဲ့သွေးတွေဟာ ဖေဖေ့သွေးတွေပါ"

"မိနွေ…နင် ဆက်မပြောနဲ့တော့။ နင် တော်တော် မိုက်ရိုင်းနေပါလား။ နင့်လိုသမီးမျိုး ငါ့မှာ မရှိဘူး။ ငါ့ကိုလည်း အဖေရယ်လို့ မသတ်မှတ်နဲ့။ သွား… သွား… နင့်ကို ငါ တစ်သက်လုံး ငါ့သမီးစာရင်းထဲက ပယ်ထုတ်လိုက်ပြီ။ မိဘကို စိတ်ဆင်းရဲအောင် အမျိုးမျိုးလုပ်တဲ့ ကောင်မ"

တောင်းစုပ်၊ ပလုံးစုပ်ကို ပစ်ရိုးထုံးစံရှိပေမယ့် သားသမီး ဆိုး ပစ်ရိုးထုံးစံမရှိတဲ့ ဒီစကား သူမအတွက်တော့ မှားနေပါပြီ။ မိဘကတောင် ပြတ်နိုင်ရင် သားသမီးက ဘာတားမလဲဟူသော စိတ်က အထွဋ်အထိပ်သို့ရောက်လျက် ကိုယ်ကို ချာခနဲ လှည့်လိုက်ချိန်…

"မမ"

သူမလက်မောင်းကို လှမ်းဆွဲရင်း မျက်ရည်တွေ ဖြိုင်ဖြိုင် ကျနေသော ညီမလေး 'ဆောင်းနှင်းစက်'။



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို ငါ ပြန်လာခေါ်မယ်"

မာဆတ်ဆတ်အသံနှင့်အတူ နှင်းစက်လက်ကို ဖြုတ်ချခဲ့ပြီး အိမ်ပေါ်မှ ဆင်းလာခဲ့သည်။

"မမ…မမ"

သူမကို ခေါ်နေသံကြားသော်လည်း လုံးဝ လှည့်ကြည့်ခြင်း မရှိတော့။ နေ့တန်ရှူးဆိုတာ အဲဒီလို စိတ်မာတတ်မာကျောသော မိန်းကလေးပင်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂)

လောကမှာ တော်လို့သေတဲ့ မသာရယ်လို့ မရှိသလောက် ရှားပါသည်။ ရန်သူငါးပါးက ပေးလာတဲ့ ဒုက္ခစက်ဝန်းထဲမှာ မဟုတ်သရွေ့ ထမင်းငတ်သည်ဆိုတာ မရှိနိုင်။ ထိုသို့ ခံယူထားသော နွေတံခွန်ရွှေ…

ပထမတော့ သူငယ်ချင်းအကူအညီဖြင့် ပန်းရောင်းသည်။ ပန်းရောင်းပြီးတာနှင့် ရပ်ကွက်ထဲမှာ အဝတ်တွေ အငှားလိုက်လျှော်သည်။ တစ်ချို့သူဌေးအိမ်တွေက နွေ့ကို သနားသဖြင့် ထမင်းဟင်းတွေ ထည့်ပေးသည့်အခါ တစ်နပ်စာကို နှစ်နပ်စာ ရအောင် ချွေတာ၍စားသည်။

တစ်နေ့…

"နွေရေ…နွေ"

တစ်ကြော်ကြော်အော်ရင်း မဂ္ဂဇင်းစာအုပ်ကို ကိုင်၍ပြေး လာသော သူငယ်ချင်း အေးမာ။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့…အေးမာ…ဘာယ်လိုဖြစ်လာတာလဲ"

"ဒီ…ဒီမှာ"

မဂ္ဂဇင်းစာအုပ်လေးကို ထိုးပေးနေသော အေးမာလက်တွေ တုန်နေသည်။ မဂ္ဂဇင်းက ယခုလထုတ် မဂ္ဂဇင်းတစ်အုပ်မို့ နွေ လှမ်းယူလိုက်သည်။

"ဒီစာအုပ်က နှင့်နာမည်နဲ့ ရောက်လာတာ။ ဒီအထဲမှာ နှင့်ဝတ္ထုတိုလေး ပါလာတယ်။ ဒီမှာ စာမူခ…ရော့"

"ဟယ်"

အေးမာ လှမ်းပေးသောပိုက်ဆံကို လှမ်းမယူဖြစ်သေး။ စာအုပ်ကို လှန်ကြည့်လိုက်တော့ သူမရဲ့ ဝတ္ထုတိုလေးပါလာသဖြင့် အတိုင်းမသိ ဝမ်းသာခဲ့ရသည်။

"ငါ… ငါ အိပ်မက်များ မက်နေသလား အေးမာရယ်"

"အိပ်မက်မဟုတ်ဘူး တကယ်မယုံရင် လက်ကိုဆိတ်ကြည့်"

"အား"

အေးမာစကားအဆုံးတွင် နွေ အေးမာလက်ကို ဆွဲဆိတ်လိုက်သဖြင့် အေးမာ ငယ်သံငယ်ရင်းပါအောင် အော်လေသည်။

"ခစ်…ခစ်"

ပြီး…နွေက တခစ်ခစ် ရယ်လေသည်။

"ခွေးမ…ကိုယ့်လက်ကိုယ် ဆိတ်မကြည့်ဘဲနဲ့ သူများ လက်ကို"

"နှင့်လက်မို့လို့ ဆိတ်တာပေါ့…ကိုယ့်အသားအနာခံပြီး



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်လက်ကိုယ်တော့ ဘယ်ဆိတ်ပါ့မလဲ"

အေးမာ မျက်စောင်းက ဒိုင်းခနဲ လှလှပပကြီး ဝင်ရောက်လာလေသည်။ နွေကတော့ မဂ္ဂဇင်းစာအုပ်လေးကို ရင်မှာပိုက်၍ မျက်လုံးလေးစုံမှိတ်ကာ ပြုံးနေသည်။

"မှိုရတဲ့မျက်နှာဆိုတာ ဒါမျိုးထင်တယ်"

"ထီပေါက်ရင်တောင် ငါ ဒီလောက်ပျော်မှာ မဟုတ်ပါဘူး အေးမာရယ်…မဂ္ဂဇင်းစာအုပ်ထဲမှာ ငါ့ကဗျာ၊ ငါ့ဝတ္ထုလေးတွေ ခုလို တစ်ခါတလေပါဖို့ ငါ ဘယ်လောက် ကြိုးစားရေးခဲ့ရသလဲ၊ ငါ ဘာတွေ စွန့်လွှတ်ခဲ့ရသလဲဆိုတာ နင် အသိဆုံးပါဟာ"

"အေးပါဟယ်…နင် ခုလို ပျော်နေတာမြင်ရတော့ ငါလည်း ပီတိဖြစ်ရပါတယ် နွေရယ်"

နွေ ရှစ်တန်းကျောင်းသူဘဝက စာစီစာကုံးပြိုင်ပွဲမှာ ပထမဆုရခဲ့လို့ ဝမ်းသာပီတိဖြစ်ခဲ့ရှာသော မေမေ့အပြုံးမျက်နှာကို ပြေးကာ မြင်ယောင်မိပါသည်။

မေမေရယ်…

မေမေသာရှိနေသေးရင် ခုလိုအချိန်မျိုးမှာ ပျော်နေမလားဟဲ ရလိုက်တဲ့ စာမူခလေးဟာ တစ်ကျပ်တည်းပဲဖြစ်ဖြစ် ပထမဦးဆုံးရတဲ့ဆုလာဘ်မို့ မေမေ့ကို လက်အုပ်ချီပြီး ကန်တော့ချင်လိုက်တာ။

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်သွားတာလဲ"

"ငါ မေမေ့ကို သတိရသွားလို့ပါ"

"နွေရယ်"

အေးမာ နွေ့ပခုံးလေးကို ဆုပ်ကိုင်၍ ညည်းတွားလေသည်။

"အကွပ်မရှိတဲ့ ကြမ်းပရမ်းပတာတဲ့၊ မေမေ မရှိတော့တဲ့ နောက်ပိုင်းမှာ ငါ့ကိုယ်ငါ ပရမ်းပတာ မဖြစ်အောင် ထိန်းသိမ်းခဲ့ရတာ။ ဒါပေမဲ့ နည်းနည်းတော့ ယိုင်သွားခဲ့တာပါပဲ"

"နင်… ငိုချင်နေလား နွေ"

စာနာစိတ်နှင့်မေးလာသော အေးမာအမေးကို နွေ မဖြေပါ။ ဝမ်းနည်းကြေကွဲခြင်းကို ကာရံထားသော တံတိုင်းတစ်ခု၏အပြုံး မျိုးကို ခပ်လွှန့်လွှန့်ပြုံးလျက်…

"ငါ့ဘဝကို လွယ်လွယ်နဲ့ အရှုံးမပေးဘူး အေးမာ။ ငါ့ ဘဝ အမြင့်ဆုံးကို မရောက်မချင်း ဘဝတိုက်ပွဲတွေကို တစ်ပွဲပြီး တစ်ပွဲ ငါ တိုက်နေဦးမှာ"

အေးမာ တအံ့တဩ ဆိုမိသည်။ နွေ ငိုတာကို အေးမာ တစ်ခါမှ မမြင်ဖူးခဲ့။ မိမိတို့သာ ထစ်ခနဲဆို ဟီးခနဲ ငိုပစ်လိုက် တာ။ နွေကတော့ သူ့မမေမေဆုံးတာတောင် ငိုခဲ့သူမဟုတ်ပါ။ အချို့ကဆိုလျှင် နွေ့ကို ပြောကြသည်။

"နေနိုင်လိုက်တာ နွေရယ်… ကိုယ့်အမေတစ်ယောက် လုံး သေတာတောင် မျက်ရည်တစ်စက်မကျဘူး…အံ့ပါ့။ နင့်မှာ နှလုံးသားမှ ရှိသေးရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



တဲ့···။ အချို့ကျပြန်တော့ နားလည်မှုများစွာနှင့်။

"စိတ်ထဲပေါ့သွားအောင် ငိုချလိုက်ပါလား နွေ···ခုလို မငိုဘဲ တင်းထားတာ ပိုပြီး ခံစားရတာပေါ့"

ဒီလိုပြောကြပေမယ့် နွေ ခေါင်းကိုပဲ သွင်သွင်ခါပစ်ခဲ့သည်ပါ။

"နွေ··· မငိုဘူး၊ ဘာလို့မငိုသလဲဆိုရင် အဲဒါ မေမေ့ကို သိပ်ချစ်လို့၊ မေမေ့စကားကို နားထောင်လိုက်တာပဲ။ မေမေက အသဲပျော့တာ ငိုတာကို မကြိုက်ဘူး။ ပြီးတော့ နွေ ငိုလိုက်လို့ စိတ်ထဲပေါ့သွားရင် ခံစားချက်တွေလည်း ပေါ့သွားမှာပဲ။ နွေ မေမေ့ကို နွေ့နှလုံးသားထဲမှာ တသသနဲ့ အမြဲသိမ်းထားချင်တယ်။ ဒါကြောင့် နွေ မငိုတာ"

လို့ ပြောခဲ့သော နွေပါ။ ဒါကြောင့် နွေတန်ခူး၏ဘဝတွင် မျက်ရည်ဟူ၍ နှင်းတစ်စက် မိုးတစ်ပေါက်ပင် မကြွေခဲ့။

"နင် နှင်းစက်ကို ဒီအတိုင်း ပစ်ထားတော့မှာလား နွေ"

နွေ အေးမာကို လှည့်ကြည့်ရင်း···

"အဲဒီလောက်အထိတော့ ငါ အကြင်နာတရား မကင်းမဲ့သေးဘူး အေးမာ··· တစ်နေ့နေ့တော့ နှင်းစက်ကို ငါ ခေါ်မှာပါ။ အရိပ်မကောင်းသေးလို့ ရေချမ်းစဉ် မဆောက်သေးတာပေါ့··· အေးမာ"

"နင့်အရိပ်က အခက်မဝေခင် နှင်းစက်ကတော့ လုံးပါးပါးပြီး သေသွားလိမ့်မယ် နွေ"



www.burmeseclassic.com

www.burmeseclassic.com



နွေ မျက်ခုံးနှစ်ဖက်ကို ထိလုမတတ် ကျုံ့ကာ…

"နှင်းစက် ဘာဖြစ်နေလို့လဲ အေးမာ"

အေးမာ သက်ပြင်းတစ်ချက်ကို မသက်မသာချသည်။

"နှင်ကိုယ်တိုင် သွားကြည့်ရင် ပိုသိရလိမ့်မယ်။ နွေ ငါ ကိုကိုတို့ အလုပ်လုပ်တဲ့ ကန်ထရိုက်တစ်ခုကို ကိုကို့ကို ထမင်း ချိုင့်လိုက်ပို့တော့ နှင်းစက်ကို တွေ့ခဲ့တယ်။ ဘိလပ်မြေဒယ်တွေ ကို မနိုင်မနင်းနဲ့ ရွက်နေတာ"

"ဘာ…"

နားထဲကို မိုးကြိုးတစ်လုံး ပစ်သွင်းလိုက်သည့်နှယ်။ ဒါ ဘယ်သူခိုင်းတာလဲ။ မေမေရှိစဉ်တုန်းကဆို နွေကိုယ်တိုင်ပင် တစ်ပိဿာဝန်ကို မ,မခဲ့ဘူးသလို ညီမလေးဆို ဆော့ကစားလို့ ကောင်းတုန်း။ နှင်းစက်က ခုမှ ဆယ့်လေးနှစ်သမီးပဲ ရှိသေးတာ ဒါ ခိုင်းသင့်သလား။

"နွေ"

အေးမာ ခေါ်လိုက်ပေမဲ့ နွေက အဝေးကို ရောက်သွားပြီ။ မြန်လိုက်တဲ့စိတ်။

လျှင်လိုက်တဲ့ ခြေထောက်။

အမြောက်ထဲက ကျည်တစ်တောင့်ထက်ပင် မြန်နေပြီလား မသိတော့။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃)

အစ်မကြီး အမိအရာဟူသော စကားတစ်လုံးသည် ခုချိန်မှာ နွေ့အတွက် အထိရောက်ဆုံးအချိန်။ ရှက်ရကြောက်ရမှန်း မသိနိုင်အောင် ညီမအောနှင့် ခြေလှမ်းတိုင်း တုတ်နေသော လုံချည်ကို အောက်နားစမှကိုင်၍ ဆွဲဖြဲပစ်လိုက်၏။ ထို့နောက် ခြေလှမ်းတိုင်းမှာ မြေကြီးတို့ နာကျင်စွာ ငိုလောက်သည်။

"နွေ"

ခေါ်သံကြားပေမဲ့ လှည့်မကြည့်ဖြစ်။

"နွေ... ခဏလေးနေပါဦးဟ"

နောက်ကနေ လက်မောင်းကို လှမ်းဆွဲလိုက်တာကြောင့် နွေ့ ခြေလှမ်းတွေ ယိုင်နဲ့သွားလေသည်။

"ဘယ်လိုလဲ... စာရေးဆရာမကြီးရဲ့။ မဂ္ဂဇင်းထဲမှာ ဝတ္ထုတိုလေးတစ်ပုဒ်ပါတာနဲ့ ချစ်သူတစ်ယောက်လုံးကိုတောင် မြင်တော့ပါလား"



www.burmeseclassic.com

www.burmeseclassic.com



နွေ စိတ်အပျက်ဆုံးစကားသံ…

"စစ်ပြေ"

"ပြော"

"နင် ငါ့ကို ခနဲ့မနေနဲ့… နင်နဲ့ ရန်ဖြစ်နေဖို့ ငါ့မှာ အချိန်မပိုဘူး"

"ငါ သိပါတယ်… နင် ဒီစကားမျိုးပဲ ပြောမယ်ဆိုတာ ငါကလည်း အသဲမာတဲ့ နင့်ကို ရွေးပြီးချစ်ခဲ့မိတဲ့သူဆိုတော့ နင် ဘယ်နေ့ စိတ်ကောက်ပြေမလဲ စောင့်နေရတာ"

နွေ စစ်ပြေငြိမ်းကို မကြည့်ဘဲ မျက်နှာလွှဲထားလိုက်သည်။ ကဗျာ၊ ဝတ္ထုတွေနဲ့ သူ့ကို ဘယ်အရာ ပိုချစ်သလဲ၊ လက်တစ်ဖက်ကို ရွေးပါဆိုတဲ့ စစ်ပြေက ခု… နွေ စိတ်ကောက်ပြေတာကို စောင့်နေသတဲ့လား။ နွေ စိတ်ကောက်ခဲ့တာ မဟုတ်ပါ။ ဒီလို ကလေးဆန်တဲ့ အပြုအမူမျိုး ဘယ်တုန်းကမှ မလုပ်ခဲ့။

"ပြောလေ…နွေ"

"ငါ ဘာပြောရမလဲ"

"တစ်ခုခုပေါ့"

"ငါ အခု နင်နဲ့ တငြိမ့်တစိမ့် စကားပြောမနေနိုင်ဘူး စစ်ပြေ… ခု… နှင်းစက်ကိစ္စက အရေးကြီးနေတယ်။ နောက်နေ့မှ နင်နဲ့ငါ တွေ့ကြတာပေါ့"

နွေ ပြောခဲ့သော နောက်နေ့မှာ ဘာတွေ ပြောဖြစ်ကြမည်လဲ။

"နှင်းစက်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ဒီ… ခဏလာဦး"

အိမ်ပေါ်မှနေ၍ ခါးထောက်လျက် ခပ်မိန့်မိန့်ကြီးခေါ်နေသော ဒေါ်မြင့်မြင့်။ နှင်းစက် လျှော်လက်စအဝတ်တစ်ပုံကြီးကို ထားခဲ့ပြီး ဒေါ်မြင့်မြင့်ဆီသို့ လျှောက်လာခဲ့သည်။

"စားပွဲပေါ်တင်ထားတဲ့ ငါ့အင်္ကျီရော"

"ဟို…ဟို"

နှင်းစက် အဖြေရကျပ်သွားသည်။ မနက်က အဝတ်တွေ ထိုးနေရင်း ဖေဖေ ဆေးလုံးဝယ်ခိုင်းလို့ မေ့ပြီး ထွက်သွားတာ အင်္ကျီက မီးပူကျွမ်းသွားသည်။ ဒါတောင် ဖေဖေနဲ့တွေ့လို့ သွားတာ။ မဟုတ်ရင် ဘာတွေ လောင်ကုန်မည်မသိ။

"ဟဲ့… မေးနေတယ်လေ"

နှင်းစက် ခေါင်းကလေးငုံ့၍ မျက်ရည်ဝဲလာသည်။

"နှင်း…နှင်းစက် မီးပူထိုးရင်း မီးကျွမ်း"

"ဘာအေ့"

နှင်းစက် စကားပင်မဆုံးလိုက်။ ကျားတစ်ကောင်လို ဟောက်သံက မိုးလုံးညံသွားသည့်နှယ်။

"ညည်း…ငါ့ကို ရွဲ့ပြီး တမင်လုပ်တာမဟုတ်လား"

"မဟုတ်…မဟုတ်ပါဘူး"

"ဘာမဟုတ်တာလဲ…ဘာမဟုတ်တာလဲ…အဲဒီအင်္ကျီ ဖိုး ဘယ်လောက်ရှိလဲ ညည်း သိလား"



www.burmeseclassic.com

www.burmeseclassic.com



"မသိ…မသိပါဘူး"

"ဘယ်သိမလဲ… ဒါမျိုး ညည်းတို့မှ မဝတ်ဖူးတာ။ လုံချည်ရော အင်္ကျီပါ တစ်သောင်းခွဲပေးခဲ့ရတာအေ့။ ခု…အလှူသွားဖို့ ငါက ဘာဝတ်သွားမလဲ။ ပြောစမ်း…ပြောစမ်း"

ပြောရင်းမှ ဒေါ်မြင့်မြင့် ဒေါသတွေ စွပ်ကြီးကာ နှင်းစက် ဆံပင်ကို ဆောင့်ဆွဲလိုက်သည်။ နှင်းစက် နာကျင်စွာ ငိုလေ၏။

"နှင်းစက်…တမင်လုပ်တာ မဟုတ်ပါဘူး…ဒေါ်မြင့်ရဲ့"

"ဘာတမင်လုပ်တာ မဟုတ်ဘူးလဲ…ကောင်မ"

"အဟင့်…ဟင့်…အီး"

"မငိုနဲ့…ဒါ အသုဘအိမ်မဟုတ်ဘူး…ကျက်သရေယုတ်တယ်…တိတ်စမ်း"

ဆံပင်ကို ဆွဲထားသည့်လက်က ပို၍တင်းလာသဖြင့် နှင်းစက် နာကျင်စွာ ဒေါ်မြင့်လက်ကို တွန်းဖယ်နေမိ၏။

"ကြောက်ပါတယ် ဒေါ်မြင့်ရဲ့…နှင်းစက် နောက်သတိထားပြီး လုပ်ပါ့မယ်…အီး…ဟီး…ဟီး"

"အမယ်လေး…ဘေးအိမ်ကကြားရင် ငါ့ကို မကောင်းပြောကြဦးမယ်။ ဂြိုဟ်မလေး…ခု…တိတ်စမ်း"

ခြံဝကို ခြေချမိသည်နှင့် မြင်လိုက်ရသော မြင်ကွင်းကြောင့် နွေ့တစ်ကိုယ်လုံးမှ သွေးတို့သည် ဆူပွက်လာလေ၏။

"ဒေါ်မြင့်"

နွေ အာခေါင်ခြစ်၍ ကုန်းအော်လိုက်သည်။ နွေ့ကို မြင်



www.burmeseclassic.com

www.burmeseclassic.com



သည်နှင့်...

"ဩော်...ညည်းကိုး"

"ရှင် ကလေးကို ဘာလို့ ဒီလောက်နှိပ်စက်နေတာလဲ"

"မလိမ္မာလို့ ဆုံးမနေတာလေ"

"မမ"

နှင်းစက်က နွေ့ကိုဖက်၍ ရှိုက်ကြီးတငင် ငိုလေသည်။ နွေ့က အလိုက်သင့် ပြန်ဖက်ထားရင်း မီးဝင်းဝင်းတောက်နေသော မျက်လုံးများဖြင့် ဒေါ်မြင့်ကို ကြည့်လိုက်သည်။

"ရှင်က သားသမီးမရနိုင်တဲ့ အမြုံမကြီးဆိုတော့ မိခင်စိတ် ဘယ်ရှိပါ့မလဲ။ ကိုယ့်မှာမရှိတိုင်း သူများသားသမီးကို နှိပ်စက်နေတာ ဒါ... ဆုံးမတာလား"

မှန်တာတွေပြောတော့ ဒေါ်မြင့်မြင့် ဆွေ့ဆွေ့ခုန်လေပြီ။

"ကြည့်စမ်း၊ လူကြီးကို လူကြီးမှန်းမသိ စော်ကားလိုက်တာ"

"ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစားဆိုပေမယ့် နွေ့ ရိုသေထိုက်သူကိုပဲ ရိုသေနိုင်မယ်...ဒေါ်မြင့်"

"ညည်း... ငါ့ကို စော်ကားဖို့ ရောက်လာတာလား နွေ့။ ငါ့လက်ဖဝါးက ပါးမရွေးဘူးနော်"

နွေ့ ရင်ခွင်ထဲမှာ နှင်းစက်ကို တွန်းဖယ်လိုက်သည်။ ပြီး ဒေါ်မြင့်မြင့်ရှေ့တွင် မျက်နှာချင်းဆိုင် ရပ်လိုက်ပြီး ပါးတစ်ဖက်ကို စောင်းငဲ့ပေးလိုက်သည်။

"ရှင့်လက်ဝါး ဘယ်လောက်မာသလဲ မြည်းကြည့်ရ



www.burmeseclassic.com

www.burmeseclassic.com



အောင်…ရိုက်ကြည့်လေ"

ဒေါ်မြင့်မြင့် အံ့သွားကြီးလျက်…

"တော်တော်အကြောမာတဲ့ ဟာ့မ…ကဲဟာယ်"

"ဖြန်း"

နွေ့ မျက်နှာလေး နည်းနည်းယိုင်သွားသည်မှအပ ပူခနဲ ဖြစ်ပြီး စပ်ဖျဉ်းဖျဉ်းဖြစ်သွားသော ပါးပြင်ကို လက်နှင့်ကိုင်မိခြင်း၊ စမ်းမိခြင်း လုံးဝမရှိ။ အပြုံးခပ်ယဲ့ယဲ့နှင့် ဒေါ်မြင့်ဘက်သို့ ပြန်လှည့်ကာ…

"နောက်တစ်ဖက် ကျန်သေးတယ်…ရိုက်ဦးမလား"

အပြုံးမပျက်သော နွေ့ကိုကြည့်၍ ဒေါ်မြင့်မြင့် ဖြုံသွား၏။ နွေ့က သူမလက်ဆစ်ချောင်းအဆစ်ကလေးတွေကို တဖျောက်ဖျောက်ချိုးရင်း…

"ရောင်းသူနဲ့ဝယ်သူမှာတောင် အပေးအယူတော့ ရှိတယ် ဒေါ်မြင့်ရဲ့"

"မမ"

နွေ့စိတ်ဓာတ်ကိုသိနေသော နှင်းစက် ကြောက်လန့်တကြား နွေ့ကို မော့ကြည့်သည်။ နွေ့ဆိုတာ ဘယ်တုန်းကမှ သူများပြု သမျှ နခဲ့သူမဟုတ်။ ဒါကို ဒေါ်မြင့်မြင့်လည်း သိနေပါသည်။

"ညည်း…ညည်း…မိဘကို စော်ကားရင် ငရဲကြီးလိမ့်မယ်နော်…မိနွေ့"

ဒေါ်မြင့်မြင့် ကြောက်လန့်ကာ နောက်လှည့်ပြေးဖို့ ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



သည်။ နွေကလည်း အလွတ်မပေး။

"ဖြန်း…ဖြန်း"

"မမ"

ရိုက်ချက်က ဘယ်ပြန်ညာပြန်။ ဒေါ်မြင့်မြင့် တံခါးဘောင် ဆီ တစ်ခါတည်း ကျောကပ်သွားသည်။

"အဲဒါ…မှတ်ထား ဒေါ်မြင့်၊ နွေဆိုတာ မြွေပွေးလိုမိန်းမ မျိုးပဲ။ ရှင့်ကို စော်ကားလို့ ငရဲကျမယ်ဆိုရင် ကျွန်မ အဝီစိကနေ ဘယ်တော့မှ တက်ဖို့ မကြိုးစားဘူး"

ပထမတော့ ဒေါ်မြင့်မြင့် ကြောင်နေသည်။ နောက်တော့

"လာကြပါဦးရှင်…လာကြပါဦး၊ ဒီမှာ ကျွန်မကို နွေ သတ်မလို့တဲ့… ပါးကိုလည်း ရိုက်သွားတယ်။ လာကြပါဦး… ဘယ်ကြပါဦး…အီး…ဟီး…ဟီး"

ဒေါ်မြင့်မြင့်တစ်ယောက် ကဆုန်ပေါက်၍ ငိုလေသည်။ ါကို နှင်းစက်ခမျာ ကြောက်လွန်း၍ ဒူးတွေ တဆတ်ဆတ်တုန် နေရှာသည်။

"လာ…နှင်းစက်၊ ဂရုစိုက်မနေနဲ့…ကားများလို ဆီကုန် ရင် ရပ်သွားလိမ့်မယ်"

နွေ ဆွဲခေါ်ရာသို့ နှင်းစက် ပါလာခဲ့သည်။ နွေကတော့ ဘာကိုမှ ဂရုမစိုက်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၄)

"ဒီကိစ္စမှာ နှင် အရမ်းမှားတယ် နွေ"

စစ်ပြေငြိမ်း၏ ဝေဖန်စကားကြောင့် လက်ထဲတွင် ကိုင်ထားသော သစ်ကိုင်းခြောက်ကလေးကို နွေ ဆောင့်၍ ချိုးပစ်လိုက်သည်။

"ဒီမှာ စစ်ပြေ"

"ပြော… ဘာဆင်ခြေပေးဦးမလဲ"

"ငါ့နေရာမှာ ဝမ်းနည်းထိုင်ငိုကြွေးတတ်တဲ့ ခပ်ပျော့ပျော့ မိန်းမတစ်ယောက်ဆိုရင် မျက်ရည်မြစ်တစ်စင်း ပေါ်ထွန်းလာမှာ ကျိန်းသေပဲ။ ငါ့ညီမ နှင်းစက်ကိုပဲ ကြည့်လေ… တစ်နေ့တစ်နေ့ မျက်ရည်နဲ့မျက်ခွက်က ဝမ်းဆက်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



စစ်ပြေ ခေါင်းမာသော ချစ်သူလေး၏မျက်နှာကို ငေးစိုက်ကြည့်ရင်း သက်ပြင်းတစ်ချက် ခိုးချမိသည်။ တကယ်တော့ မဟုတ်မခံစိတ်ကလေးရှိတာကလွဲလို့ နွေ့စရိုက်၊ နွေ့စိတ်ထားလေးက အလွန်ချစ်ဖို့ကောင်းပါသည်။ သူတစ်ပါးကို သနားတတ်သည်။ ကူညီတတ်သည်။ ခက်နေတာက စာရှုးပေရှုး ဖြစ်နေခြင်းပါ။

"ကဲ···ထားပါတော့၊ ဒီအကြောင်းတွေ ပြောနေရင် နင်နဲ့ငါ ရန်ဖြစ်ရဦးမယ်။ နင်နဲ့ငါရဲ့ ရှေ့ရေးအတွက်ပဲ ပြောကြရအောင်နော်"

သည်တော့မှ ထန်နေသော နွေ့မျက်နှာလေးမှာ နူးညံ့ခြင်းတွေ ပျော်ဝင်လာသည်။ ကျောင်းနေဘက်သူငယ်ချင်းမှ သံယောဇဉ်တွေ ပိုခဲ့ကြသော သူတို့နှစ်ဦးမှာ ချစ်သူအဖြစ်သို့ရောက်ခဲ့တာ တစ်နှစ်ကျော်ပင် ကြာခဲ့ပါပြီ။

"နင်··· ကျောင်းဆက်မတက်တော့ဘူးလား နွေ"

"ဟင့်အင်း···ငါ့မှာ ပိုက်ဆံမှမရှိတာ"

"ငါ ထားပေးမယ်လေ··· နင် တက်ပေါ့။ ဒါမှ နင် ငါ့အနားမှာ အမြဲရှိနေမှာ"

"နင့်မှာ ပိုက်ဆံပေါလို့လား"

"မုန့်ဖိုးကို စုထားပေးမှာ"

နွေ့ သစ်ရွက်ခြောက်ကလေးကို လုံးချေ၍ ပါးစပ်နှင့် မှုတ်ထုတ်ပြီး ရယ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ကူးမယဉ်စမ်းပါနဲ့ စစ်ပြေရယ်"

"ဘာဖြစ်လို့လဲ"

"နင် စဉ်းစားကြည့်လေ။ နင်ပြောသလို ပတ်ဝန်းကျင်က
ငါ့ကို ဘာပြောလာမလဲ"

"ဟ…ဘာပြောစရာရှိလဲ"

"မိန်းမပိုင်းလုံးလို့ ပြောမှာပေါ့…စစ်ပြေရဲ့"

ကလေးလိုလို၊ လူကြီးလိုလို စကားကြီးစကားကျယ် ပြော
နေသော နွေ့ပါးပြင်ကို စစ်ပြေ လိမ်ဆွဲလိုက်ရင်း ရယ်လေ၏

"နင် တော်တော်စကားတတ်တာပဲ။ ဒါကြောင့်လည်း ငါ
မှာ အရှုးအမူး ဖြစ်နေရတာ"

"အပိုတွေ"

"ဘယ်နှစ်ချစ် ပိုတာလဲ"

စစ်ပြေတစ်ယောက်သာ မြင်ခွင့်ရခဲ့သော ချစ်မျက်စောင်း
လှလှလေးက နွေလေရှူးကို ဖြတ်သန်းကျီစယ်လျက်…

ထိုကာလတွင်းမှာ အပျော်လေးတွေ စီးဝင်ခဲ့ပေမယ့်
အထာမကျတဲ့ ကာလတစ်ခုမှာ ကဗျာကစလို့ လမ်းခွဲဖို့ အချက်
ပြလိုက်တဲ့ အနိကာဒိတစ်ခုက ကဗျာရှူး စာရှူးတဲ့။

"နင်… ဒီကဗျာတွေ စာတွေ ရေးနေသရွေ့ နင်နဲ့ငါ
နီးစပ်ဖို့ မလွယ်ဘူး နွေ… နင် ဒီအလုပ်ကို ရပ်ပါတော့"

"ဗီဇကိုပဲ အပြစ်ပြပြီး လက်ညှိုးထိုးနေမယ်ဆိုရင် နင်နဲ့ငါ
လမ်းခွဲရုံပဲ ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ နင့်ကို နားလည်ပေးနိုင်ပါတယ်။ ဒါပေမဲ့ ငါ့မိဘ၊ ငါ့အသိုင်းအဝိုင်းက နားလည်မပေးနိုင်ဘူး။ တစ်ယောက်နဲ့ တစ်ယောက် ချစ်လို့ ပေါင်းထုပ်ကြပြီဆိုကတည်းက သူရယ်ကိုယ် ရယ် နှစ်ယောက်တည်းနဲ့ တစ်ကမ္ဘာတည်ဆောက်လို့ မရဘူး။ အသိုင်းအဝိုင်းဆိုတာ ရှိကိုရှိနေတာ"

"တော်တော့ စစ်ပြေ"

ဝါသနာကို ရန်စလာရင် ဘယ်သူ့ကိုမှ ခွေ့ သည်းမခံနိုင်ခဲ့။ လူလူချင်း အသက်ရှူတာတူပေမယ့် ခံယူချက်ခြင်း မတူကြတာကို သူတို့ မသိလေရော့သလား။

"နင်တို့က သက်ရှိလူတွေ မဟုတ်လား စစ်ပြေ... သက်မဲ့အရာတစ်ခုနဲ့ ဘာဖြစ်လို့ ပြိုင်ဘက်ဖြစ်ချင်နေတာလဲ"

"နင်ကရော အဲဒီသက်မဲ့အရာကို ဘာဖြစ်လို့ ငါ့ထက် ပိုချစ်နေရတာလဲ"

"စာပေစကား နေ့တိုင်းကြားက ထူးခြားလိမ္မာရှိသည်သာ တည့်ဆိုတဲ့စကားကို နင် မကြားဖူးဘူးလား စစ်ပြေ... နေ့တိုင်း ကျောင်းတက်ပြီး ကျောင်းစာကိုသင်၊ ဘွဲ့တွေ ဘီတွေရထားတိုင်း ပညာတတ်လို့ ခေါ်လို့ရတယ်လို့ နင် ထင်နေသလား။ တကယ့် အနှစ်သာရရှိရှိနဲ့ ဦးနှောက်ကို ဆေးကြော အသိတရားကို လမ်းဖွင့်ပေးတာ ဝတ္ထုတွေ၊ ဆောင်းပါးတွေနဲ့ ဂျာနယ်၊ သတင်းစာတွေပါ စစ်ပြေ...နင်တို့ပြောသလိုသာ စာပေပညာက ဒုံမဝင် ဆုံမဝင်ဖြစ်နေရင် စာပေလောကကြီး ပျောက်ကွယ်သွားမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံကျော်စာရေးဆရာတွေလည်း ပေါ်ထွက်လာမှာမဟုတ်ဘူး။ နင်တို့ပြောပုံအရဆိုရင် စာရေးဆရာတွေအားလုံး တိုက်ခန်းအလုံပိတ်ပြီး ပုန်းနေရမလိုပဲ"

အားမလိုအားမရဖြစ်ကာ နွေ့ကို ကျောခိုင်း၍ ထိုင်ချလိုက်သည်။

"နင်... ငါ့ကို စွန့်လွှတ်မယ့်သဘောလား နွေ"

"ငါ ဘယ်သူ့ဩဇာကိုမှ ခေါင်းငုံ့ပြီး မနာခံဘူး"

စစ်ပြေ... ဂနာမငြိမ်စွာ ထရပ်လိုက်သည်။ ရေစပ်တွင် ပွင့်နေသော ဗေဒါပန်းကလေးတွေကို ရေလှိုင်းကလေးက ကျီစယ်လို့ ပန်းချီဆရာတွေ မျက်စိကျလောက်စရာဖြစ်ပေမယ့် စစ်ပြေကတော့ မျက်မှန်းကျိုးနေမိသည် ထင်၏။ ခဲတစ်လုံးကို ကောက်၍ ဝုန်းကနဲ ပစ်ထည့်လိုက်တာ ဗေဒါပွင့်လေးခမျာ ဇက်ကျိုးသွားလေ၏။

"ကောင်းပြီလေ...လက်ကမ်းပေးလျက်သားနဲ့ မြစ်ကမ်းတစ်ဖက်ကို မတက်ခဲ့တာတော့ ငါ မတတ်နိုင်ဘူး။ နင်နဲ့ ငါ့ရဲ့ ဇာတ်လမ်းက ရှေ့ဆက်မရတော့ဘူးဆိုတော့ ဒီနေရာမှာပဲ အဆုံးသတ်လိုက်ကြတာပေါ့"

ပြောစရာတွေကုန်သွားပြီလားတော့ မသိ။ စစ်ပြေ နွေ့ကို ကျောခိုင်း၍ ခြေလှမ်းစလိုက်စဉ်...

"စစ်ပြေ"

စစ်ပြေ ခြေလှမ်းတွေ ရပ်တန့်သွားလေ၏။ နွေများ



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ချက်ပြင်လေမလားလို့ မျှော်လင့်နေပုံရသည်။

"ယောက်ျားတစ်ယောက် ကျောခိုင်းထားခဲ့လို့ ငိုပြမယ့် မိန်းမတွေထဲမှာ ငါမပါဘူးဆိုတာတော့ နင် ဦးနှောက်ထဲမှာ သည့်ဖြစ်အောင် ထည့်သွားလိုက်ပါ"

"တောက်"

သူက ဒေါသနှင့် လှည့်ပြန်သွားပေမယ့် နွေကတော့ အပြုံးမပျက်ခဲ့ပါ။ သူက လှည့်ကြည့်လား မကြည့်လားတော့ သိ။ နွေကတော့ သူ့ကို လုံးဝ လှည့်မကြည့်တော့ဘဲ ကမ်းစပ် ကလေးမှ ထွက်လာခဲ့သည်။

ထိုနေ့၏ နောက်ကျောဘက်များမှာတော့ စစ်ပြေ သူတို့ သမ်းထဲက သူဌေးသမီးလေး ရောင်ခြည်နဲ့ တွဲနေသည်တဲ့။

နောက်...

ချစ်သူတွေ ဖြစ်နေသည်တဲ့။

နောက်...

လက်ထပ်တော့မည်တဲ့။

ထိုနောက်ပေါင်းများစွာကို နားထဲမှာ မဆံ့အောင် ကြားခဲ့ရ တော့ အချစ်ဆိုတာ မြူတစ်မှုန် ပြာတစ်လွင့်မျှပင် ဆုပ်ကိုင်၍ ထားသင့်ဟု မာနစိတ်ကို ထွေးပိုက်၍ နာကျင်မှုတွေကို ရေလောင်းပေါင်းသင်ပေးခဲ့တာ ယနေ့ထက်ထိ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၅)

"ဟား…ဟား…ဟား…ဟား"

ဝေါခနဲ ရယ်သံတွေကြောင့် အတိတ်ဆီမှာ ဒုန်းပြေးနေသောစိတ်တို့သည် အသိတရားစက်ဝိုင်းထဲသို့ ပြန်လည်၍ ဦးတည်လာချေ၏။

ဒါ…နှင်းစက်တို့ရယ်သံ။

နယ်ကနေ ရန်ကုန်ကို အလုပ်ကိစ္စနှင့် ရောက်လာကြသော နှင်းစက်သူငယ်ချင်းနှစ်ယောက်ကို ဒီမှာ တည်းခွင့်ပေးပါ မေ ရယ်လို့ နှင်းစက် ပြောလာသဖြင့် သူမ ခွင့်ပြုပေးခဲ့တာပါ။

နာရီကို ကြည့်လိုက်တော့…

ည ၉ နာရီ။



www.burmeseclassic.com

www.burmeseclassic.com



ရေးလက်စ ဝတ္ထုကို ထားခဲ့ပြီး နှင်းစက်တို့အခန်းဘက်သို့ ..းလာခဲ့မိသည်။ သူမ အခန်းတံခါးကို တွန်းဖွင့်လိုက်ချိန်…

"ဟား…ဟား…ဟား…အ…အစ်"

သူမကို မြင်လိုက်သည်နှင့် အားးရပါးရ ရယ်နေရာမှ ..းစပ်ကို လက်နှင့်ပိတ်၍ ရယ်သံကို မျိုချနေရသဖြင့် အ‥အစ် ..ွ ဖြစ်ကုန်ကြသည်။ သူမကို အဲဒီလောက် ကြောက်ကြသူတွေ ..င်။

"နှင်းစက်"

"ရှင်… မမ"

"မအိပ်သေးဘူးလား… ကိုးနာရီထိုးနေပြီ။ မနက်ကျ ..င်းတို့ ကုမ္ပဏီသွားရဦးမှာ မဟုတ်လား။ အလုပ်က ပင်ပန်း၊ ..ိပ်ရေးပျက်ရင် ဖျားနေဦးမယ်"

"သူငယ်ချင်းတွေဆုံတုန်း စကားပြောနေကြတာပါ မမ‥ ..ိပ်ဖို့ စောပါသေးတယ်"

"ဒါဆိုလည်း သဲဘောပဲ"

မမ ကျောခိုင်းသွားမှ နှင်းစက် ဟင်းချနိုင်တော့သည်။ ..မ လာခူတာအထင်နှင့် ကြောက်ပြီး အသက်ရှုပင် မှားမတတ်။ ..န်းကလေးဖြစ်ပြီး အကျယ်ကြီးရယ်တာကို မမ လုံးဝ မကြိုက်။

သူငယ်ချင်းတွေရှေ့မှာမို့ နှင်းစက်ကို မဆူဘဲ မမ အလျှော့ ..းသွားတာ နှင်းစက် သိနေ၏။

"တော်ပါသေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ… နှင်းစက်"

သူငယ်ချင်းတွေက နားမလည်သလို မေးသည်။

"မမက အသံကျယ်ကျယ်ရယ်တာ မကြိုက်ဘူးဟ… နှင်တို့ရှိနေလို့ အားနာပြီး ငါ့ကို ဆူမသွားတာ"

"ဟုတ်လား…မမက အရမ်းစည်းကမ်းကြီးတယ်နော်။ အရင်ကရော ဒီလိုပဲလား"

"ဟုတ်တယ်…နှင်တို့က မမနဲ့ အနီးကပ်မနေဖူးတော့ ဘယ်သိမလဲ။ အလိုလိုက်သင့်တဲ့နေရာမှာ သူများထက်လိုက်တယ်။ စည်းကမ်းကြီးတဲ့နေရာမှာလည်း သူ့လိုလူ နှစ်ယောက်မရှိဘူး"

နှင်းစက်သူငယ်ချင်း သဥ္စာနှင့်ငယ်ငယ် ပခုံးလေးတွေကျုံ့သွားကြ၏။ သူမတို့ အထက်တန်းကျောင်းသူဘဝတုန်းက နှင်းစက်တို့ ဒီလောက်မပြေလည်သေး။ ရှိတာလေး ဝအောင်စားရတာလေးနဲ့ လှအောင်ဝတ်ပြီး ခြိုးခြံချွေတာ ကျောင်းတက်ခဲ့ရသူပင်။ ဒါပေမဲ့ နှင်းစက် မျက်နှာမငယ်ရအောင် အလိုလိုက်တတ်ခဲ့တာလည်း သူမတို့ သိနေသည်။ နှင်းစက်ကလည်း သိတတ်သည်။ ဘာလိုချင်သည်၊ ဘာဝတ်ချင်သည်ဟု မမကို ပူဆာလေ့မရှိ။ မမ ဝယ်ပေးဆင်ပေးသမျှကိုပဲ ရောင့်ရဲတတ်သူ။

နှင်းစက် တက္ကသိုလ်တက်တော့မှ မမနွေဟာ စာရေးဆရာမ နွေတန်ခူးဆိုတာ သူမတို့ သိခဲ့ရသည်။

နှင်းစက်သည်လည်း လိုင်းကားတိုးစီးပြီး ကျောင်းလာခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



သမယ့် အဝတ်အစား၊ အသုံးအဆောင်ပစ္စည်းတွေကတော့ သူမ ကိုနည်းတူ သုံးနိုင်ခဲ့သည်။

နှင်းစက်ကို သင်တန်းပေါင်းစုံ ဆက်ခိုင်းသည်။

ထိုမှ…

မမက သင်တန်းပေါင်းစုံ တက်ခိုင်းထားတဲ့ကျေးဇူးကြောင့် ရယ် နှင်းစက်ကိုယ်တိုင်လည်း ကြိုးစားခဲ့တာကြောင့် မကြာဘဲ အချိန်ကာလလေးတစ်ခုမှာပဲ ထိုက်သင့်တဲ့နေရာလေးတစ်ခု ရခဲ့ တယ်။

"ငါ့အဖြစ်က ပြောရင် ရယ်စရာကြီးဟ"

"ပြောပါဦး…ရယ်ရအောင်"

ငယ်ငယ်က ခေါင်းကလေးငဲ့၍ မေးလေတော့ နှင်းစက် ခေါင်းအုံးတစ်လုံးကို ဆွဲပွေ့လိုက်ရင်း မွေ့ရာပေါ်သို့ လှဲချလိုက် သည်။

"ဒီလိုလေ…အလုပ်ထဲမှာ ငါ့ထက် ရာထူးငယ်တဲ့သူတွေ အပေါ် ငါက ဆရာကြီးပေါ့။ အိမ်ရောက်လာရင်တော့ ကြောင်ရှေ့ ရောက်တဲ့ ကြွက်ကလေးဖြစ်နေရတာ"

"ကောင်မ…လူကြီးကို ကြောင်နဲ့နှိုင်းနေတယ်"

"ဆောရီး…ဆောရီး…ဥပမာပေးတာ လောကြီးသွား လို့"

အားလုံး ရယ်မိကြပြန်သည်။ နောက်မှ နှင်းစက်က အပြုံး တွေကို ရုပ်သိမ်း၍ ခပ်ဆွေးဆွေးလေးဆိုသည်က…



www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ ဒို့ဘဝတွေ ဒီလို တိုးတက်လာလိမ့်မယ်လို့ စိတ်ကူးတောင် မယဉ်ကြည့်ရဲဘူး"

"ခု…မမနွေ့ရဲ့ကြိုးစားမှုကြောင့် အခြေအနေနဲ့ဖြစ်လာပြီ မဟုတ်လား"

သဉ္ဇာက စကားဝင်ထောက်ပေးသည်ကို နှင်းစက်က ခေါင်းညိတ်ပြ၍…

"ဟုတ်တယ်… မမက အရမ်းသနားဖို့ကောင်းတာပဲ။ သူ စာရေးဆရာမ မဖြစ်ခင်ကတည်းက ငါ့ကို ချေးရောင်းပြီး ကျောင်းထားပေးခဲ့တာ"

"ဒါနဲ့ မမနွေ့ ဘယ်ကနေ ဘယ်လို စာရေးဆရာမ ဖြစ်သွားတာလဲ"

"ငါ ဆယ်တန်းရောက်တဲ့အချိန်မှာ မမက စာအုပ် အရောင်းဆိုင်တစ်ဆိုင်မှာ အရောင်းစာရေးမ ဝင်လုပ်ခဲ့တယ်။ အဲဒီ ကနေ ထုတ်ဝေသူတွေနဲ့ ရင်းနှီးရာက သူရေးထားတဲ့ စာမူတွေကို ပေးဖတ်ကြည့်တယ်။ မမအရေးအသားတွေကို သဘောကျတဲ့ စာပေတိုက်ပိုင်ရှင်က စာအုပ်စထုတ်ပေးရာကနေ ပရိသတ် လက်ခံလာတော့ စာရေးဆရာမ ဖြစ်လာတာပေါ့"

နားထောင်နေရသူများမှာ ဝတ္ထုတစ်ပုဒ်လို စိတ်ဝင်စားဖွယ် ကောင်းသော နွေတန်ခူး၏ ဖွဲ့သတ္တိကို လေးစားရတော့၏။

"ငါတော့ မမနွေ့ကို အတုခိုးပြီး အလုပ်ကြိုးစားမယ်"

"ငယ်ငယ်ရယ်…နင်က စီးပွားရေးသမား၊ ဟိုက



www.burmeseclassic.com

www.burmeseclassic.com



အနုပညာရှင်…လမ်းကြောင်းခြင်းမှ မတူတာ"

"ဩော်…သဥ္ဇာရယ် စိတ်ဓာတ်ကြွခိုင်တာကို အတုခိုးဖို့ ပြောတာပါဟဲ့။ လက်လုပ်လက်စားဘဝကနေ ခုလို ကိုယ်ပိုင်အိမ်လေး၊ ခြံလေးနဲ့ ဖြစ်လာအောင်လုပ်နိုင်တာ နည်းတဲ့အရည်အချင်းလား"

သဥ္ဇာက ငယ်ငယ်ကို မျက်စောင်းထိုးပြီး နှင်းစက်ဘက်သို့ ပြန်လှည့်သွားလေသည်။

"ဆက်ပါဦး…နှင်းစက်ရဲ့"

နှင်းစက်က ခေါင်းညိတ်ပြလျက်…

"တိုတိုပြောရရင် မမရေးတဲ့ ဝတ္ထုစာအုပ်ကလေးတစ်အုပ်ကို စာပေတိုက်ပိုင်ရှင် တွေ့သွားပြီး သဘောကျတာကနေစတာပဲ။ ဒါပေမဲ့ မမက ကြိတ်လုပ်တာ ငါတောင် တက္ကသိုလ်ရောက်မှ မမ အောင်မြင်နေမှန်း သိရတာ"

"ဟင်…နင်က မသိဘူး"

"အေးလေ… ငါက ဝါသနာမပါတော့ ဝတ္ထုမှ မဖတ်တာ။ သူငယ်ချင်းတွေက နွေတန်ခူးရဲ့ဝတ္ထုတွေ အရမ်းကောင်းတယ်လို့ ပြောမှပဲ သိရတော့တယ်"

နှင်းစက်က စကားပြောရတာ မောသွားသလို မျက်လုံးလေး မှေးစင်းလာသည်။

"နင်ကလည်း ကိုယ့်အစ်မ စာရေးနေတာလည်း မမြင်ဘူးလား…အံ့ရောပဲ"



www.burmeseclassic.com

www.burmeseclassic.com



ယယ်ယယ်က အပြစ်တင်သလို နှုတ်ခမ်းကို မဲ့၍ဆိုလာတာကြောင့် နှင်းစက် ရင်ခွင်ထဲက ခေါင်းအုံးကို ဆွဲဖယ်၍ ယယ်ယယ် မျက်နှာရှေ့သို့ တိုးကပ်သွားလိုက်သည်။

"နှင်း…မမကို အထင်သေးတာလား၊ ငါ့ကို အထင်မကြီးတာလား"

ယယ်ယယ်က နှင်းစက် နဖူးကို လက်ညှိုးနှင့် တွန်းလိုက်ရင်း…

"နှင့်ကို အထင်မကြီးတာ"

"အဲဒီလောက် မမြှောက်နဲ့လေ"

ယယ်ယယ်နှင့်နှင်းစက် စကားကောင်းနေတုန်း လက်ဖက်သုပ်ပန်းကန်က လက်ဖက်သုပ်တစ်ဝက်က သဋ္ဌာပါးစပ်ထဲကို ရောက်နေပြီ။ နောက်တစ်ခါစားဖို့ လှမ်းနှိုက်တော့မှ ယယ်ယယ်က သတိရပြီး သဋ္ဌာလက်ကို ဖိဆုပ်ကိုင်လိုက်ရင်း…

"တန်ဆေး လွန်ဘေးတဲ့နော်…ငါတို့ မစားရသေးဘူး။ မသထာအောင် မလုပ်နဲ့"

"နှင်ပဲပြောတော့ ဟိုဟာဖြစ်နေတယ်ဆို…ချုပ်နေမယ် မစားနဲ့"

"ဘာမှ လာဝါးမနေနဲ့… ပြီးသွားပြီ။ စားမှာ… ခု ဇွန်းပြန်ချ"

ပါးစပ်အနား ရောက်လုဆဲဆဲ ဇွန်းကို ယယ်ယယ်က ပြန်လှ၍ ချခိုင်းသဖြင့် စုသဋ္ဌာက မကြည်ကြည့်နှင့် ဇွန်းကို ပြန်ချသည်။



www.burmeseclassic.com

www.burmeseclassic.com



"တော်တော်စိတ်ပုပ်တာပဲ"

ငယ်ငယ်က ဘာမှမပြောတော့ဘဲ တစ်ခွန်း ခပ်စားလိုက်ပြီး…

"မမနွေမှာ ချစ်သူတွေ ဘာတွေ မရှိဘူးလား"

တဖိတ်ဖိတ်လက်နေသော နှင်းစက်၏ မျက်ဝန်းအစုံက အရောင်လေးများ ဖျော့ကျကာ…

"အရင်တုန်းကတော့ ရှိခဲ့ဖူးတယ်"

"ဘယ်သူလဲဟင်…ချောလား"

သဥ္ဇာက စိတ်ဝင်စားစွာ အလောတကြီး မေးလေ၏။

"ချောပါတယ်…သဘောမကောင်းတာ"

"ဟယ်…အဲဒီလူက စိတ်ပုပ်တာလား"

"သူက မမ စာရေးတာကို သဘောမကျဘူးလေ။ အဲဒါကြောင့်ပဲ လမ်းခွဲခဲ့ကြတာ"

"မမနွေ သနားပါတယ်"

သူငယ်ချင်းတွေကတောင် ဒီလို စိတ်မကောင်းဖြစ်နေရင် နှင်းစက်ရင်ထဲမှာ ဘယ်လိုရှိနေမလဲ။ စစ်ဆိုရင် ရေတောင်နစ်မသောက်ချင်လောက်အောင် စစ်ပြေငြိမ်းကို မုန်းခဲ့မိတာ။

"သနားပါတယ်ဆိုတဲ့စကားကို မမ ကြားသွားလို့ကတော့ နင်တို့ ငါနဲ့ သေခန်းပြတ်လိမ့်မယ်"

ငယ်ငယ်က ရယ်လျက်…

"ဘာဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"မမက သူများသနားတာကို မခံချင်ဘူးလေ"

"တစ်မျိုးပဲ"

"တစ်မျိုးတွေ…နှစ်မျိုးတွေ လုပ်မနေနဲ့…အိပ်တော့၊ မီတာဈေးတွေ တက်နေတယ်"

ဒီလိုပြောတော့လည်း ခစ်ခနဲ ရယ်ကာ သူငယ်ချင်း နှစ်ယောက်က နာခံလျက်။ မျက်လုံးကို စုံမှိတ်ပစ်လိုက်သည်နှင့် မျက်ဝန်းထဲမှာ ဖေဖေရယ်၊ မေမေရယ်၊ မမရယ်။

ပြီးတော့ ဒေါ်မြင့်မြင့်နှင့် စစ်ပြေငြိမ်း…

ပုံရိပ်တွေက အနေးပြကွက်တစ်ခုလို…

အိမ်တကာမှာ လည်ပြီးအဝတ်လျှော်လို့ ပေါက်ပြဲခဲ့ရတဲ့ မမရဲ့လက်တွေ ခုတော့ဖြင့် ကလောင်တံ ကိုင်ဆွဲလို့ဖြင့်လေ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၆)

"ဒီမှာ…ဒီမှာ"

နောက်မှ ခေါ်သံကြားသော်လည်း ကိုယ့်အသိထဲမှာ ဒီလို အသံမျိုး မကြားဖူး၍ ကိုယ့်ကိုခေါ်တာ မဖြစ်နိုင်ဟု ယူဆ၍ ကိုယ့်လမ်းကိုယ် ဟန်မပျက် ဆက်လျှောက်နေသည်။

"ဒီမှာဗျ…ခေါ်နေတာ မကြားဘူးလား"

အသံနှင့်အတူ သူမရှေ့တွင် ပိတ်ရပ်လာတာကြောင့် မော့ကြည့်လိုက်သည်။ အမယ်လေး… မော့ကြည့်တာတောင် မျက်နှာကို လွယ်လွယ်ကူကူ မမြင်ရသေးဘူး။ လည်ပင်းလောက်ပဲ မြင်ရသေးတယ်။ အရပ်က ဘယ်လောက်တောင် ရှည်နေသလဲ မသိဘူး။ ခေါင်းကို တစ်ဆင့် မော့လိုက်သည်။

"ခင်ဗျား…ဒီလောက်ခေါ်နေတာ မကြားဘူးလား။ နားတော့ မကန်းလောက်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"အမယ်လေး"

သူ လန့်သွားဟန်နှင့် နောက်ဆုတ်သွားသည်။

"ကြားသားပဲ"

"ကြားရဲ့သားနဲ့ဗျာ"

"မင်းကိုမှ ဒို့မသိဘဲ…မကြားဖူးတဲ့အသံဆိုတော့ မျက်နှာကို ကြည့်ရသေးတာပေါ့"

"ချောလား"

အမျိုးသမီးက မာရေကျောရေ ဆက်ဆံတာမို့ စစ်ထင် ခပ်ချဉ်ချဉ်ဖြစ်ကာ ရွဲ့မေးလိုက်ခြင်းပါ။

"အရပ်က သိကြားမင်းဖင်ခေါင်း ဝင်ဆောင့်တော့မယ်"

အမျိုးသမီးက ခပ်မဲ့မဲ့ ပြောလေသည်။

"ဟ…ခင်ဗျား အရပ်ပုပြီး လူစဉ်မမီတာကိုလည်း ထည့်ပြောဦးလေ"

"မင်း…တောက်"

သူမ ဒေါသနှင့် လှည့်ထွက်သွားမည်အပြု…

"ဟာ…ဟေ့…နေဦးလေ"

"အို"

ရုတ်တရက် စစ်ထင် သူမ ထွက်သွားမည်စိုးသဖြင့် လက်မောင်းကို လှမ်းဆွဲလိုက်ရာ အရှိန်လွန်သွားသဖြင့် ယိုင်နဲ့သွားသော သူမကို လှမ်းထိန်းပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဖယ်ပါ"

သူမ ရှန်းမှပင် စစ်ထင် သူမလက်ကို လွှတ်ပေးလိုက်၏။

"ခင်ဗျား လဲ...မှာစိုးလို့ လှမ်းထိန်းတာ။ ကိုင်ချင်လှလို့ ထင်နေ"

"ကိုင်ချင်တိုင်း ကိုင်လို့ရော ရမလား"

စစ်ထင် ဆတ်ဆတ်ထိမခံသော သူမကို ကြည့်၍ ပြုံးမိသွား၏။

"ဒီနေ့ ခင်ဗျား ရန်တွေ့လို့ ပြီးဦးမှာလား"

သူမက စစ်ထင်ကို လှည့်မကြည့်။

"ရော့...ဒီမှာ ခင်ဗျားပစ္စည်းတွေ"

မျက်နှာရှေ့သို့ ရောက်လာသောအရာများကို ကြည့်၍ သူမ စစ်ထင်ကို အားနာသွားပုံရသည်။ ဒါပေမဲ့ ချက်ချင်းပဲ မျက်နှာက ပြန်တည်သွားလေ၏။

"ကျေးဇူးပဲ"

"ပါးစပ်က ကျေးဇူးတင်ရုံပဲလား"

သူမ တွန့်ခနဲ ဖြစ်သွားသည်။ သူမ၏ ယခုလထုတ် ဝတ္ထု အအုပ်ကလေးနှင့် ကားသော့ကို ပျော့ပျော့ပါစားရင်း မေ့ထားခဲ့ရာ က ဒီပြဿနာ စခဲ့တာ။ အိမ်မှာ ခြံစောင့်တစ်ယောက် အလုပ် ထွက်သွားလို့ ခြံစောင့်တစ်ယောက် အသစ်ပြန်ရှာရေး လုံးပန်းနေ တာနဲ့ စိတ်လောပြီး ထွက်လာခဲ့လို့ ဒါတွေ မေ့ကျန်ခဲ့တာ။

"တစ်ခြား မသမာတဲ့စိတ်ရှိတဲ့လူဆိုရင် ခင်ဗျားအားကို



www.burmeseclassic.com

www.burmeseclassic.com



မောင်းပြေးတာ ကြာပြီ''

''အို…ဒါ မင်းမဲ့တိုင်းပြည်မှ မဟုတ်တာ''

''ကဲ…ထားပါတော့။ ခင်ဗျား ကျွန်တော့်ကို ဘယ်လို ကျေးဇူးဆပ်မလဲ''

နွေ သူ့ကို ရှုတည်တည် ကြည့်လိုက်၏။ ကျေးဇူးကန်းတာ မဟုတ်ပေမယ့် တင်တင်စီးစီး ပြောနေသော သူ့လေသံကြောင့် အမြင်ကပ်လှ၏။

''မင်း ဘာဖြစ်ချင်လဲ…ပြော''

စစ်ထင် သူမလက်ထဲမှ ဝတ္ထုစာအုပ်ကလေးကို ဆတ်ခနဲ ဆွဲယူလိုက်သည်။

''ဒီစာအုပ် ဘယ်မှာမှ ငှားလို့မရသေးလို့၊ ခင်ဗျား ခဏ ငှားခဲ့ပါ။ ဖတ်ပြီးရင် ပြန်ပို့မယ်။ ခင်ဗျားလိပ်စာ ပေးခဲ့''

''မလိုဘူး… အဲဒီထဲမှာ နွေတန်ခူးလိပ်စာ ပါတယ်။ နွေတန်ခူးဆီပဲ ပြန်ပို့လိုက်''

ပြောပြီး ချာခနဲ လှည့်ထွက်သွားသော သူမကျောပြင်ကို ကြည့်၍ စစ်ထင် ပြုံးလိုက်မိသည်။

တော်တော်စွာတဲ့ အမျိုးသမီးပဲ။

❋



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၇)

ကားကလေး တုံ့ခနဲ ရပ်သွားသည်နှင့် အားလုံး ကားပေါ်မှ အသီးသီး ဆင်း၍ နေရာယူကြသည်။

"မင်းတို့ဟာက ကလေးကလားနဲ့ လူကြီးလူကောင်း ဆန်လိုက်တာ။ ကြက်ကြီးရာ···မင်းလည်း စီးပွားရေးလုပ်ငန်း ရှင်တစ်ယောက်ပဲဟာ···သိက္ခာရှိရှိ စတိုင်လ်မိမိနဲ့ ပိုးပန်းပါတော့ လား"

အမြဲတမ်း ဆံပင်ကို အမောက်တသသနှင့် ရှနေသည့် ဖိုးဝေကို သူငယ်ချင်းအားလုံးက ကြက်ဖကြီးဟု ပြောင်ခေါ်ရင်း နောက်တော့ ကြက်ကြီး ဖြစ်သွားခဲ့ကြသည်။ စစ်ထင်ကိုကျတော့ အရပ်ရှည်သဖြင့် ဖောင်ထိုးဝါးဟု အမည်ပေးကာ ခုတော့ ဖိုးဝါး ဟု ခေါ်ကြသည်။ ကျန်တဲ့သူတွေမှာလည်း နာမည်တွေတွေနှင့်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း မသိပါဘူး ဖိုးဝါးရာ…အချစ်မှာ အိုမင်းရင့်ရော် တယ်ဆိုတာ မရှိဘူးကွ။ အမြဲတမ်း နုနယ်ပျိုမျစ်နေတာ အချစ်နဲ့ ပတ်သက်လာရင် အားလုံး ကလေးကလေးနဲ့ ကလေးဆန်ကြတာ ချည်းပဲ"

"ကဲ…ဆိုကွာ…ဆို"

စစ်ထင်ကျော် အမြင်ကတ်ကတ်နှင့် ကားတံခါးဖွင့်၍ ဝင်ထိုင်လိုက်သည်။ အရေးကြီးလို့ ခဏလိုက်ခဲ့ပါဆိုလို့ လိုက်လာ တာ။ ခုတော့…

"ကဲ…ကြက်ကြီး ဆိုလေ"

"အဲ…"

ကြက်ကြီး တွန့်ခနဲ ဖြစ်သွားလေ၏။ သူ တစ်ခါမှ သီချင်း မဆိုဖူးတာ အားလုံး အသိ။ နိုင်ဝေးခေါ် ပိုးဟပ်ကို လှမ်းကြည့် လိုက်သည်။ နိုင်ဝေးက ဖြူဖြူပျော့ပျော့လေးမို့ ပိုးဟပ်လို့ ခေါ်ကြ ခြင်းပင်။ ရုပ်ရည်ကတော့ တစ်ယောက်မှ မခေကြ။ အားလုံး အမိုက်စားလေးတွေ။ စုတ်ချွန်းချွန်းဖြစ်နေသော ကြွက်စုတ်အမည် ခံ ဇော်မြင့်သူ တစ်ယောက်သာ။

"ပိုးဟပ်…မင်းဆိုကွာ"

"ဟိတ်ကောင်…ဆောင်းနှင်းစက်ကို မင်းကြိုက်တာနော် ငါကြိုက်တာ မဟုတ်ဘူး။ ငါဆိုရရင် ငါ ကြိုက်လိုက်မှာ"

"ဘာ…မင်း"

ကြွက်စုတ်က ကြက်ကြီးပါးစပ်ကို လှမ်းပိတ်လိုက်ရင်း


www.burmeseclassic.com

www.burmeseclassic.com



အသံတိတ် ဖိုးဝါးကို ဆိုခိုင်းဟု နောက်ပြန်လက်မနှင့် စစ်ထင်ကို ထိုးပြသည်။

"ဟုတ်သားပဲ…ဒီကောင်က အသံကောင်းတာ"

မှန်ပါသည်။ သူတို့အဖွဲ့ထဲမှာ စစ်ထင်က အသံရောအဆို ပါ အလွန်ကောင်းသူ။ တစ်ခါတစ်ခါ ရှိုးပွဲတွေမှာတောင် လိုက်ဆို ရသည်။ ဒါတွေလုပ်ပြီး တောင်မရောက်၊ မြောက်မရောက်ဖြစ်နေ ဦးမည်ဆိုကာ သူ့ဒက်ဒီက ဖိုးဝါးကို နိုင်ငံခြားက သူ့မာမီဆီကို ပို့လိုက်တာ။ ခု မြန်မာပြည်ကို ပြန်ရောက်တာ နှစ်လပင် မပြည့် သေးဘူး။ သူ့ဒက်ဒီက မိန်းမပေးစားမည်ဆိုသောကြောင့် အိမ်ပေါ် က ဆင်းလာခဲ့သူ။

"ဖိုးဝါး"

"ဟဲ…ဟဲ"

ခေါင်းသုံးလုံးဆိုင်၌ ကားတံခါးနားကို တိုးလာကတည်း က ဘာဆိုတာ စစ်ထင်ကျော်က သိပြီးသား။ ထို့ကြောင့် တစ်ဖက် သို့ လှည့်နေလိုက်၏။

"ကူညီပါကွာ…နော်"

"ကျားသနားမှ နွားချမ်းသာရမယ့်ဘဝပါ"

"လာပါကွာ"

သူ့ကို ကားထဲမှ ဝိုင်း၍ ဆွဲထုတ်ကြသည်။ သူလည်း မနေသာတော့ တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီခဲ့ကြသူတွေမို့ ဝစ်တာကို ဆွဲယူလိုက်ရင်း ကားခေါင်းပေါ်မှာ စမတ်ကျကျ ထိုင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ကဲ…ပြော…ဘာသီချင်းဆိုရမလဲ"

"နောနော်ရဲ့ အတိုင်းထက်အလွန် ဆိုကွာ"

စစ်ထင် လက်တွေက ဂစ်တာကြိုးပေါ်မှာ လှလှပ

ဆော့ကစားနေလေသည်။ သီချင်းစာသားလေးကို စလိုက်သည်

နှင့်…

နားထဲသို့ ငြိမ့်ညောင်းစွာ တိုးဝင်လာသော ဂစ်တာသံ

ကြောင့် နွေ ရေးနေရင်းမှ နှင်းစက်မျက်နှာကို ကြည့်လိုက်သည်၊

နှင်းစက်ကလည်း သူမကို ပြန်ကြည့်နေ၏။

"နှင်းစက်"

"ဟမ်…"

နှင်းစက်က ပါးစပ်ထဲသို့ လက်ညှိုးထည့်ထားသဖြင့်

ထွက်သံက မပီပြင်။

"နင့်ကို ငါ ဘာပြောထားလဲ"

"ဘာကိုလဲ မမရဲ့"

"အိမ်ရှေ့မှာ နင့်ကိစ္စတွေ မဟုတ်လား…ခု သွားရှင်း"

"အာ…မမကလည်း နှင်းစက်ကိစ္စလို့ ဘာလို့ တပ်အပ်

ပြောတာလဲ…မဟုတ်သေးပါဘူး"

နွေ စာအုပ်ကို ဘုတ်ခနဲ ဆောင့်ချရင်း…

"နင် ဘာမှဆင်ခြေပေးမနေနဲ့၊ ဒါ… နင့်ကို ပိုးနေတဲ့

ကောင်တွေပဲဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မမကလည်း ဒီအိမ်မှာ နှင်းစက်တစ်ယောက်တည်း အပျိုရှိတာမှ မဟုတ်တာ။ ဖြူစွပ်လည်း အပျိုပဲ၊ မမလည်း အပျိုပဲ ဟာ"

နွေ့ တွန့်ခနဲ ဖြစ်သွားသည်။

ဟုတ်သားပဲ။

အိမ်ဖော်မလေး ဖြူစွပ်ကလည်း ဝနေတာလေးကလွဲရင် အကယ့်ဖြူဖြူစွပ်စွပ် ချစ်စရာလေး။

ပြီးတော့···သူမ။

အိမ်ထောင်သည်လည်းမဟုတ်၊ အသွားကြီးလည်းမဟုတ်။

"မမက ကိုယ့်ကိုယ်ကိုယ် အသွားကြီးလို့ ထင်နေသလား၊ မမက ယောကျ်ားတွေကို စိတ်မဝင်စားပေမယ့် မမကို စိတ်ဝင်စားတဲ့လူ ရှိချင်ရှိမှာပေါ့"

"တော်တော့ နှင်းစက်··· နှင် ဘာမှပြောမနေနဲ့တော့၊ ငါနဲ့လိုက်ခဲ့"

စိတ်မြန်လက်မြန် ထသွားသော မမနောက်သို့ နှင်းစက် အသာလေး လိုက်လာခဲ့ရ၏။ ပြဿနာကတော့ စပြီ။

"ဟာ···ဟော့ကောင်"

သီချင်းသံဆုံးသည်နှင့် ကြွက်စုတ်က လက်ကုပ်သဖြင့် ကြွက်ကြီး ခေါင်းထောင်လာသည်။

"ဘာလဲကွ"

"ဟိုမှာ အသွားကြီး ထွက်လာပြီကွ···နောက်က မင်း


www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေး”

“ဟာ…အဘွားကြီးပါလာရင် ပြေးမှပဲ”

ကျန်သုံးယောက် ပျာယာခတ်သွားပေမယ့် စစ်ထင်ကျော် တုတ်တုတ်မျှပင် မလှုပ်။

“ဖိုးဝါး…လစ်စို့”

“မင်းတို့ ယောကျ်ားမဟုတ်ဘူးလား။ အဘွားကြီးပါလာ လည်း ရင်ဆိုင်လိုက်၊ တစ်ယောက်မှ ထွက်ပြေးဖို့ မကြိုးစားနဲ့။ ငါ ရှိတယ်”

“ဖြစ်ပါ့မလားကွာ”

အားလုံး မျက်နှာများက ကိုယ်စီကိုယ်ငှ ရှုံ့မဲ့နေကြသည်။ စစ်ထင်ကျော်ကတော့ ကားပေါ်ကို လက်ထောက်၍ အားလုံးကို ကျောခိုင်းထားသည်။ သိပ်ကြာကြာ မစောင့်လိုက်ရ။

“ဒီမှာ”

“ခင်ဗျာ”

ခါးထောက်၍ ရပ်လာသော သူမကို ပိုးဟပ်၊ ကြက်ကြီး နှင့် ကြွက်စုတ်တို့ သုံးယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး သံရှည်ဆွဲ၍ ပြိုင်တူထူးလိုက်ကြသည်။

“မင်းတို့ တော်တော်ပါးစပ်အားနေသလား”

ကြက်ကြီးက တံတွေးတစ်ချက် မျိုချရင်း နေ့က်မှ နှင်းစက်ကိုလည်း ကြည့်ဖြစ်အောင်ကြည့်၊ ပါးစပ်ကလည်း ထွက် ချင်ရာထွက်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်...ဟုတ်ကဲ့"

"မင်းတို့ပါးစပ် အားနေပေမယ့် ဒို့တွေက နားမအားဘူး။ ချင်ရင် တခြားမှာ သွားဆို"

ဒီအသံ...

ကြားဖူးသလိုရှိသည်မို့ စစ်ထင် ခေါင်းကို စောင်းငဲ့ကြည့် ိုက်သည်။ လရောင်အောက်က မပီပြင်သော မျက်နှာကိုပင် စစ်ထင် မှတ်မိနေသည်။ အဘွားကြီးဆိုလို့ တကယ်မှတ်လို့။

"ခင်ဗျားက နားမအားဘူးဆိုတော့ ဘာလဲ ခင်ဗျားနားက ကုမ္ပဏီမှာ အိုဗာဒိုင်ဆင်းနေရလို့လား"

"ဘာ"

"ဖြည်းဖြည်းပြော... ကျွန်တော်တို့က နားအားနေတာ ဆိုတော့ သွဲ့ခနဲဆို ကြားပြီးသား"

နွေ စစ်ထင်မျက်နှာကို မြင်သွားခိုက် မျက်ခုံးနှစ်ဖက် ုံ၍ ခြေဆုံးခေါင်းဆုံး နှစ်ခေါက်ပြန်ကြည့်ပြီး မှတ်မိသွားဟန် ရှိသည်။

"သြော်...လက်စသတ်တော့ မင်းကို"

"ခင်ဗျား...နားကသာ မအားတာ၊ မျက်စိကတော့ အပါး သားပဲ"

"တောက်...ဒင်းနဲ့မှ လာဆုံနေတယ်"

"ဟိုဘဝက ရေစက်ရှိလို့ ဖြစ်မှာပေါ့...ဒါမှမဟုတ် ဆုံးစာ ရှာလည်တို့...ခုဟာက နဖူးစာ လမ်းလည်လာတာလည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်တာပဲ"

"မင်း…မင်း"

"မမ"

နွေ ဒေါသတကြီးနှင့် ဆွေ့ဆွေ့ခုန်ဖြစ်သွားပုံကို ကြည့်၍ စစ်ထင် ဟက်ခနဲ ရယ်လေသည်။

"ဒေါသကြီးရင် အသက်တိုတတ်တယ်တဲ့။ တော်ကြာ… ငှက်ပျောတုံးလား၊ လက်ပံတုံးလား ဖက်နေရပါဦးမယ်ဗျာ။ ဒေါသကို နည်းနည်းလျှော့၊ စိတ်ကို တည်ငြိမ်အောင်ထားပြီး ကျွန်တော့်မျက်နှာကို အရင်ကြည့်လိုက် ချစ်စရာလေးဗျ"

နွေ မချိုမချဉ် မျက်နှာထားနှင့် ပမာမခန့် ပြောနေသော ကောင်လေးကို မုဒိတာပွားမနေနိုင်တော့။

"မင်းတို့…ငါ့ခြံရှေ့က ခုထွက်သွား…သွားကြ"

"ဖိုးဝါး…တို့…သွားကြရအောင်ကွာ"

"ဘာလဲ…မင်းတို့က ကြောက်နေတာလား။ ဒါ… ပြည်သူပိုင်လမ်းမကွ…သူ နှင်ချင်တိုင်း နှင်လို့မရဘူး။ တစ်ညလုံး ဆိုမယ်ကွာ…မကြားချင်ရင် နားပိတ်ထား…ရှင်းလား"

"တောက်"

နွေ သည်းမခံနိုင်တော့။ ကိုယ့်အိမ်ရှေ့လာပြီး စော်ကားနေတာ။ ခေါင်းငုံ့ခံနေလို့ကတော့ ဒီထက်ပိုပြီး ဆိုးဝါးလာလိမ့်မည်။ နွေ့တန်ခူးရဲ့ဘဝမှာ သူများကို အရှုံးပေးရခြင်းဆိုတာ မရှိ။

"ဒီလောက်တောင် ဆိုချင်တာ…ကဲဟာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြန်း"

"ဟာ"

"အို"

"ဟ"

ဘယ်သူမှ ထင်မထားသောဖြစ်ရပ်ကြောင့် အားလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားကြသည်။

"ပြန်...ပြန်ကြပါတော့နော်...နှင်းစက် တောင်းပန်ပါတယ်"

"ဖိုးဝါး...ပြန်ရအောင်ကွာ"

ကိုယ့်လူကိုယ်ဆွဲရင်း မကျေမနပ်နှင့် မုန်တိုင်းက စဲသွားလေသည်။

စစ်ထင် မကျေနပ်ပါ။

ဒါ သူ့ဘဝမှာ ပထမဆုံး ရှုံးနိမ့်ခြင်းပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၈)

ဒီလိုညတိုင်း ××× ငါနဲ့မင်း ××× ဆုံနိုင်ခွင့်ရှိရင် ××× အတိုင်းထက်အလွန်ပဲ×××

"တော်စမ်းပါကွာ ဒီသီချင်း… ပါးတစ်ဖက်က စပ်ဖျဉ်းဖျဉ်း ဖြစ်နေတုန်းပဲနော်"

ပိုးဟပ်က သီချင်းတစ်ပိုင်းတစ်စကို ဖြတ်ဆိုသဖြင့် စစ်ထင် ပါးကို လက်နှင့်ပွတ်၍ ဟောက်လိုက်သည်။

"ပါးပါးလေးလို့ သဘောထားလိုက်… အဲဒါ…ဓာတ်လမ်းစတာ"

"ဘာဓာတ်လမ်းလဲ"

"မရဲ့မောင်လေး ဓာတ်လမ်းလေ"

"တော်စမ်းပါကွာ…အရပ်နဲ့လိုက်ပြီး နေရာသာကာ စိတ်တိုနေတာ… ပြီးတော့ အသားက မည်းသေး။ သူ့ကို ဘယ်လိုကောင်မျိုးက စိတ်ဝင်စားမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကြွက်ကြီးက မဲ့ပြုံးပြုံးကာ...

"စောင့်ကြည့်ရသေးတာပေါ့"

"ဖိုးဝါး... မင်း သူ့ကို မကောင်းမြင်ဝါဒနဲ့ ကြည့်နေလို့ ဒီစကားမျိုးပြောတာ။ တကယ်တော့ မမက ညှိုညှိုစိုစိုလေးပါကွ။ အသားညိုဖြိုန့် တစိမ့်စိမ့်ဆိုတာ မကို ပြောတာပဲ ဖြစ်ရမယ်။ တစိမ့်စိမ့် ထိုင်ကြည့်နေမှ လှတာကွ"

"အောင်မာ...မမလေး ဘာလေးနဲ့ ရုပ်ကိုက"

စပ်ဖြဲဖြဲရုပ်ပေါက်နေသော်လည်း ပိုးဟပ်ပုံက တကယ်စိတ်ဝင်စားပုံရသည်။ စစ်ထင်သည်လည်း ပိုးဟပ်စကားကြောင့် တွေ့တဲ့နေ့က မမပုံစံလေးကို မြင်ယောင်မိသည်။

မမ...

ငါရော ဘာဖြစ်လို့ ဒီလိုခေါ်မိတာလဲ။ သူမ ကိုယ့်ထက်ကြီးနေမလား။ ကားသော့တွဲလေးနဲ့ ဝတ္ထုစာအုပ်ကလေး သိုက်ပေးတဲ့နေ့က ယောဝမ်းဆက် အစိမ်းနုရောင်လေးနဲ့၊ ဆံနွယ်ညှပ်ကို ဖြန့်ချလျှက် ယဉ်စစနှင့် သူမကို ထူးဆန်းသလို ငေးခဲ့ဖူးပါသည်။ သူနေခဲ့သော နိုင်ငံခြားယဉ်ကျေးမှုနှင့် ဆန့်ကျင်နေသော သူမ၏ ဝတ်စားဆင်ယင်မှုကို လှသည်ဟု မဆိုနိုင်သော်လည်း မြင်သူတို့၏ရင်ကို အေးမြစေသည်။ ဆိုးနေတာက မာနကြီးခြင်းပင်။

"ဟာ...ကြွက်ကြီး ဟိုမှာ နှင်းစက်"

ကြွက်စုတ်က လက်ညှိုးထိုးပြသဖြင့် စစ်ထင်အကြည့်က



www.burmeseclassic.com

www.burmeseclassic.com



နှင်းစက်ဆီသို့။

"နေရာရှာနေတာထင်တယ်… ဝိုင်းလွတ်ကလည်း မရှိတော့ဘူး"

ကြက်ကြီးက စိတ်မချမ်းမသာပုံစံဖြင့် ဆိုသည်။ ပိုးဟာပ်က

"မင်း သတ္တိရှိလား"

"ဘာလို့လဲ"

"ဒီဝိုင်းကို ခေါ်လိုက်ပါလား"

ကြက်ကြီးမျက်နှာ ရှုံ့မဲ့သွားလေသည်။ ဒီကောင် ဘယ်တုန်းကမှ သတ္တိမရှိလို့ ခုထိ ရည်းစားတစ်ယောက်မှ မရှိတာ အားလုံး သိနေကြသည်။ စစ်ထင် နေရာမှ ထလာခဲ့၏။ ဆောင်းနှင်းစက်ရှိရာသို့ လျှောက်လာပြီး…

"မဆောင်းနှင်းစက်"

"ရှင်"

နှင်းစက်က သူ့ကို လှည့်ကြည့်စဉ်…

"ခုံလွတ်ရှာနေတာထင်တယ်…အားလုံး ပြည့်နေတယ်ဗျ။ ဆန္ဒရှိရင် ကျွန်တော်တို့ဝိုင်းကို လိုက်ထိုင်ဖို့ ဖိတ်ခေါ်ပါတယ်"

နှင်းစက် သူမဘေးက တစ်ယောက်ကို လှည့်ကြည့်တော့ ခေါင်းပြန်ညိတ်ပြသဖြင့်…

"ကျေးဇူးပဲနော်"

"ရပါတယ်"

နှင်းစက်နှင့်သဉ္ဇာ စစ်ထင်တို့ဝိုင်းတွင် ထိုင်ဖြစ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



နှင်းစက် ထိုင်သည်နှင့် ကြက်ကြီး ပျာယာခတ်သွားသည်။

"ဟို…မဆောင်းနှင်းစက်"

"နှင်းစက်လို့ပဲ ခေါ်ပါ"

နှင်းစက်အပြုံးက ကဗျာဆန်လွန်းလှ၏။

"နှင်းစက် ဘာစားမလဲ"

"ကော်ဖီမစ်ရှိတ်နဲ့ ချောကလက်သီးစုံကိတ်"

ကြက်ကြီးက သွက်လက်စွာပင် ဝိတ်တာကို လှမ်းမှာလိုက်သည်။

"ဟိုလေ… ဟိုနေ့က ကိစ္စအတွက် နှင်းစက်ကို တောင်းပန်ချင်ပါတယ်"

မျက်နှာပိုးမသေသော ကြက်ကြီးကို စစ်ထင် မျက်စောင်းထိုးလိုက်သည်။

"ရပါတယ်"

"တကယ်ဆို နှင်းစက်က တောင်းပန်ရမှာပါ။ အဲဒီနေ့က မမ မှားတယ်ဆိုတာ နှင်းစက် သိပါတယ်"

မှာထားသော စားစရာ၊ သောက်စရာများ ရောက်လာသည်။

"နှင်းစက် အားမနာနဲ့နော်…လိုတာမှာ"

"ရှင်က ဒီဆိုင်ပိုင်ရှင်လား"

"ဟာ…မဟုတ်ပါဘူး။ ကျွန်တော် ဒီပိုင်းကို ဒကာခံထားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်…အားနာစရာကြီး"

"အားမနာပါနဲ့…မိတ်ဖြစ်ဆွေဖြစ်ပေါ့…ဟဲ…ဟဲ"

"ဘာအားနားစရာရှိလဲ နှင်းစက်ရယ်…သူ့ကျေးလို့ ကိုယ်စားတာပဲဟာ"

"သဉ္ဇာ"

အားမနာတတ်သော သဉ္ဇာကို နှင်းစက် တ်တောင်နှင့် တွတ်ရင်း တစ်ဖက်ကလည်း ဟန်မပျက်အောင် ပြုံးပြသည်။ စစ်ထင် မမအကြောင်းကို သိချင်နေသည်။ မမနာမည် ဘယ်သူလဲဆိုတာ အဓိကပေါ့။ ထို့ကြောင့်…

"ဒါနဲ့ နှင်းစက်မမက တော်တော်ရွာတာပဲနော်။ နှင်းစက်နဲ့ တစ်ခြားစီပဲ"

"ရွာတာမဟုတ်ပါဘူး…မာနကြီးတာ"

"ဟုတ်လား…သူက ဘာလို့ ဒီလောက်မာနကြီးနေတာလဲ"

"ဒီမေးခွန်းကို ရှင် ကျွန်မကို မမေးနဲ့။ မမကို သွားမေးကြည့်ပါလား"

"မလုပ်ပါနဲ့ဗျာ…ခင်ဗျားမမကိုတော့ တကယ် လက်လန်တယ်"

ပြောရင်း စစ်ထင် ပခုံးတွန့်ပြသဖြင့် နှင်းစက် ရယ်ရသည်။

"ဟို…ကိုဘယ်သူ"



www.burmeseclassic.com

www.burmeseclassic.com



"စစ်ထင်ကျော်ပါ"

"ကျွန်တော်က ရဲဖြိုးဝေပါ"

"ရှင့်ကို ဘယ်သူမေးလို့လဲ"

"အဟဲ···ကျွန်တော်က ပြောချင်လောကြီးသွားတာပါ"

"တောက်တဲ့"

ကိုယ့်ကိုယ်ကိုယ်ဖော် သူတော်ငါးပါးထဲက တောက်တဲ့ဆု ခေါ်လိုက်သံကြောင့် ကြက်ကြီး သူငယ်ချင်းတွေကို အသံတိတ် ဆဲရေးလိုက်သည်။

"ဟေ့ကောင်တွေ··· ဒီမှာ စကားကောင်းပြောမလို့"

"ဟုတ်ကဲ့"

အားလုံး ငြိမ်သွားခိုက်···

"ကိုစစ်ထင်က မမနဲ့ ရန်ဖြစ်ထားတော့ အကောင်းမမြင်ဘူးထင်တယ်"

"ဟာ···မဟုတ်ပါဘူး"

"တကယ်တော့ မမက အရမ်းသနားဖို့ကောင်းတာ ကိုစစ်ထင်ရဲ့"

"ဆက်ပါဦး"

"ဒီလိုပါ ကိုစစ်ထင်၊ မမက ဆယ်ခုနစ်နှစ်၊ နှင်းစက်က ဆယ့်လေးနှစ် အဲဒီအရွယ်ကနေ စပြောရမှာပဲ"

စကားကို အစချီ၍ မေမေ ဆုံးသွားသည့်နေ့မှစ၍ ယခု သက်ရှိဘဝအထိ ကြားကာလက အဖြစ်အပျက်များကို နှင်းစက်



www.burmeseclassic.com

www.burmeseclassic.com



အတိုချုံး၍ ရှင်းပြလိုက်သည်။

"ဟင်…ဒါဆို နှင်းစက် မမက စာရေးဆရာ မနွေတန်ခူး ပေါ့"

"ဟုတ်တယ်လေ"

စစ်ထင် ဝမ်းသာသွားလေ၏။ သူက နွေတန်ခူးဆိုတဲ့ မမရဲ့ အမာခံ ပရိသတ်တစ်ယောက်ပါ။ နိုင်ငံခြားမှာကတည်းက နွေတန်ခူးရဲ့ဝတ္ထုတွေကို မြန်မာပြည်က သူငယ်ချင်းတွေကို လှမ်း အကူအညီတောင်းပြီး အရယူပြီး ဖတ်တဲ့သူပါ။

"ဖိုးဝါး…မင်းရဲ့အသဲစွဲတဲ့"

"ရှင်"

"ဩော်… ဒီလိုပါ၊ နွေတန်ခူးရဲ့ ဝတ္ထုတွေကို ကျွန်တော် စွဲစွဲမြဲမြဲ ဖတ်တာကို ပြောတာ"

"ဩော်"

သဉ္ဇာက လက်မှနာရီကို ငုံ့ကြည့်ရင်း…

"နှင်းစက်…ဒို့ သွားကြရအောင်"

နှင်းစက် ခေါင်းညိတ်ပြရင်း သူမ အိတ်ကလေး ကောက် လွယ်ကာ…

"အားလုံးပဲ ကျွန်မတို့ကို ခွင့်ပြုပါဦးနော်"

"ကောင်းပါပြီဗျာ"

နှင်းစက် လှည့်ထွက်သွားခိုက်…

"နှင်းစက်"



www.burmeseclassic.com

www.burmeseclassic.com



နှင်းစက် သမင်လည်ပြန်ကြည့်လိုက်တော့ သူမကို ခေါ်လိုက်တာက ရဲဖြိုးဝေဆိုတဲ့သူ။

"နောက်…ပြန်းမှာတွေ့ရင် ခေါ်မယ်နော်"

ခေါင်းမညိတ်၊ ခေါင်းမခါနှင့် နှင်းစက် လှည့်ထွက်ခဲ့၏။ ခေါ်ထင်ကျော်၏ အာရုံထဲမှာတော့…

"အဲဒီအထဲမှာ နွေတန်ခူးရဲ့လိပ်စာပါတယ်။ နွေတန်ခူးဆီပဲ ပြန်ပို့လိုက်"

ဆိုတဲ့ စကားသံလေးနှင့် ဝတ္ထုစာအုပ်ကလေးကို မြင်ယောင်ရင်း ရင်ခုန်လှိုက်မောစွာ ပြုံးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

"နွေတန်ခူးကို အရမ်းချစ်တယ်"

"တောက်"

နွေ တောက်တစ်ချက် ခေါက်ပြီး စာရွက်ကလေးကို ဆွဲဖြဲလိုက်သည်။

ဒါ သက်သက်စော်ကားတာပဲ။

စာပေတိုက်က နွေတန်ခူးနာမည်နဲ့ ပါဆယ်တစ်ထုပ်ရောက်နေတယ် ဖုန်းဆက်တာကြောင့် သွားယူလာခဲ့တာ။ အိမ်ရောက်လို့ ဖွင့်ကြည့်တော့…

ဟိုတစ်လောက ကားသော့ပြန်ပေးပြီး စာအုပ်ကို ယူသွားတာ ဟိုကောင်လေး…တော်သေးတာပေါ့။ စာအုပ်ထဲမှာ ဝေဖန်အကြံပြုစာများ ပေးပို့လိုလျှင် (----) စာပေတိုက်သို့



www.burmeseclassic.com

www.burmeseclassic.com



ဆက်သွယ်ပါလို့ ထည့်ထားလို့။ မဟုတ်ရင် နွေ့အိမ်လိပ်စာအမှန်
ကို ဒီကောင်လေး သိသွားလို့ကတော့ သူမဟာ နွေတန်ရူးဆိုတာ
နဲ့ အိမ်လာပြီး စော်ကားမလား မသိဘူး။

ခု…ကြည့်စမ်း။

စာအုပ်ထဲမှာ ဘာလိုလို ညာလိုလို စာကို ထည့်ပေးလိုက်
သေး။

ဒီလို ညတိုင်း××× ငါနဲ့မင်း××× ဆုံနိုင်ခွင့်ရှိရင် အတိုင်း
သက်အလွန်ပဲ×××

ဟော…

ဒီကောင်လေး ရောက်နေပြန်ပြီထင်တယ်။

တွေ့ကြရောပေါ့။

နွေ့ အိမ်ခန်းတံခါးကို ဖွင့်လိုက်စဉ်…

"မမ"

ပြုံးတုံ့တုံ့နှင့် အခန်းဝတွင် ပေါ်လာသော နှင်းစက်။
နှင်းစက်ကို ကျော်၍ ထွက်လာခဲ့သည်။ နှင်းစက် မမကိုကြည့်ပြီး
ကြိတ်ရယ်မိ၏။ နွေ့ ခြံတံခါးကို ဖွင့်ပြီး ကောင်လေးတွေရှိရာသို့
ဒန်းတန်းမတ်မတ် လျှောက်သွားလိုက်သည်။

"ဟော့…ချာတိတ်"

သူမ ခေါ်လိုက်တော့ သုံးယောက်က လှုပ်လှုပ်ရှားရှား
ဖြစ်သွားပေမယ့် ဟိုကိုယ်တော်ချောလေးက တုတ်တုတ်မျှမလှုပ်။

"ခေါ်နေတာ မကြားဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးက သူ့ကိုယ်သူ လက်ညှိုးထိုးပြရင်း…
"ကျွန်တော့်ကို ခေါ်တာလား"
"ဟုတ်တယ်"
စစ်ထင် ကားအမိုးပေါ်မှ ခုန်ဆင်းလိုက်ပြီး နွေ့အနား လျှောက်လာကာ မျက်နှာချင်းဆိုင်ရပ်လိုက်၏။
"ဒီမှာ ချာတိတ်"
"မမနဲ့ ကျွန်တော် အရပ်ချင်းတိုင်းကြည့်မလား"
"ဘာကွ"
စစ်ထင် ဟက်ကနဲ ရယ်လေ၏။ ပြီးတော့ နွေ့ပခုံး သူ့ပခုံးကို ထိကပ်လျက် မေးကို လက်မနှင့်ပွတ်ကာ…
"တိုင်းကြည့်ရတာ အားနာစရာကြီး"
"မင်း ဘာစကားပြောတာလဲ"
"မဟုတ်ဘူးလေ…ဒီမှာ ပခုံးချင်း"
"တော်တော့…မင်း ဘာမှဆက်မပြောနဲ့"
နွေ ဒေါသကြောင့် ရှူးရှူးရှဲရှဲ ဖြစ်သွားပုံကိုကြည့် စစ်ထင် မျက်ခုံးနှစ်ဖက် မြင့်တက်သွားသည်။
"မင်း ဘာအချိုးချိုးတာလဲ"
"ဟင်…ဘာကိုပြောတာလဲ"
"မင်း…စာအုပ်တိုက်ကို ပို့လိုက်တဲ့စာအုပ်ထဲမှာ"
နွေ စကားကို ရှေ့ဆက်ရခက်စွာ ဖြတ်ထားလိုက်၏။
"သြော်…ဒါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"ဒါတွေ မမ သိနေတယ်လား။ ဒါနဲ့ နေစမ်းပါဦး။ ကျွန်တော်က စာရေးဆရာမ နွေတန်ခူးရဲ့ အမာခံပရိသတ်လေ။ သူ့အရေးအသားတွေကို ကြိုက်တယ်။ သူ့ကို ချစ်မိသွားတယ်။ ချစ်မိလို့ ချစ်ပါတယ်လို့ ဝန်ခံစာရေးလိုက်တာ မမနဲ့ ဘာဆိုင်လို့လဲ"

"ဒါ...မင်း သိစရာမလိုဘူး"

စစ်ထင် မချင့်မရဲ ဖြစ်သွားသည်။ ဒီလောက် မာနကြီးရသလားဆိုပြီး ဖက်နမ်းပစ်လိုက်ရ မကောင်းရှိရော့မယ်။

"လိုတာပေါ့... ကျွန်တော်က နွေတန်ခူးကို ချစ်တယ်လို့ပြောတာ မမကို ချစ်တယ်လို့ပြောတာမှ မဟုတ်တာ။ ဘာလဲ မမက ကျွန်တော့်ကို ကြိုက်နေလို့ နွေတန်ခူးကို မနာလိုတာလား"

"မင်း ဘာစကားပြောတာလဲ"

စစ်ထင် သူငယ်ချင်းတွေကို ရှောင်ထွက်ပေးရန် နောက်ပြန်လက်ပြ၍ အချက်ပေးလိုက်သည်။ သူငယ်ချင်းတွေကလည်း အလိုက်သိစွာ ဂီတာကို ထမ်း၍ ပြေးထွက်သွားကြလေသည်။ ပြီးတော့ နွေဒေါ်သကို ထပ်ဆွပေးလိုက်၏။

"မမ ကျွန်တော့်ကို ချစ်နေရင်လည်း ပွင့်ပွင့်လင်းလင်းပြောပါ။ ကျွန်တော် စိတ်မဆိုးပါဘူး"

"မိုက်ရိုင်းလှချည်လား...မင်းစကားတွေ လွန်လာပြီနော်"

"မမ တော်တော်စွာတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း…ငါ့ကို မမလို့ မခေါ်နဲ့"

"မကြိုက်ဘူးလား"

"မကြိုက်ဘူး"

"ကောင်းပြီလေ"

စစ်ထင် ကောင်းကင်ကို မော့ကြည့်ရင်း ရယ်ကာ…

"ဒီလိုညတိုင်း ဟောဒီက အပုလေးနဲ့ ကျွန်တော် ဆုံချင်တယ်"

စစ်ထင်အခေါ်ကြောင့် နွေ့ကိုယ်လုံးလေး ဆတ်ခနဲ တုန်သွားသည်။ ဒေါသတွေက အထွတ်အထိပ်သို့ရောက်ကာ…

"မင်း…မင်း…ဘယ်လို"

"အပုလေးလို့ ခေါ်လိုက်တာလေ… မမလို့ခေါ်တာ မကြိုက်ဘူးဆိုလို့…ပြီးတော့"

"တော်တော့"

ရှေ့ဆက်လာမည့်စကားကို နွေ မကြားချင်တော့။ ရှက်လည်းရှက်၊ ဒေါသလည်းဖြစ်ကာ လက်တစ်ဖက်က မြှောက်တက်သွားသည်။ သို့သော် လမ်းတစ်ဝက်မှာတင် သူမလက်ကို ဖမ်းချုပ်ခြင်း ခံလိုက်ရပြီး…

"ဒီတစ်ခါတော့ မရတော့ဘူး မမ…ကျွန်တော် ပါးသွားပြီ၊ မိန်းကလေးတွေက ပါးရိုက်ဖို့ ကြိုးစားရင် ယောကျ်ားလေးတွေက ဘာပြန်လုပ်တတ်သလဲ မမ သိလား"

"မသိဘူး…မင်း…ငါ့လက်ကိုလွှတ်"



www.burmeseclassic.com

www.burmeseclassic.com



စစ်ထင် ခေါင်းခါပြလျက်···

"မသိရင် သိအောင်ပြောပြမယ်···လာ"

နွေ့ကိုယ်လုံးလေးကို ဆွဲခနဲ ပွေ့ချီကာ ကားထဲသို့ သွင်းလိုက်သည်။

"လွှတ်နော်···နင် မယုတ်မာနဲ့"

နွေ့ ဘယ်လောက်ရုန်းရုန်း စစ်ထင်က လွှတ်မပေးဘဲ ပို၍ တင်းကျပ်စွာ ဖက်ထားသည်။ ပြီး··· မျက်နှာအနှံ့ အနမ်းပွင့်တွေ ခြွေပြီးမှ လွှတ်ပေးလိုက်၏။

"လူရမ်းကား···နင့်ကို ငါ အရမ်းမုန်းတာပဲ သိလား"

ပြောပြီး နွေ့ ပြေးထွက်သွားလေသည်။

ခွင့်လွှတ်ပါ မမ···

မာနဆိုတာ နေရာတကာ အကျွမ်းမဝင်ကြောင်း မမ သိစေချင်တာပါ။

အခြားယုတ်မာတဲ့စိတ် ကျွန်တော့်မှာ မရှိပါဘူး။ မမ မာနကို ချိုးပြရုံသက်သက်ပါ။ မမကို မုန်းလို့ မဟုတ်ဘူး။ ချစ်သလား ဆိုတော့လည်း အဖြေရှာမရဘူး။ ကျွန်တော် မိန်းမတွေကို မချစ် တတ်သေးတာတော့ အမှန်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၀)

ခုတစ်လော စစ်ထင် စိတ်တွေ အရမ်းရှုပ်ထွေးနေသည်။ ဘာကို အလိုမကျမှန်းလည်း မသိ။

ခုရက်ထဲမှာ အပြင်လည်း မထွက်ချင်။ ဒက်ဒီကလည်း အိမ်ပြန်လာခဲ့ဖို့ ဖုန်းဆက်ခေါ်နေပြီ။ စစ်ထင် အိမ်ကို မပြန်ချင်သေးပါ။ အိမ်ပြန်တာနဲ့ မိန်းမ တန်းပေးစားတော့မှာ။ မယူချင်ပါဘူး။ ကိုယ်မမြင်ဖူးတဲ့ မိန်းမတစ်ယောက်ကို သူ ဘယ်လို လက်ထပ်ပြီး ပေါင်းသင်းရမလဲ။

"ဖိုးဝါး"

ကြက်ကြီးက သူ့ပခုံးကို ဖက်၍ သူ့ဘေးမှာ ဝင်ထိုင်သည်။

"ဘယ်လိုဖြစ်နေတာလဲ"

"စိတ်ညစ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"အထူးအဆန်းပါလား…မင်းက ဘာစိတ်ညစ်စရာရှိလို့ ..."

"ငါ့ကို ဒက်ဒီ ပြန်ခေါ်နေပြီ"

"ပြန်လိုက်ပေါ့"

စစ်ထင် ကြက်ကြီးမျက်နှာကို ငုံ့ကြည့်လိုက်သည်။

"မင်းက ပြန်စေချင်ပြီလား"

"မဟုတ်ပါဘူးကွာ…ငါက မင်း ငါ့အိမ်မှာ တစ်သက် ...နေလည်း တင်ကျွေးထားနိုင်တယ်။ မင်း ဘာကို သံယောဇဉ် ...ယ်ပြီး မပြန်နိုင်တာလဲ…သိချင်တာ"

"ဘာရှိလို့လဲကွာ"

"သိဘူးလေ…မင်း မမကိုများ မခွဲနိုင်ဖြစ်နေသလား"

ကြက်ကြီးပြောမှ စစ်ထင် မမကို သတိရမိသွားသည်။

သူ…မမကို ပညာပြပြီးကတည်းက ဘယ်ကိုမှမထွက်ဘဲ ...ိမ်တွင်းအောင်းနေတာ။ သည်ကာလပတ်လုံးမှာ သူ ပထမဆုံး ...ခဲ့ဖူးသော မမပါးပြင်လေးကို သတိရနေမိသည်။ မမကို ...ချင်နေသည်။ စစ်ထင် ဆိုဖာပေါ်တွင် ထိုင်နေရာမှ ပက်လက် ...န်ချလိုက်ရင်း နဖူးပေါ်သို့ လက်တင်ကာ…

"ဟို…ကိစ္စမှာ ငါ မှားသွားပြီထင်တယ်ကွာ"

"မှားတာပေါ့…မင်း အဲလောက်အထိ ပညာမပေးသင့် ...။ သူက မိန်းကလေးပဲ၊ ရှက်သွားမှာပေါ့"

"ငါ မမကို တောင်းပန်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မမ အိမ်မှာ မရှိဘူး…ငွေဆောင်သွားတယ်"

"သိလှချည်လား"

ကြက်ကြီး စပ်ဖြီးဖြီးမျက်နှာနှင့်…

"နှင်းစက်နဲ့ငါ အဆင်ပြေနေပြီကွ"

"တယ်ဟုတ်ပါလား"

"ဒါပေါ့…နှင်းစက်က ဟန်မဆောင်တတ်ဘူး။ သူနဲ့ငါ နီးစပ်ဖို့ အလားအလာရှိတယ်။ ကိုယ့်ဘက်ကတော့ ကြိုးစားရမှာ ပေါ့။ မင်းသာ ကမ္ဘာကြီးကို ထမ်းစောင့်ရမလား မသိဘူး။ ဆံမြှ သွားကျိုးမှ မိန်းမရရင် ကံကောင်း"

စစ်ထင်တစ်ယောက် သူ့ကိုယ်သူ ဘာဖြစ်နေမှန်းမသိသော် လည်း ကြက်ကြီး ခန့်မှန်းလို့ရပါသည်။ စစ်ထင်ဆိုတဲ့ကောင်ရဲ့ ရင်ထဲမှာ ဦးနှောက်နဲ့နှလုံးသား အချင်းပွားနေကြကာ ကြက်ကြီး သိနေသည်။ ထို့ကြောင့် စစ်ထင်ကို သွေးတိုးစမ်းလိုက်၏။

"ဖိုးဝါး"

"အင်း…ပြော"

"ပိုးဟပ်တစ်ယောက်တော့ ရောဂါကျွမ်းနေပြီ"

"ဘာရောဂါလဲ…ငါ မကြားမိပါဘူး"

"မမရောဂါလေ"

"ဘာ"

စစ်ထင် ဝုန်းခနဲ ထထိုင်ပြီးမှ ကိုယ်ရှိန်ပြန်သတ်ကာ…

"မဖြစ်နိုင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့မဖြစ်နိုင်ရမှာလဲ···မမက မင်းနဲ့သာ ကမ္ဘာ့ရန်ဘက်ဖြစ်နေတာ။ ပိုးဟပ်ကလည်း ခေသူမဟုတ်ဘူးနော်။ ဥစ္စာပေါ ရုပ်ချော···အဲ···မင်းလောက်တော့ မချောဘူးပေါ့ကွာ။ ဒါပေမဲ့ မင်းလို မာနမကြီးဘူး။ ဒီကောင် အချွဲကောင်းရင် မမ အရည်ပျော်သွားနိုင်တာပဲ"

"ကျစ်"

စစ်ထင်၏ မျက်ခုံးထူထူနှစ်ဖက်မှာ မခွဲထာဝစဉ်ဆိုတာမျိုး တီးတိုးစကားပြောနေသည့်နှယ် နီးစပ်ယှက်နွယ်သွားလေ၏။

"တကယ်တော့ နှင်းစက်က အသားဖြူပြီး ချစ်စရာကောင်းတာကွ။ မမလောက် မလှဘူး။ မမက ညိုညိုစိုစိုလေးနဲ့ တစိမ့်စိမ့် ကြည့်နေမှ ကြည့်နေရင်း လှလာတဲ့အလှမျိုး"

"တော်စမ်းပါကွာ···ဒီနေ့ မင်း မမတရားပဲ ပေါ်နေတော့မှာလား"

"ဟော့ကောင်···ဖိုးဝါး၊ ငါ့အကြောင်းကို မင်းသိသလို ပိုးဟပ်အကြောင်းကိုလည်း သိစေချင်လို့ ပြောပြတာ။ သူငယ်ချင်း အချင်းချင်း လျှို့မထားချင်လို့···သိလား"

"အဲဒါတွေ ငါ စိတ်မဝင်စားဘူး။ သိလည်း မသိချင်ဘူး။ သိတာ ဗိုက်ဆာနေပြီ···ဒါပဲ"

ပြောပြောဆိုဆို ထမင်းစားခန်းဘက်သို့ ထွက်သွားသော စစ်ထင် ကျောပြင်ကိုကြည့်၍ ကြက်ကြီး တဟားဟား အော်ရယ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖိုးဝါး...ဖိုးဝါး...မင်းနှလုံးသား မင်းရင်ထဲမှာ ဘာတွေ ရှိနေသလဲ သိချင်လို့ ငါက အချစ်ဆိုတဲ့အရာကို ရှာဖွေစမ်းသပ်နိုင်တဲ့ စက်ရုပ်လေးတစ်လုံး မင်းရင်ထဲကို ထည့်ပေးလိုက်တာပါကွာ...ဟား...ဟား...ဟား...ဟား"

ကြက်ကြီးပြောနေပေမယ့် စစ်ထင်က ထမင်းစားခန်းထဲ ရောက်သွားပြီမို့ ကြားနိုင်မည်မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၁)

"ကဲ···အန်ကယ်ပြောတာ ဘယ်လိုသဘောရလဲ နွေ"

နွေ ဆရာ့ကို မော့ကြည့်နေရာမှ မျက်လွှာလေးချ၍ ခေါင်းငုံ့သွားလေသည်။ သူမ စဉ်းစားရတော့မည်။ နွေတန်ခူး ဆိုတဲ့ အောင်မြင်ကျော်ကြားတဲ့ စာရေးဆရာမတစ်ယောက်ဖြစ်လာ ဖို့ အဘက်ဘက်မှ ကူညီပံ့ပိုးပေးခဲ့သော ကျေးဇူးရှင်ကို မဖြစ်နိုင် ပါဘူးလို့ ခေါင်းခါလက်ကာပြဖို့ သင့်သလား။

ဒါမှမဟုတ် သည်ကျေးဇူးတရားတွေကို ဘဝတစ်ခုလုံးကို အပ်ပေးပြီး ပေးဆပ်သင့်သလား။

"အန်ကယ်···အတင်းအကျပ် တောင်းဆိုနေတာ မဟုတ် ဘူးနော်။ နွေ စဉ်းစားပါ။ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ဆိုတာ လူတိုင်း မှာရှိတာပဲ။ ငါ ကူညီပံ့ပိုးပေးရလို့ ဒီဘဝရောက်လာတာ၊ ငါ ပြောချင်ရာပြောမယ်။ ငါ ခိုင်းချင်တာခိုင်းမယ်။ ငါ့လက်ခုပ်ထဲက



www.burmeseclassic.com

www.burmeseclassic.com



ရေပဲဆိုတဲ့ပုံစံမျိုးနဲ့ အန်ကယ် ဒီစကားကိုပြောတာ မဟုတ်ပါ ဘူး"

"နွေ နားလည်ပါတယ် ဆရာ"

ဆရာက နွေနှင့် မျက်နှာချင်းဆိုင်ဆိုဖာတွင် ဝင်ထိုင်လိုက် ရင်း စကားဆက်သည်။

"နွေက ထက်မြက်တဲ့ မိန်းကလေး...အရည်အချင်း ရှိတယ်။ ပြီးတော့ အမြော်အမြင်ကြီးတယ်။ ဒီလိုမိန်းကလေး လက်ထဲမှာပဲ အန်ကယ် စည်းစိမ်တွေကို စိတ်ချလက်ချ ပုံအပ်ခဲ့ ချင်တယ်။ စီးတဲ့ရေ ဆယ်တဲ့ကန်သင်းဆိုတဲ့စကားကို နွေ လက်ခံ မလား"

"ဟုတ်ကဲ့"

ဆရာက နွေ့ကို ခပ်ပြုံးပြုံးနှင့် စိုက်ကြည့်ကာ...

"လက်ထပ်ဖို့ကိစ္စကို ယောက်ျားလေးဘက်က မိန်းကလေး ကို ခေါ်တွေ့ပြီး ပြောရတာ တစ်မျိုးတော့ မထင်ပါနဲ့ နွေ... အစကတော့ နွေ့အိမ်ကို အန်ကယ်ကိုယ်တိုင်လာပြီး ဒီကိစ္စ ဆွေးနွေးမလို့ပါပဲ။ ဒါပေမဲ့ အခြေအနေက ဘယ်လိုမှ မအားလ လို့ နွေ့ကို ခေါ်လိုက်ရတာပါ"

နွေ သက်ပြင်းကို ခပ်မျှင်းမျှင်းချ၍ ခေါင်းမော့လာသည် ဆရာက လက်ကာပြလျက်...

"ရတယ် နွေ...နွေ့ကို တစ်လအထိ အန်ကယ်အချိန်ပေး မယ်"



www.burmeseclassic.com

www.burmeseclassic.com



"နွေ···တစ်ခုတော့ ပြောပါရစေ"

"ပြောပါ"

နွေ ထိုင်ရာမှ ယရပ်လိုက်ပြီး နံရံမှာ ချိတ်ထားသော ပန်းချီကားချပ်ဆီသို့ လျှောက်သွားလိုက်သည်။ ပန်းချီကားချပ်ရှေ့ အရောက်တွင် ခြေစုံရပ်လိုက်ပြီး···

"လူတစ်ယောက်ရဲ့ဘဝဟာ ပန်းချီကားတစ်ချပ်လိုပါပဲ။ ပန်းချီကားတစ်ချပ်ကို လှပတဲ့ ဆေးရောင်စုံတွေနဲ့ ခြယ်မှုန်းထားတာကို ကြည့်ပြီး တင့်တယ်လှပလိုက်တာလို့ ချီးကျူးမယ့်အစား ပန်းချီဆရာရဲ့ ရင်တွင်းခံစားချက်ကို လေ့လာပြီး ဒီပန်းချီကားကို ဘယ်လိုစိတ်ကူးနဲ့ ဆွဲခဲ့တာလဲလို့ အရင်မေးလိုက်ရင် ပန်းချီကားရဲ့ အနှစ်သာရအကြောင်းရင်းကို သိလာလိမ့်မယ်။ အဲဒီအခါကျမှ ဒီပန်းချီကားရဲ့ နောက်ကြောင်းရာဇဝင် ကောင်းမကောင်း သုံးသပ်ပြီးမှ ဝယ်လိုက်တာ ပိုကောင်းပါလိမ့်မယ်"

ဆရာ တွေကနဲ စဉ်းစားပြီးမှ···

"နွေ ဘာကိုဆိုလိုချင်တာလဲ"

"နွေရဲ့နောက်ကြောင်း"

နွေ စကားမဆုံးမီ ဆရာက ခေါင်းကိုခါ၊ လက်ကိုကာ၍

"အတိတ်နဲ့ပစ္စုပ္ပန်ဆိုတာ သံကြိုးတစ်ချောင်းလို ကွင်းဆက်နေတာမှ မဟုတ်ဘဲ နွေ···အတိတ်မှာ အပုပ်နံ့ရခဲ့တာကို ပစ္စုပ္ပန်ရောက်မှ သတိရပြီး တစ်ချိန်တုန်းက ပုပ်ခဲ့တာပဲဆိုပြီး ခေါင်းရှုံ့၊ ပါးစပ်ကို လက်ညှိုးနဲ့ထိုးပြီး အန်ပြတာမျိုး နေကယ်



www.burmeseclassic.com

www.burmeseclassic.com



ဝါသနာမပါဘူး နွေ"

နွေ ဆရာ့ကို မချီးကျူးဘဲ မနေနိုင်လောက်အောင် အံ့ဩ မိ၏။ အချို့သူဌေးတွေဆိုလျှင် အဆင့်အတန်းခွဲတာတို့၊ မျိုးရိုး စမ်းစစ်တာတို့ ဘာညာဘာညာ အကြောင်းပြချက်တွေနှင့် မောက်မာချင်ကြသည်။ နွေ့ကျေးဇူးရှင် ဆရာကတော့ ဒီလို မဟုတ်ပါ။

"ကျေးဇူးတင်ပါတယ် ဆရာ…နွေရဲ့ နောက်ကြောင်း ဆိုတာလည်း ထွေထွေထူးထူးတော့ မဟုတ်ပါဘူး။ နွေ ဖြတ်သန်း ခဲ့ရတဲ့ဘဝ၊ နွေ့မိသားစုရဲ့ အကျင့်စရိုက်နဲ့ နွေ့မှာ ချစ်သူ တစ်ယောက် ရှိခဲ့ဖူးတယ်ဆိုတာကို ပြောပြချင်တာပါ။ ကိုယ်ကျင့် တရားနဲ့ပတ်သက်လို့ကတော့ သဲတစ်ပွင့်စာတောင် နွေ့ဘဝမှာ အစွန်းအထင်း မခံခဲ့ပါဘူး"

"ယုံပါတယ်…နွေ့ကိုယ်ကျင့်တရားကို ယုံလို့လည်း အန်ကယ် ဆုံးဖြတ်ချက်ကို တရားသေ ချမှတ်လိုက်တာပေါ့။ ဒီဟိုတယ်ကို ဆောက်နေတာလည်း နွေတို့အတွက် ရည်ရွယ်ပြီး ဆောက်ခဲ့တာပါ"

နွေ ယုံပါတယ်လေ။ နွေ့အပေါ်ထားရှိသော ဆရာ့ စေတနာ၊ မေတ္တာတွေက ကဗျာတစ်ပုဒ် စပ်ပြဖို့တောင် ကာ တွေ ရှာလို့မတွေ့နိုင်လောက်အောင်ပါပဲ။

ထို့ကြောင့်…

ဆရာ၏ ဆန္ဒအားလုံးကို နွေ ဖြည့်စွက်ပေးချင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာရဲ့စေတနာတွေက နွေ့အတွက် စိန်စီထားတဲ့ ဖဲမွေ့ရာလိုပါပဲ။ ဒါပေမဲ့ နွေ ဒါတွေကို မမက်မောပါဘူး"

"သိပါတယ်...အန်ကယ်ကဇာည်း ထိုက်တန်တဲ့သူကိုပဲ ခံစေချင်တာလေ"

နွေ ခပ်ယဲ့ယဲ့ ပြုံးလိုက်မိပါသည်။

ဒီပစ္စည်းဥစ္စာ အဆောင်အယောင်တွေကို လိုချင်လွန်းလို့ နွေ ချွေးနဲ့သွေးနဲ့ ရင်းပြီးရှာခဲ့တုန်းက ဒီအရာတွေက ကိုယ့်ကို ခေါင်တွယ်ခဲ့။ ခု ညီမလေးအတွက် ပြီးပြည့်စုံသလောက် ရှိနေပြီမို့ ဒီဥစ္စာနေတွေကို စွန့်လွှတ်ပြီး ဘုရားရိပ်၊ တရားရိပ်မှာ ခိုလှုံတော့ မည်ဟု ဆုံးဖြတ်ထားကာမှ သည်အရာတွေက သူမကို သိမ်းကျုံး ပွေ့ဖက်နေပြန်ပါသည်။ လောကကြီးက တယ်လည်းထူးဆန်းပါ လား။

"ဒါနဲ့ နွေ ရန်ကုန်ကို ဘယ်တော့ပြန်မလဲ"

"နွေ ဒီငွေဆောင်နဲ့ပတ်သက်တဲ့ ဇာတ်လမ်းလေးတစ်ပုဒ် ဝတ္ထုရေးနေပါတယ်။ ဒီဝတ္ထုလေးပြီးရင် ပြန်မှာပါ"

"ဟုတ်လား...ဘယ်လိုဇာတ်လမ်းမျိုးလဲ။ အကူအညီ လိုရင် အန်ကယ်ကို ပြောလေ"

"မလိုပါဘူး ဆရာ...ဇာတ်လမ်းကတော့ ဇာတ်မြူးဆန် ဆန် အချစ်ဇာတ်လမ်းလေးပေါ့"

ဆရာ ခေါင်းတဆတ်ဆတ် ညိတ်လေသည်။ ဒီမိန်းမလေး ၏ ဦးနှောက်ဉာဏ်စွမ်းထက်မြက်ပုံက သူပင် တအံ့မိါတလေ



www.burmeseclassic.com

www.burmeseclassic.com



လိုက်မမီနိုင်အောင်ပင်။ စီးပွားရေးသမားတစ်ယောက်ဖြစ်ဖို့ဆိုတာ ငွေရှိရင် လွယ်ကူနိုင်ပေမယ့် စာရေးဆရာတစ်ယောက်ဖြစ်ဖို့ ဆိုတာ သိပ်လွယ်လှသည်မဟုတ်။ လူပေါင်းစုံရဲ့ အကျင့်စရိုက်၊ လူပေါင်းစုံရဲ့ စိတ်ခံစားမှုအားလုံး၊ ဇာတ်ကောင်များစွာရဲ့နေရာမှာ ဟာစ်ယောက်တည်း ခံစားမှုပေါင်းစုံကို ဖွင့်ဟပြသ၍ ရေးသားရ သောအလုပ်ပင်။

"နေ့ကို သွားခွင့်ပြုပါဦး ဆရာ"

"ကောင်းပါပြီ"

ဦးစစ်အောင် ဒီကလေးမလေးရဲ့စရိုက်ကို သဘောကျ သည်။ ဒါကြောင့် ကိုယ့်သားနှင့် သဘောတူမိတာ။ ဟိုကလည်း စာပေကို ဝါသနာပါလွန်းလို့ စာပေတိုက်ဖွင့်ထားတာ။ ဇနီးက စက်ပုံမှာ။ သားက စက်ပုံပြန်။ အခု ဟိုတယ်လာဆောက်ပေး ရတာက ဇနီး၏ဆန္ဒအရ သားအတွက် ဘဝအာမခံချက်ရအောင် အစပျိုးပေးတာ။ သူကသာ စာပေတိုက်ကလေးကို ဝါသနာ ကြောင့် ဖက်တွယ်နေတာ။ ဇနီးက ထက်မြက်သည်။ မိန်းမဖို့ စီးပွားရေးတွင် ရှစ်ထပ်က ဂျင်ဂျင်လည်အောင် ကျွမ်းကျင်ရှာဖွေ နိုင်သည်။ ချစ်လို့ညားခဲ့ကြသူတွေမို့ တစ်ဦး၏ဝါသနာကို တစ်ဦး က နားလည်လိုက်လျောခဲ့ကြသည်သာ။



www.burmeseclassic.com

www.burmeseclassic.com



•

# အခန်း (၁၂)

နှင်းစက် ခုည ဘာဖြစ်နေမှန်းမသိ။ အိပ်ရာထဲမှာ လူးကာ လိမ့်ကာနှင့် အိပ်မပျော်နိုင်ပါ။ အတွေးတွေက ဦးနှောက်ထဲမှာ ချင်တစ်လုံးကို လှည့်နေသည့်နှယ် ကိုဖြိုးက နှင်းစက်ကို ချစ် ဘယ်တဲ့။ နှင်းစက်လည်း သူ့ကို မငြင်းရက်။ ကိုဖြိုးက ငြင်းစရာ မရှိအောင် အပြစ်ကင်းလှသည်။ ခက်နေတာက မမ···

နှင်းစက်ကို ရည်းစားထားဖို့ မပြောနဲ့၊ ယောကျ်ားလေး အပေါင်းအသင်းထားတာကိုပင် မကြိုက်ပါ။ ဟင်း··· သူ အပျို ကြီးလုပ်တိုင်း နှင်းစက်က အပျိုကြီး လိုက်လုပ်ရမှာလား။

မလုပ်နိုင်ပါဘူး။ ကိုယ်ချစ်တဲ့သူတွေ့ရင်တော့ ချစ်ပစ် လိုက်မှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



"နှင်းစက်ကို ကိုယ်သိပ်ချစ်တယ်။ ဒီစကားမျိုးကို ကိုယ် ဒါ ပထမဦးဆုံးအကြိမ် ပြောဖူးတာပါ။ နှင်းစက်ကို စိတ်မချ သာ အရဲစွန့်ပြီး ပြောရတာ။ ကြောက်ဒူးကတော့ တုန်နေတာပဲ"

နှင်းစက် သူ့ခြေထောက်ကို ယောင်၍ ငုံ့ကြည့်လိုက်တော့ သူ့ဒူးတွေ တဆတ်ဆတ် တုန်နေရှာတာ။

နှင်းစက် ဘဝမှာလည်း အချစ်ဆိုတာ ဘာအရောင်ကြီးလဲ အလုံးလား၊ အပြားလား၊ လေးထောင့်လား၊ အဝိုင်းလားလို့ မေး ရလောက်အောင် စိတ်ကူးတောင် မယဉ်အားခဲ့တာပါ။

ကျောင်းစာတွေနဲ့ မမရဲ့စည်းကမ်းချက်တွေကြားမှာ ခေါင်း မပြူရ၊ လက်မထုတ်ရ၊ ငြိမ်ငြိမ်လေး နေပေးခဲ့တာ။ ပညာစုံတော့ လည်း စီးပွားရေးလောကသို့ ခြေချခဲ့ရပြန်သည်။

ကဲ···ဘယ်နေရာမှာ အချစ်ဆိုတဲ့အရာကို မိုင်ခရိုစကုပ် နဲ့ ရှာဖွေကြည့်ရမလဲ။

ခု သူနဲ့ကျမှ နှင်းစက် ရင်တွေခုန်တတ်နေပြီ။ နှင်းစက် လည်း သူ့ကို ချစ်နေပြီလား။

ဘာပဲဖြစ်ဖြစ်···

နှင်းစက် သူ့ကို အဖြေပေးလိုက်တော့မယ်။

"ဒေါက်···ဒေါက်"

"နှင်းစက်···ညီမလေး"

"ဒေါက်··ဒေါက်"

"နှင်းစက်"


www.burmeseclassic.com

www.burmeseclassic.com



ပေးဟား...မမ တံခါးခေါက်နေပြီ။ နှင်းစက် မွေ့ရာပေါ်မှ အသာဆင်း၍ တံခါးဖွင့်ပေးလိုက်သည်။

"မမ"

"ညီမလေး...အိပ်မပျော်သေးဘူးမဟုတ်လား"

"ဟုတ်တယ် မမ... ခုည ဘာဖြစ်နေလဲမသိဘူး။ အိပ်လို့ မရဘူး"

မမက ရီဝေသော မျက်ဝန်းအစုံနှင့် နှင်းစက်ကို ကြည့်နေသည်။ ပြီးမှ သက်ပြင်းတစ်ချက်ကို ခိုးရှိုက်ရင်း...

"မမ... ညီမလေးနဲ့ တိုင်ပင်စရာ ရှိတယ်"

နှင်းစက် မမကို ငေးခနဲ ကြည့်မိသည်။ မမ ငွေဆောင်က ပြန်ရောက်လာပြီးကတည်းက မျက်နှာမကောင်းတာ နှင်းစက် သိနေသည်။ ဒါပေမဲ့ ဘာကြောင့်လဲလို့ မမေးရဲခဲ့။

"ဒါဆို မမ အထဲဝင်လေ"

"အင်း"

နှစ်ယောက်သား ခေါင်းဆတ်ပြရင်း အခန်းထဲသို့ ဝင်ခဲ့သည်။ ပြီး နှင်းစက် မွေ့ရာပေါ်တွင် နှစ်ယောက်အတူ ဝင်ထိုင်ကြ၏။

"မမ့...ဘာပြောစရာရှိလို့လဲဟင်"

"..............."

"ပြောလေ"

"ညီမလေးမှာ ချစ်သူရှိနေပြီလား"

"အင်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းမဆင့် ဗုံမဆင့် မေးခွန်းကြောင့် နှင်းစက် အံ့ဩသွား၏။ သူမအကြောင်းတွေကို မမ သိနေပြီလားရယ်ပေါ့။

"မမ ညီမလေးကို ဆူဖို့မေးတာ မဟုတ်ပါဘူး"

အလဲ့…တယ်ဟုတ်နေပါလား။ ယောကျ်ားလေးအပေါ် အသင်းထားရင်တောင် နှင်းစက်ကို တစ်ပတ်လောက် အခန်း ထည့်ပိတ်ထားတတ်တဲ့ မမက ခုတော့ မျက်ဝန်းမှာ နူးညံ့ခြင်း တွေ ပျော်ဝင်နေလို့။

"ညီမလေးလည်း အရွယ်ရောက်နေပြီပဲ။ ခုချိန်မှာ ချစ် မယ့်သူ တွေ့နေရင် မမကို ပြောပါ။ မမ ခွင့်ပြုသင့်တဲ့သူနဲ့ဆိုရင် ခွင့်ပြုမှာပါ"

"မမ"

"ဟင်"

"မမ…နှင်းစက်ရဲ့မမ နွေတန်ခူး ဟုတ်ပါတယ်နော်"

"ဘာဖြစ်လို့လဲ ညီမလေးရဲ့"

"ဟို…ဗွီဒီယိုတွေထဲကလို မမနဲ့တူတဲ့သူက မမနေရာ ခဏဝင်ပြီး သရုပ်ဆောင်သလားလို့"

နွေ နွမ်းလျသော အပြုံးတစ်ပွင့်ကို ဖန်ဆင်းလျက်…

"ညီမလေး…သိပ်အံ့ဩနေသလား။ တကယ်တော့ နှလုံးသားနဲ့ တည်ဆောက်ထားတဲ့ လူတွေအားလုံးရဲ့ နှလုံး အချစ်ဆိုတာ တစ်ချိန်ချိန်မှာ မွေးဖွားရှင်သန်လာမှာပဲလေ။ ဒါ ကမ္ဘာ့နိယာမတစ်ခုပဲဟာ… အရင်တုန်းက ညီမလေး



www.burmeseclassic.com

www.burmeseclassic.com



...ည်းကမ်းတွေ မမ တင်းကျပ်ခဲ့တာ··· ဘာမဟုတ်တဲ့ယောကျ်ား ...တွေ့ပြီး မေတ္တာအလိမ်ခံရမှာစိုးလို့ပါ။ ပြီးတော့ မမလိုပဲ ...သည်းကွဲတဲ့ဝေဒနာမျိုး ညီမလေးကို မခံစားစေချင်ဘူး"

နှင်းစက် နွေ့ခါးလေးကို လှမ်းဖက်ရင်း နွေ့ပခုံးပေါ်တွင် ...ကလေးတင်ထားလိုက်သည်။

"မမရဲ့ ကြီးမားတဲ့မေတ္တာစေတနာတွေကို ညီမလေး ...လည်ပါတယ် မမရယ်···မမက နှင်းစက်ရဲ့ ဒုတိယမိခင်ပါ"

"မိဘအပေါ် သိတတ်တဲ့သားသမီးတိုင်းဟာ ဒုက္ခဆင်းရဲ ... လွတ်ကင်းပါတယ်။ ညီမလေး အိမ်ထောင်ဘက်ရွေးတဲ့အခါ ...မှားနိုင်ဘူးလို့ မမ ယုံကြည်တယ်"

မမတစ်ယောက် နှင်းစက် မူပျက်နေတာကို ရိပ်မိပြီး ...စ်အောက်မေးတာမျိုးတော့ မဖြစ်နိုင်ဟု နှင်းစက် ထင်သည်။ ...က မကြိုက်ရင် မကြိုက်တဲ့အကြောင်း ပွင့်ပွင့်လင်းလင်း ...ပြောတတ်သူပင်။

ဘာပဲဖြစ်ဖြစ်···

ရင်ထဲက ခံစားချက်တွေကို မမ သိအောင်ပြောပြလိုက် ...တော့မည်။ ဆူချင်လည်း ဆူပါစေတော့။

"နှင်းစက်···မမကို မညာချင်ဘူး···သိလား"

"ညာရတဲ့အလုပ်က မကောင်းပါဘူးကွယ်"

နှင်းစက် နွေ့မျက်နှာကို မရဲတရဲလေး မော့ကြည့်ကာ···

"နှင်းစက်မှာ ချစ်ရမယ့်သူ ရှိနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ထင်ပါတယ်"

"သူက လူတော်လူကောင်းတစ်ယောက်ပါ မမ။ နှင်းစက်တို့လုပ်တဲ့ ကုမ္ပဏီပိုင်ရှင်နဲ့ ရှယ်ယာဝင်တစ်ဦးလေ။ သူ့နာမည်က ရဲဖြိုးဝေတဲ့…မမ သိမှာပါ။ အိမ်ရှေ့မှာ ဂစ်တာလာလာတီးတဲ့ အထဲက အရုပ်မရှည်ဘဲ ခပ်ချောချောတစ်ယောက်"

"ဪ"

နွေ့မျက်နှာမှာ ဘာမှအပြောင်းအလဲမရှိ။ ပကတိအေးဆေးလျက်။ သူမ ထိုအဖွဲ့ထဲမှ လေးယောက်စလုံး၏ ပုံသဏ္ဌာန်များကို တစ်ယောက်စီ မြင်ယောင်ကြည့်လိုက်၏။ သူမ ဝတ္ထုတွေထဲမှာ အများဆုံး သူမ ပုံဖော်ပြတတ်သော မင်းသားတစ်လက်ကို အရပ်မြင့်မြင့် မျက်ခုံးမွေးကောင်းကောင်းနှင့် ချောမောလွန်းသော တစ်ယောက်ကို သူမ ကြည့်မရခဲ့သော်လည်း ကျန်တဲ့သုံးယောက်ကတော့ မွန်မွန်ရည်ရည်ပုံစံလေးတွေပါ။

"မမ သူနဲ့ တွေ့ကြည့်ချင်တယ်"

"ဟင်…မမ တကယ်ပြောတာလား"

"တကယ်ပေါ့…ညီမလေးက မမကို မယုံဘူးလား"

နှင်းစက်က ပြုံးလျက်…

"ဟိုလေ…မမနဲ့ ဟိုတစ်ယောက်က"

နှင်းစက် ဘာကိုဆိုလိုသည်ဆိုတာ နွေ သဘောပေါက်ပါသည်။ ထို့ကြောင့် ပြုံးလျက်…

"မမရဲ့မာန်စွယ်တွေ ကျိုးပဲ့ကုန်ပြီ နှင်းစက်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို"

"ဟုတ်တယ်…ညီမလေး၊ ညီမလေးကို အရာရာ ပြီးပြည့်စုံတဲ့ဘဝကို ပိုင်ဆိုင်စေချင်ခဲ့တာ မမရဲ့ဆန္ဒပါ။ ခုဆိုရင် မမ ပိုင်ဆိုင်တဲ့ စည်းစိမ်အားလုံးကို ညီမလေးတစ်ဦးတည်း ပိုင်ဆိုင်သွားပြီ။ ရှေ့လထဲမှာ ရှေ့နေတွေခေါ်ပြီး စာချုပ်စာတမ်းနဲ့ ညီမလေး ပိုင်ဆိုင်ကြောင်း လွှဲပြောင်းပေးမယ်"

"မမ"

နှင်းစက် အလန့်တကြား ထရပ်လိုက်သည်။ မမကလည်း သူမရှေ့မှာ ထရပ်လာပြီး နှင်းစက်ပခုံးကို ဆုပ်ကိုင်လျက်…

"ညီမလေး ဒီဘဝမျိုးကို ပိုင်ဆိုင်ဖို့အတွက် မမ ဘဝတစ်ခုလုံးကို ပေးဆပ်ရတော့မှာ။ တန်ပါတယ် ညီမလေးရယ်"

"မမ ဘာတွေပြောနေတာလဲ။ နှင်းစက် နားမလည်ဘူး"

နှင်းစက် မမမျက်နှာကိုကြည့်၍ မျက်ရည်ဝဲလာရ၏။ မမ ဘာအခက်အခဲတွေနဲ့ ကြုံတွေ့နေရပြီလဲ။

"ပြောပါ မမ… မမ ဘာတွေဖြစ်နေတာလဲ ဟင်"

နွေက နှင်းစက်ကို ကျောခိုင်းရပ်လိုက်ရင်း…

"ယောက်ျားတွေနဲ့ပတ်သက်လာရင် မမ မာနတွေ ကြီးခဲ့တယ်။ ယောက်ျားတွေနဲ့ ကင်းအောင်နေခဲ့တယ်။ ဒါပေမဲ့ ခု… အဲဒီယောက်ျားတွေထဲကပဲ ယောက်ျားတစ်ယောက်ရဲ့ ခြေဖဝါး အောက်မှာ မမ ဝပ်ဆင်းရတော့မယ်။ မမ လက်ထပ်ရတော့မယ် နှင်းစက်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

နှင်းစက် မျက်လုံးကလေး ဝိုင်းသွားရ၏။ မမ လက်ထပ်တော့မယ်တဲ့။ ဘာတွေလဲ…ဘာတွေ ဖြစ်ကုန်ပြီလဲ။ သူမသာ အချစ်ကို ရှာဖွေတွေ့ရှိနေခဲ့တာ။ မမ လက်ထပ်တော့မည်ဆိုတော့ နှင်းစက် ငိုချင်သွားသည်။ သူမဘဝတွင် မမရင်ခွင်သည်သာ အအေးမြဆုံးပါ။

"မမ လက်ထပ်မယ်ဆိုတာလည်း ညီမလေး သဘောတူမှ ပါ"

"မမ ဘယ်သူနဲ့ လက်ထပ်မှာလဲ"

"ဆရာ"

"ဟင်…သဘောမတူပါဘူး။ ဘယ်လောက်ပဲ ချမ်းသာ ချမ်းသာ သူ့ကျေးဇူး ဘယ်လောက်ပဲရှိရှိ ဒီလောက် အသက်ကြီး တာကြီးကို မမ မယူရဘူး"

"ဟဲ့"

နှင်းစက် ခေါင်းတခါခါနှင့် ငြင်းဆန်နေသည်။ သူမ ဆရာကို တစ်ခါမြင်ဖူးပါသည်။ ရုပ်ကတော့ တော်တော်ချောပါ သည်။ သို့သော် အသက်က ငါးဆယ်ကျော်လောက်ရှိနေပြီမို့ မမကို ငွေမက်ပြီးယူတယ်လို့ သူများပြောမှာ မခံနိုင်ပါ။

"ထင်ရာ စွတ်ပြောမနေနဲ့ နှင်းစက်…ငါ စကားမဆုံး သေးဘူး"

သည်တော့မှ နှင်းစက် ခေါင်းလေးငုံ့သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာဆိုရင် ငါက လက်ထပ်ပါ့မလား။ သူ မြေတောင် မြှောက်ပေးခဲ့လို့ ဒီဘဝမျိုးရောက်လာတာလေ။ ဒီယုန်မြင်လို့ ဒီချုံ ဆွင်တယ်လို့ ပတ်ဝန်းကျင်က ပြောလာမှာကို ဆရာလိုလူမျိုးက ခပြောခံပါ့မလား။ ပြီးတော့ သားနဲ့၊ မယားနဲ့ကို"

"ဒါဆို မမ လက်ထပ်မယ်ဆိုတဲ့သူက"

"ဆရာရဲ့သား"

"ဟယ်"

နှင်းစက် ခုမှ ရယ်ချင်သွားသည်။ အဖေနဲ့သား ကွဲပြားစွာ သိခင် ထင်ရာစွတ်ပြောမိတာကို ရှက်သွားမိ၏။ ဆရာတောင် အသက်ကြီးနေပေမယ့် ခန့်ခန့်ဖြောင့်ဖြောင့်ကြီး ချောနေတာ။ သူ့ သားက အရုပ်မဆိုးနိုင်ပါ။ ခုမှပဲ နှင်းစက် ဟင်းချနိုင်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၃)

နွေ ငွေဆောင်မှာရေးခဲ့သောစာမူကို စာပေတိုက်သို့ပို့ပြီး အပြန်လမ်းတွင် မထင်မှတ်ဘဲ ဖိနပ်က ပြတ်သွားလေ၏။

"ဒုက္ခပါပဲ…ဖိနပ်ပြတ်သွားပြီ"

သူမ ဘေးဘီကို ဝေ့ဝဲကြည့်တော့ တဂယ်လူစည်နေတဲ့ နေရာမှာ။ အချို့က သူမကိုကြည့်၍ ပြုံးစိစိလုပ်သွားကြသည်။ နွေ ဖိနပ်ကို လက်ကကိုင်ရတော့မလိုလို၊ ထားခဲ့ရတော့မလိုလို နှင့် ဘာလုပ်ရမှန်းမသိ ဖြစ်နေ၏။ ထိုစဉ်…

"မ…ဖိနပ်ပြတ်သွားတာလား"

နွေ မော့ကြည့်လိုက်တော့ လူရွယ်နှစ်ယောက်။

"မ…ဖိနပ်က တစ်ဖက်တည်းပြတ်သွားတာဆိုတော့ ကျွန်တော် တစ်ဖက်ငှားလိုက်မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်းကွာ···ငှားမယ့်ငှား တစ်ရုံလုံးငှားလိုက်ပါ သား။ တစ်ဖက်တည်းဆိုတော့ ကျွဲတစ်ဖက် နွားတစ်ဖက် ဖြစ်နေမှာပေါ့"

"စိတ်ကူးပြောင်းသွားပြီကွာ"

"ဘာလဲ"

နွေ ရှက်လွန်းသဖြင့် နားထင်တွေပင် ပူလာသည်။ ဖိနပ်ငှားမည်ဆိုသူတွေကလည်း မျက်နှာတွေက ပြီတီတီ။ နွေ့ကို လှောင်နေမှန်း နွေ သိလိုက်သည်။

"ဘာစိတ်ကူးပြောင်းသွားတာလဲကွ"

"ဖိနပ်မငှားတော့ဘူးကွာ···မ လမ်းလျှောက်နေရတာ သနားစရာ၊ ကားပေါ်ပွေ့တင်သွားရင် မကောင်းဘူးလား"

ပြောပြီး မခိုးမခန့် ရယ်ကြလေ၏။

နွေ့မာနတွေက ခေါင်းထောင်လာချေပြီ။

"ဒီမှာ"

"ဗျာ"

"မင်းတို့ မကူညီချင်နေပါ···အနှောင့်အယှက်တော့ မပေးပါနဲ့"

နွေ့စကားကို ဟာသတစ်ခုလို ပြက်ရယ်ပြုကြပြန်သည်။

"ဟော့ကောင်···မနှောင့်ယှက်နဲ့တဲ့"

"နှောင့်ယှက်တာ မဟုတ်ဘူးလေကွာ··· မ,က ချစ်ဖို့ကောင်းလို့ ကူညီပြီး ဓာတ်လမ်းထွင်မလို့"



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နှင့်တစ်ယောက် ပခုံးချင်းတိုက်၍ နွေ့ကို လှောင်ပြောင်နေကြသည်။ နွေ့ အံကို တင်းတင်းကျိတ်၍ ဘသား ချော နှစ်ယောက်ကို စိုက်ကြည့်လိုက်သည်။

နွေ့ဆိုတာ တစ်နေ့ထက်တစ်နေ့ ပူပြင်းကြောင်းပြဖို့ ခြေ တစ်လှမ်းကို ရှေ့တိုးခိုက်…

"မမ"

သူမဘေးတွင် ဝင်ရပ်လာသော လူတစ်ယောက်။

"ရော့…မမ…ဒီဖိနပ်စီးလိုက်"

နွေ့ခြေထောက်ရှေ့သို့ ကတ္တီပါဖိနပ် ခုံမြင့်လေး ကျရောက် လာသည်။ နွေ့ ဖိနပ်ကလေးကို ငုံ့ကြည့်နေမိသည်။

"မမ…စီးလေ"

ဖိနပ်ကလေး ချပေးသူကို သူမ လှည့်ကြည့်လိုက်သည်။

ဟင်…သူ။

"စီးပါ…မမရဲ့…ဘာဖြစ်နေတာလဲ၊ မောင့်ကို စိတ် ကောက်နေတုန်းလား"

မြတ်စွာဘုရား…မောင် ဆိုပါလား။

"မမက စိတ်ကောက်သွားတာ…အဲဒါကြောင့် ဖိနပ်က မောင့်ကိုယ်စား ပြန်ပြီး မမကို စိတ်ကောက်သွားတာ။ ကဲ…ဖိနပ် စီး…မင်္ဂလာဝတ်စုံ သွားရွေးမလို့ဆို။ မင်္ဂလာပဲဆောင်ရော့ မယ်…ကလေးမဆန်နဲ့တော့။ စောစောက မောင် ချစ်လို့လိုက် တာ…ဟဲ…ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟင်း···နောက်လာတဲ့ မောင်ပုလဲက ဒိုင်းစက်ထက်ကဲနေပြန်ရော့လား။ တတ်နိုင်ဘူးလေ။ လောလောဆယ်တော့ ဟိုနှစ်ယောက် ရှင်းသွား···မို့ပဲ အရေးကြီးတာ။

နွေ ဖိနပ်ကလေးကို စီးလိုက်၏။

"ဒီလိုမှပေါ့··· မောင့်မိန်းမ်က မောင့်စကားဆိုနားထောင်ပြီးသားဆိုတာ သိတာပေါ့။ လာ···သွားမယ်"

နွေ ရှက်လွန်း၍ နားကို ပိတ်ထားချင်သော်လည်း ဟိုနှစ်ယောက်ရန်ကလွတ်အောင် ချော့လဲရောထိုင် လုပ်ရတော့သည်။ သူက နွေ့ပခုံးကို ပိုင်စိုးပိုင်နင်းဖက်၍ ဟိုနှစ်ယောက်ရှေ့မှ အသာလေး ထွက်လာခဲ့သည်။

အတန်ကြာ၍ လှည့်ကြည့်တော့ ဟိုနှစ်ယောက် လစ်သွားပြီဆိုတာ သိလိုက်သည်တွင်···

"ကဲ···လွှတ်ပါတော့"

နွေ သူ့လက်ကို ဖယ်ချပြီး ရင်ဝကို ဆောင့်တွန်းပစ်လိုက်သည်။ သူ ယိုင်ခနဲ ဖြစ်သွား၏။

"ဟ···ဘာဖြစ်တာလဲ···ကြမ်းလှချေလား"

"နင့်လုပ်ရပ်ကိုလည်း ပြန်စဉ်းစားဦးလေ"

"ဘာဖြစ်လို့လဲ···မမကို ကျွန်တော် ဟိုကောင်တွေရှေ့မှာမို့ တမင်ဟန်လုပ်ပြီး ကူညီရတာလေ"

"ဘာကူညီတာလဲ···ပိုင်စိုးပိုင်နင်း အသားယူပြီး"

"ဒါ တမင်သက်သက်လုပ်တာမှ မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



စစ်ထင် နွေ့ကိုတွေ့ရင် ဟိုတစ်ခါကိစ္စအတွက် တောင်းပန်မည်ဟု တွေးထားသော်လည်း တကယ်တွေ့တော့ တောင်းပန်ချင်တာတွေပျောက်ပြီး မမနှင့် ရန်ဖြစ်နေရဘာကိုပဲ ရင်ထဲမှာကြည်နူးပျော်ရွှင်နေမိသည်။

တကယ်ဆိုရင် မမကို သူ ဖိနပ်မပြုတ်ခင်ကတည်းက လှမ်းမြင်လိုက်တာ။ နောက် ဖိနပ်ပြုတ်သွားတာမြင်တော့ မမ ချက်ချင်း ဒီနေရာက ထွက်သွားမှာမဟုတ်ဟု တစ်ထစ်ချတွက်ပြီး နီးစပ်ရာဖိနပ်ဆိုင်မှာ မမအတွက် ဖိနပ်တစ်ရံ ပြေးဝယ်လာခဲ့တာပါ။

မမရှေ့သို့ရောက်တော့ ဟိုနှစ်ယောက်ကို သာသာလေးနှင့်နှင်ထုတ်ချင်သလို မမကိုလည်း စချင်လာတာကြောင့် ဒီလိုလုပ်ရပ်မျိုး လုပ်မိသွားတာပါ။

"ဒီမှာ"

"ကျွန်တော့်နာမည် ဒီမှာမဟုတ်ဘူး"

"မင်းနာမည်ကို ငါ စိတ်မဝင်စားဘူး"

"ဒါဆို လူကို စိတ်ဝင်စားတာလား"

"တောက်"

နွေ့ သူနှင့် ဆက်စကားပြောနေလျှင် လက်ပါမိတော့မည့်ခုချိန်မှာ နွေ့စိတ်တွေ အစွန်းမရောက်ချင်တော့။ ကျူညီသာနှင့်မမျှအောင် ခေါ်ပုံကိုက စီးပိုးလွန်းလှ၏။ မိန်းမတဲ့...ပြုသည်ကို ဖြေရှင်းလိုက်ရင်လည်း ယောကျ်ားမှမဟုတ်တာ။ မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



မိန်းမခေါ်တာလို့ ပြန်ပြောရင် အောင့်သက်သက် ခံရဦးမည်။ အကောင်းဆုံးကတော့ သူ့ရှေ့မှ ထွက်သွားဖို့ပါပဲ။

"မမ…ဟာ…မမ"

နွေ လှည့်ထွက်လာတော့ သူက နောက်မှလိုက်ခေါ်နေပြန်သည်။

"မမ"

သူက နွေ့ရှေ့သို့ လွှားခနဲရောက်လာကာ ပိတ်ရပ်ထားတာကြောင့်…

"မင်း…ကိုယ့်လမ်းကိုယ်သွားတာ ကောင်းလိမ့်မယ်"

စစ်ထင် ပြုံး၍ နွေ့ကို စိုက်ကြည့်လိုက်သည်။ တစိမ့်စိမ့်ကြည့်မှ လှလာတာတဲ့။ သူငယ်ချင်းတွေပြောတာကို သတိရသွားခိုက် ရှင်းသန့်ကြည်မွေ့နေသော မမမျက်နှာလေးကိုကြည့်၍ သူငယ်ချင်းတွေပြောတာ ဟုတ်ပါလားလို့ မှတ်ချက်ချမိသည်။ ထိုခဏတွင်းမှာ ရင်တွေလည်း ခုန်လာမိ၏။

"ဖိနပ်စီးသွားပြီး ကျေးဇူးတင်စကား မပြောတော့ဘူးလား"

နွေ နဖူးပေါ်သို့ကျလာသော ဆံပင်ကို ဆတ်ခနဲ ခါထုတ်လိုက်ရင်း…

"စေတနာမပါရင် မင်းပေးတဲ့ဖိနပ်ကို ပြန်ယူသွားလိုက်ပါ။ ငါက ဘယ်သူ့ကိုမှ ကျေးဇူးတင်တတ်တဲ့မိန်းမ မဟုတ်ဘူး။ အမြတ်လိုချင်လို့ အရင်းစိုက်တဲ့အလုပ်မျိုးကို သူများကို ဘယ်



www.burmeseclassic.com

www.burmeseclassic.com



တော့မှ အရှုံးမပေးဘူးဆိုတာ မင်း သိထားပါ"

နွေ ဖိနပ်ကို ချွတ်ခဲ့ပြီး ရေလမ်းသို့ ဆက်သွားလေသည်။ စစ်ထင် ကတ္တီပါဖိနပ်လေးကို နှမြောတသ ကြည့်လိုက်ပြီး…

"မမ"

နွေ့ခြေလှမ်းတွေ တုန့်ခနဲ ရပ်သွားလေ၏။ စစ်ထင်က သမင်လည်ပြန် လှည့်ကြည့်ခိုက်…

"အကျိုးလိုလို့ ညောင်ရေလောင်းတဲ့အလုပ်မျိုး ကျွန်တော် မလုပ်ဘူး။ စေတနာမပါရင် သွားကြားထိုးတံတစ်ချောင်းတောင် ထက်ပိုင်းဖြတ်ပေးရမှာ ဝန်လေးတတ်တဲ့ ကျွန်တော်ပါ။ ခင်လို့ စတာကို သမင်ကိုပစ်တဲ့ မြှားတစ်ချောင်းလို မသတ်မှတ်ပါနဲ့။ ဖိနပ်တစ်ရံရဲ့တန်ဖိုး ဘယ်လောက်တန်တယ်ဆိုတာ မမ သိနေမှာပါ။ ဒါပေမဲ့ ကျွန်တော့်ရင်ထဲက စေတနာတန်ဖိုးကိုတော့ မမ အဖိုးဖြတ်နိုင်မှာ မဟုတ်ပါဘူး။ တစ်ဦးတစ်ယောက်အတွက် ရည်ရွယ်ထားတဲ့ပစ္စည်းကို အဲဒီလူ ယူသည်ဖြစ်စေ၊ မယူသည် ဖြစ်စေ ကျွန်တော်က ပေးပြီးရင် လှည့်မကြည့်တတ်ဘူး မမ… ကျွန်တော် သွားမယ်"

နွေ့ရင်ထဲမှာ အမျိုးအမည် ခေါင်းစဉ်တပ်မရသော ဝေဒနာ တစ်ခုက ရင်ဘတ်ထဲသို့ ဒိုင်ပင်ထိုး၍ ဝင်ရောက်လာ၏။

ဘယ်လိုဖြစ်တာလဲ ကောင်လေးရယ်…

အငြိမ့်စင်ပေါ်က ဟာသလူရွှင်တော်တစ်ယောက်လို ပြက်လုံးတွေထုတ်ပြီး စပ်ဖြဲဖြဲနေလာခဲ့တဲ့ မင်းရဲ့မျက်နှာပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ခုလို တိမ်ညိုတွေ ရစ်မှိုင်းလာလိမ့်မယ်လို့ ငါ မထင်ခဲ့မိဘူး။

သူ ကျောခိုင်းသွားတော့မှ…

နွေ ဖိနပ်ကလေးကို စူးစိုက်၍ ကြည့်လိုက်မိသည်။ ကတ္တီပါခုံမြင့်လေး…သူ့မခြေထောက်နှင့် တိုင်းဝယ်လိုက်သည့် နသည်။

ဖိနပ်ကလေးကို သူ ကျောခိုင်းထားခဲ့ပြီ။

သူ့မက ထပ်ပြီး ဥပေက္ခာပြု၍ ထားခဲ့ပါလျှင်…

သူ့ဘဝလေး ပိုင်ရှင်မဲ့ရတော့မည်။

စာရေးဆရာမမို့…

စိတ်ကူးယဉ်တယ်ပဲပြောပြော၊ ကဗျာဆန်သည်ပဲဆိုဆို သည်ဖိနပ်ကလေးကိုတော့ နွေ…



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၄)

စစ်ထင် မွေ့ရာပေါ်မှာ ဝမ်းလျားမှောက်လျက် ဝတ္ထုစာအု
မျက်နှာဖုံးပေါ်မှ နွေတန်ခူးဆိုသော နာမည်လေးကို အခေါက်
ပေါင်းများစွာ အသံတိတ် ရွတ်နေမိ၏။ ထိုနာမည်လေးသ
အစွမ်းထက်တဲ့ ဂါထာတစ်ခုဖြစ်ခဲ့ပါလျှင် စစ်ထင်တစ်ယောက်
မြေလျှိုး၍ မိုးပျံနိုင်မည်လား မပြောတတ်တော့။

"ဖိုးဝါး...ဖိုးဝါး"

"..........."

"ဟာ...စစ်ထင်"

"ဘာလဲကွာ"

ကြက်ကြီးတစ်ယောက် စစ်ထင်ကိုခေါ်သော်လည်း မထ
သဖြင့် စစ်ထင်နားသို့ ကပ်၍ ရထားဥသြဆွဲသံကို အသံရှည်ဖြ
အော်လေသဖြင့် စစ်ထင် စိတ်ပျက်စွာ ခပ်ဆောင့်ဆောင့် ထူးလေ



www.burmeseclassic.com

www.burmeseclassic.com



။ ပြီး ဝမ်းလျှားမှောက်နေရာမှ ဂုန်းခနဲမြည်အောင် ကိုယ်ကို တ်၍ ပက်လက်အနေအထားသို့ ပြောင်းလိုက်သည်။

"ကြက်ကြီးရာ…မင်း တော်တော် အနှောင့်အယှက်ပေး ကောင်ပဲ"

"ဘာရယ်…ပြန်ပြောလိုက်စမ်း"

"ဒီမှာ မြင်တယ်မို့လား…အာရုံနှောက်အောင် လာမလုပ် နဲ့"

စစ်ထင်က ဝတ္ထုစာအုပ်ကို လက်နှင့်ပုတ်ပြရင်း ဆိုသည်။

"သြော်…လက်စသတ်တော့ ဒီလိုကိုး… မင်းပြောတော့ အချစ်ဆိုတာ ပီကေဝါးရတာလောက်တောင် မချိုမြိန်ဘူးဆိုကွ"

"ငါကရော ခု မင်းကို အချစ်အကြောင်း ပြောနေလို့ လား"

"မပြောလည်း သိနေတယ်လေ။ မင်း ဒီဝတ္ထုစာအုပ်ကို အရမ်းကြိုက်နေတယ်…မဟုတ်လား"

"ကြိုက်တယ်လေ…ဘာဖြစ်လဲ"

ကြက်ကြီးက ရေချိုးခန်းထဲမှ ထွက်လာသူမို့ ခေါင်းမှ ရေစက်များကို တဘက်ဖြင့် သုတ်နေသည်။ ပြီး အဝတ်အစား လဲ၏။

"မင်း ရောဂါစနေပြီ စစ်ထင်"

"ဘာရောဂါလဲ…လာမပြောနဲ့၊ ခေါင်းတောင် မကိုက်ဖူး ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မမရောဂါလေ"

"မဆိုင်တာကွာ"

ပါးစပ်ကသာ မဆိုင်တာဆိုပေမယ့် အနိုင်သာ အုပ်ချု နေရသည်။ နှလုံးသားမှာတော့ အချစ်ရိုးတွေက ဖမ်းလို့မမိနိုင် အောင်ပင် ရင်ဝကို တစ်လုံးပြီးတစ်လုံး ပစ်သွားနေသည်။

"အမှုအရာဆိုတာ နှလုံးသားက ရှေ့ပြေးလွှတ်လိုက်တဲ့ အသေခံတပ်သားပဲ စစ်ထင်ရ… အချို့အချစ်တွေကြ နောင်ချိန်က စတာပဲကွ။ တွေ့တိုင်း ရန်ဖြစ်ကြ…မဖြစ်ရတဲ့နေ့တွေမှာ သတိ ရနေတာမျိုးလေ"

စစ်ထင် ပြုံးလိုက်မိသည်။

ကြက်ကြီးဆိုတဲ့ကောင် လူကဲခတ်မညံ့ဘူးဆိုတာ သူ သိနေသည်။ ခုလည်း…

သူ ပြောသလိုပါပဲ။ စစ်ထင် မမကို သတိရနေမိသည် တွေ့တဲ့အချိန်မှာ မမနဲ့ ရန်ဖြစ်၊ ကွယ်ရာရောက်တော့ ထိုရန်ဖြစ်ခဲ့ ရတာလေးတွေကို တွေးကြည့်ပြီး ကြည်နူးမိတာ အမှန်ပါပဲ။

ဒါ အချစ်လား…

သူ့ကိုယ်သူ စမ်းစစ်ကြည့်ဖို့တော့ လိုလာပါပြီ။

"စစ်ထင် ငြိမ်လှချေလား…ဘာလဲ…ဝန်ခံတာလား"

ကြက်ကြီးက အကျီဝတ်ရင်း မေးလေသည်။

စစ်ထင် ထထိုင်ကာ…

"ငါ့ကိုယ်ငါ စမ်းစစ်ကြည့်ရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ယော့ကောင်...အပိုတွေ မလုပ်နဲ့။ တော်ကြာ စဉ်းစား ...င်း မင်းမမက ဆံဖြူသွားလိမ့်မယ်"

"ယော့ကောင် မမကို အဲလောက်တော့ မပြောနဲ့ကွာ။ မင်း ပြောသလောက် အသက်မကြီးသေးဘူး။ မမက အရွယ်တင်နုပျို နေတာပဲဟာ"

"မခံနိုင်တော့ဘူးလား...အဲဒါ အချစ်ကွ...အချစ်"

"ကဲ...ဟုတ်တယ်ကွာ...ဟုတ်တယ်၊ ငါ မမကို ချစ်နေ ...ဘယ်။ အဲဒါ ဘာဖြစ်လဲ"

ကြက်ကြီး သည်တော့မှ ကျေနပ်သွားဟန်နှင့် ပြုံးစစနဲ့ ...ုပ်သည်။ ပြီး...စစ်ထင်ဘေးတွင် ဝင်ထိုင်လိုက်ရင်း...

"ငါ နှင်းနဲ့ အဆင်ပြေနေပြီကွ"

စစ်ထင် သူနှင့်မဆိုင်သလိုလုပ်ကာ လေချွန်၍ မွေ့ရာပေါ် ... ထသွားလေသည်။

"ဒါက ဘယ်ကိုလဲ"

"မြို့လည်သွားမလို့"

ကြက်ကြီးကို လှည့်မကြည့်ဘဲဆိုကာ ဘောင်းဘီအိတ်ထဲ သို့ လက်နှိုက်၍ ခပ်ကျော့ကျော့လေး ထွက်လာခဲ့တော့သည်။

"ဟာင်...မမ"

"မင်း"

တလက်လက် တောက်ပနေသော စိန်လက်စွပ်တစ်ကွင်း ကို နှစ်ယောက်ပြိုင်တူ လှမ်းကိုင်မိသည့်အဖြစ်။ လက်ချင်းသိခတ်



www.burmeseclassic.com

www.burmeseclassic.com



သွားသဖြင့် အားနာသလို ငုံ့အကြည့်တွင် သူ့ကို ပြန်လည်၍ မော့ကြည့်လာသော မျက်နှာကလေးကို မြင်ရခိုက် ရင်တွေ ဒိုင်းခနဲ ဆောင့်ခုန်သွားလေသည်။

"မမ ကြိုက်ရင် ယူလေ"

နွေ့ သူ့ကို ခပ်စူးစူးကြည့်လျက်…

"ဒါ…မင်းရဲ့ဆိုင်လား"

"မဟုတ်ပါဘူး…လာမယ့်ဆန်းဒေးမှာ ဒက်ဒီမွေးနေ့လေ အဲဒါ လက်ဆောင်ပေးမလို့"

နွေ့ လက်စွပ်ကလေးကိုယူ၍ ကျသင့်ငွေကို ဆိုင်ရှင်အား ရှင်းပေးနေသည့်တိုင် သူ နွေ့အနားမှ ထွက်မသွားသေးပါ။

သူနှင့်နွေ့ ဘာကြောင့် အကြိုက်ချင်းတူနေရတာလဲ။ သူ က ဆရာ့မွေးနေ့မှာ ဘော့စ်ကို လက်ဆောင်ပေးဖို့ပါ။

"မမနေရာမှာ အခြားတစ်ယောက်ဆိုရင် ဒီလက်စွပ်ကို ဘယ်လောက်ပေးရပေးရ ကျွန်တော် ရအောင်ယူမှာ"

"ဘာဖြစ်လို့လဲ"

စစ်ထင် သွားမပေါ်အောင် ပြုံးလျက် နွေ့မျက်နှာကို စောင်းငဲ့ကြည့်လိုက်ကာ…

"ကျွန်တော် ပြိုင်ဘက်ကို အရှုံးမပေးတတ်ဘူး"

"ဒို့က မင်းနဲ့ ပြိုင်ဘက်ဖြစ်နေလို့လား"

"တဒင်္ဂအတွင်းမှာပါ ဒီလက်စွပ်ကို ကြိုက်တဲ့စိတ်က အားပြိုင်နေတာပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



အရှုံးမပေးတတ်သူက အရှုံးပေးလိုက်သည်တဲ့။ ဒါ ဘာသဘောလဲ။

"မင်း ဘာဖြစ်လို့ ဒို့ကို အရှုံးပေးတာလဲ"

"မမက ကျွန်တော့်ရဲ့ပြိုင်ဘက် မဟုတ်ဘူး"

မမရယ်...

မမနဲ့ ပတ်သက်လာရင် ကျွန်တော် အမြဲတမ်း ရှုံးနိမ့်နေပါ စေ...ကျေနပ်နေမိတယ် မမ။

မမသာ ကျွန်တော့်ကို ရန်မူလိုတဲ့ မျက်လုံးတွေနဲ့ မကြည့် ခဲ့တော့။

"အရှုံးပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

အပြုံးအရယ်ကင်းမဲ့စွာ လှည့်ထွက်သွားသော မမ ကျောပြင်လေးကို ငေးမောကာ ကျန်ရစ်ခဲ့သည့် စစ်ထင်ကျော် တစ်ယောက် ဆိုင်ရှင်က မောင်လေး ဘာပစ္စည်းယူမှာလဲဟု မေးမှ သတိဝင်လာပြီး ရွှေသားကြိုးပဲ ပြုလုပ်ထားသော လက်စွပ် တစ်ကွင်းကိုယူ၍ ဆိုင်ထဲမှ ပြန်ထွက်လာခဲ့သည်။

နွေလည်း ဆိုင်ထဲမှ ခပ်သုတ်သုတ် ထွက်လာခိုက် ဆိုင် ပေါက်ဝတွင် တစ်ဦးတစ်ယောက်နှင့် ဝင်တိုက်မိလေသည်။

"အင့်"

"အို"

"ဟာ"

"ချလောက်"



www.burmeseclassic.com

www.burmeseclassic.com



အိတ်ထဲသို့ မထည့်ဖြစ်သေးဘဲ လက်မှကိုင်လာသော လက်စွပ်ဘူးလေးကို နွေ့လက်ထဲမှ ခုန်ဆင်းသွားလေသည်။ နွေ ယိုင်နဲ့သွားသောကိုယ်ကို ထိန်း၍ ပြန့်ကျဲသွားသော လက်စွပ်နှင့် ဘူးခွံလေးတွေကို လိုက်ကောက်ဖို့ဟန်အပြင် တစ်ဖက်လူက လက်စွပ်ကလေးကို ကောက်ယူနေသည်။ နှစ်ယောက်သား မတ်တတ်ရပ်လိုက်ကြပြီး တစ်ဦးမျက်နှာကို တစ်ဦးကြည့်မိခိုက်-

"နွေ"

"..........."

နွေ အံ့သြခြင်းနှင့်အတူ ရင်ထဲမှ ဆစ်ခနဲ နာကျင်သွား ရ၏။

ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးဆိုတာ တကယ်ပဲ ဖြစ်နေပါ ပြီ။ စာပေကို လက်ညှိုးထိုးပြီး အပြစ်ဖွဲ့လမ်းခွဲခဲ့သူကို မတွေ့ချင် လို့ ရှောင်တိမ်းခဲ့တာ ဆယ်နှစ်တောင်ကျော်ခဲ့ပါပြီ။ ခုတော့···

"နွေ···ဟုတ်ပါတယ်နော်"

သူ့အသံက တိုးသဲ့သဲ့။ အရင်ကထက် သန့်စင်ချောမောနေ တာကလွဲရင် သူ့ပုံစံက ဘာမှမပြောင်းလဲသလို။

"ဟုတ်ပါတယ်···ကျွန်မ နွေတန်ခူးအစစ်ပါ"

သူက ရီဝေသော မျက်ဝန်းအစုံနှင့် နွေ့ကိုကြည့်ကာ···

"နွေ···အရမ်းလှလာတယ်နော်"

"ထင်လို့ပါ"

သူက လက်စွပ်ကလေးကို ပြန်မပေးသေးဘဲ တစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



ငုံကြည့်ကာ…

"လက်စွပ်က ယောကျ်ားဝတ်ပဲနော်"

နွေ ဘာမှပြန်မပြောဖြစ်။

ထိုစဉ် နောက်မှ ခြေသံကြား၍ လှည့်ကြည့်လိုက်တော့ ဟိုကောင်လေးပဲ။

နွေ ထွက်ပေါက်တစ်ခုကို ရှာတွေ့သွားခဲ့သည်။ ဘုံလုံတစ်လှည့်၊ ငါးပျံတစ်လှည့်ပေါ့ စစ်ပြေရယ်။ ရှင့်ကြောင့် နှလုံးသားမှာ အမာရွတ်တွေ ကျန်နေပေမယ့် ရှင် ဘယ်တော့မှ မြင်ခွင့်မရစေရဘူး မှတ်ပါ။

သူတို့ကိုမြင်တော့ ကောင်လေးခြေလှမ်းတွေ တွန့်သွားကာ နွေ သတိထားမိလိုက်သည်။ နွေ မခို့တရို့ ပြုံးပြလိုက်ရင်း…

"ဟော…မောင် လာပြီ"

ပြောရင်း နွေက စစ်ထင်လက်မောင်းကို ချိတ်၍ စစ်ပြေရှေ့သို့ ရောက်လာသည်။ စစ်ထင် အခြေအနေကို အကဲခတ်ရင်း

"ဘာလဲဟင်…မမ"

"မောင့်ကို မမမိတ်ဆွေနဲ့ မိတ်ဆက်ပေးမလို့"

စစ်ပြေက လက်စွပ်ကလေးကို ပြန်ကမ်းပေးသည်။

"ရော့လေ…နွေ"

နွေ လက်စွပ်ကိုယူ၍ ဘူးထဲသို့ ပြန်ထည့်လိုက်သည်။ ပြီး…

"စစ်ပြေ…ဒါ ငါနဲ့လက်ထပ်တော့မယ့် ငါ့ရဲ့ချစ်သူ…



www.burmeseclassic.com

www.burmeseclassic.com



နာမည်က''

နွေ သူ့နာမည်ကို တစ်ခါမှ မမေးမိသဖြင့် အကူအညီတောင်းသလို သူ့ကို မော့ကြည့်လိုက်သည်။ သူကလည်း အကင်းပါးစွာ...

''ကျွန်တော့်နာမည် စစ်ထင်ကျော်ပါ အစ်ကို...နောက်လမ်းမှာတွေ့ရင်လည်း ခေါ်ပါ''

စစ်ပြေက ခေါင်းညိတ်ပြလျက်...

''အစ်ကို့နာမည်လည်း မှတ်ထားပါ...စစ်ပြေငြိမ်းတဲ့''

စစ်ထင် အပြုံးတွေ ဝေဝေဆာဆာနှင့် ခေါင်းညိတ်ပြသည်။ ရင်ထဲမှာတော့...

ဒီလူ မမနဲ့ ဘယ်လိုပတ်သက်နေသလဲ၊ မမ ငယ်ရည်းစားများလား...ဖြစ်နိုင်သည်။ မမကိုကြည့်နေတဲ့ ဒီလူရဲ့မျက်လုံးထဲမှာ ဆွေးမြေ့ရီဝေနေသလို သံယောဇဉ်အရိုးအငွေ့တွေ လွှမ်းခြုံနေတာ စစ်ထင် သိနေသည်။

ဒါဆို...

ဒီလူဟာ သူ့ရဲ့ပြိုင်ဘက်ပဲပေါ့။

''တိုက်ဆိုင်လိုက်တာနော်''

စစ်ပြေ ထိတ်ခနဲ ဖြစ်သွားသည်။ ဘာကိုတိုက်ဆိုင်တာလဲ။

''ညီ...ဘာကို ပြောတာလဲ''

''ဪ...ကျွန်တော်နဲ့ အစ်ကို နာမည်အစ ထိပ်ဆုံးလေး တူနေတာကို ပြောတာပါ''



www.burmeseclassic.com

www.burmeseclassic.com



တော်ပါသေးရဲ့။ နွေနဲ့သူ့အကြောင်းကို သိထားလို့ ပြောဘယ်မှတ်တာ။

"အဟင်း…အစ်ကို့အဖေနဲ့အမေက လူကြီးတွေပေးစားလို့ ယူထားကြတာဆိုတော့ အဆင်မပြေကြဘူးလေ။ အိမ်တွင်းစစ်တိုက်နေကြတာ…အစ်ကို့ကို မွေးပြီးမှ ကြင်နာသွားကြတာ။ အဲဒါကြောင့် အိမ်တွင်းစစ်ပြေငြိမ်းသွားတဲ့ အမိပ္ပာယ်နဲ့ ဒီနာမည်ကို ပေးခဲ့တာတဲ့"

"ဪ"

စစ်ထင် မျက်ခုံးနှစ်ဖက်ကို မြင့်တင်လိုက်ရင်း လက်ကသည်း မမပခုံးကို လှမ်းဖက်လိုက်သည်။

နွေ့ကိုယ်လေး တွန့်ခနဲ ဖြစ်သွား၏။ မသိမသာ ရုန်းလိုက်သေမယ့် မရပါ။ စစ်ထင်လက်က ပို၍ တင်းကျပ်လာသည်။ ကျန်သက်တစ်ဖက်က ဘောင်းဘီအိတ်ထဲသို့ ဟန်ပါပါ ထိုးသွင်းလိုက်သည်။ ပြီး…

"ကျွန်တော်ကတော့ စစ်သွေးစစ်မာန်နဲ့ ထင်ပေါ်ကျော်ကြားစေချင်တဲ့ရည်ရွယ်ချက်နဲ့ ထင်တယ်။ မိဘတွေက နာမည်ပေးထားတာ စစ်ထင်ကျော်တဲ့။ ကျွန်တော်ကလည်း တကယ့်ကိုထင်ပေါ်ကျော်ကြားတဲ့သူပဲ ဖြစ်ချင်တာ"

တစ်ဦးနှင့်တစ်ဦး…

သွယ်ဝိုက်သောနည်းဖြင့် ပညာပေးနေကြပြီ။ ခုချိန်မှာနွေက ပရိသတ်တစ်ဦးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ညီ့ကို လေးစားပါတယ်"

စစ်ပြေက နွေ့ဘက်သို့လှည့်ကာ…

"နွေက လူချွေးတော်တယ်နော်။ ညီက စကားပြောလည်း ကောင်းတယ်။ အရပ်ကလည်း တော်တော်မြင့်၊ ရုပ်ကလည်း အရမ်းချော၊ နွေနဲ့ယှဉ်လိုက်တော့ အိုင်နဲ့တီ အိုင်တီအစ်တ် စုံတွဲ လိုပဲ"

နွေရော စစ်ထင်ပါ မျက်နှာ ကွက်ခနဲ ပျက်သွားကြလေ သည်။ သူတို့နှစ်ယောက်ကို မတန်ဘူးလို့ ပြောလိုက်တာလား။ စစ်ထင် ချက်ချင်းပင် ပျက်သွားသောမျက်နှာကို ပြုပြင်၍ အပြုံး တစ်ပွင့်ကို ဖန်ဆင်း၍ နွေ့မျက်နှာကို ငုံ့မိုးကာ ကြည့်ရင်း…

"ဒါကတော့ အစ်ကိုရယ်…အချစ်မှာ အရပ်ရှည်တာ ပုတာ၊ အရုပ်ဆိုးတာ၊ ချောတာ၊ ဆင်းရဲတာ၊ ချမ်းသာတာ ဒါတွေ ဘာမှမရှိဘူး။ နှစ်ဦးနှစ်ဖက်အပြစ်ကို အချစ်နဲ့ဖုံးပြီး နားလည်မှုနဲ့ တန်းညှိလိုက်ရင် အားလုံးဟာ မျဉ်းပြိုင်ပါပဲ"

စစ်ပြေ၏စကားလက်နက်ကို ကာကွယ်ချေပနိုင်သော စစ်ထင်ကို နွေ အထင်မသေးရဲတော့။ ဟန်ကိုယ်ဖို့ဆိုသလို စစ်ပြေကိုနိုင်ဖို့အတွက် သူမ စစ်ကူပေးရမည်။

"ကိုယ်က ငုံ့ကြည့်ရမယ့်အရာကို ဘာလုပ်ရမှာလဲ။ ကိုယ် က မော့ကြည့်ရလို့ ဇက်ကျိုးရင် ကျိုးသွားပါစေ။ နွေကတော့ မြင့်တာပဲ ကြိုက်တယ်။ ဒါကြောင့်ပဲ မောင့်လိုလူကို ရွေးချယ် လိုက်တာလေ စစ်ပြေရဲ့။ အချို့ဆို လူနေမှုအဆင့်အတန်းကသာ



www.burmeseclassic.com

www.burmeseclassic.com



မြင့်နေတာ အတွေးအခေါ်က အဝီစိဆင်းနေကြတာ။ သူများရဲ့ အတွေးအခေါ်နဲ့ ရည်မှန်းချက်ပန်းတိုင်ကိုတောင် ဝါးခြမ်းပြား ဆောင်ထားတာပါလို့ လောကီညှိုးထိုးကွဲရဲ့ချင်သူတွေက တစ်ပုံကြီး''

ထိုပြီ...

စစ်ပြေ ချေပဖို့ စကားရှာမရအောင်ပင် စာရေးဆရာမပီပီ ချစ်ထည့်လိုက်သော စကားလုံးတွေက အရှိုက်ဆီသို့ တန်းတန်း ထိမတ်။

''ကဲ...မမ စကားပြောလို့ကောင်းပါရဲ့...မတ်တတ်ကြီး တွေ''

''ဟင်...ဟုတ်ပါရဲ့၊ စစ်ပြေ နွေ့တို့ကို သွားခွင့်ပြုပါဦး နော်''

''ကောင်းပြီ နွေ့...ဒါနဲ့ နွေ့လိပ်စာ ပေးခဲ့နိုင်မလား။ အားတဲ့အခါ လာလည်ဖို့ပါ။ နွေ့ကို နွေ့ဖေဖေအကြောင်း ပြောပြ ချင်တယ်''

ဖေဖေဆိုသောအသံကြောင့် နွေ့မျက်နှာပေါ်တွင် ဝမ်းနည်း ရိပ်တို့ ဖြတ်သန်းသွားသည်။

စိတ်နာလို့ အတိတ်မှာထားခဲ့တဲ့ နွေ့ဘဝအရိုးစုဆွေးကြီးကို သယ်နှစ်တာကာလ သချိုင်းကြီးထဲကနေ တူးဖော်၍ သယ်လာ ပေးနေပြန်ပါပြီ။

ဘာပဲဖြစ်ဖြစ် မိဘဆိုတာ အစားထိုးလို့မှ မရဘဲလေ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အပေါ် ဘယ်လောက်ပဲ ဥပေက္ခာပြုခဲ့ပါစေ အဖေဟာ အဖေ ပါပဲ။

ဖေဖေ…

ဘယ်လိုဒုက္ခမျိုးတွေနဲ့ ရင်ဆိုင်နေရမလဲ။ နွေ ဖေဖေ့ကို တွေ့ချင်လိုက်တာ။

"ဖေဖေ့အကြောင်း ငါ သိချင်တယ် စစ်ပြေ…နင် လာမယ်ဆိုရင် ငါ ဖိတ်ခေါ်ပါတယ်"

နွေ လိပ်စာကဒ်ပြားလေးကို ပိုက်ဆံအိတ်ထဲမှ ထုတ်ပေး လိုက်သည်။

"ငါ သွားမယ်နော်"

"ကောင်းပါပြီ"

နွေ စစ်ပြေကို ကျောခိုင်း၍ ထွက်လာခဲ့သည်။ စိတ် မကောင်းပါဘူး စစ်ပြေ။

တစ်ချိန်က ကျန်ရစ်ခဲ့ရသူက ငါပါ။

ငါ့ရဲ့တုံ့ပြန်မှုနဲ့ နင် တန်ပါတယ်ဟာ။



www.burmeseclassic.com

www.burmeseclassic.com



•

# အခန်း (၁၅)

"အိုး...လွှတ်တော့လေ"

နွေ့ စစ်ထင်ရင်ဘတ်ကို တွန်း၍ဆိုတော့ စစ်ထင်က ချက်ခုံးနှစ်ဖက်ကိုသာ မြှင့်တင်လိုက်တာ နွေ့ကိုယ်လေးကို လွှတ်ပေးချေ။

"အသားယူပြီး ဖက်ချင်လှလို့ ဖက်ထားတယ်မထင်နဲ့။ အောက်မှာ မမလူ ကြည့်နေတုန်း။ မယုံရင် လှည့်ကြည့်"

နားသို့ကပ်၍ တိုးတိုးဆိုလာသဖြင့် နွေ့ အောက်သို့လှည့်ကြည့်ဖို့ ပြင်ပြီးမှ လှည့်မကြည့်ဖြစ်တော့။ တကယ်ပဲ စစ်ပြေသူမတို့ကို ငေးမောကျန်ရစ်ခဲ့မယ်ဆိုတာ နွေ့ အလိုလို သိနေသည်။

ပြီးတော့...



www.burmeseclassic.com

www.burmeseclassic.com



သူမ၏နှားနှားသို့ ကပ်ပြောသော စစ်ထင်… မျက်နှာနှစ်ခု
နီးကပ်သွားချိန်မှာ နွေ့ ရင်တွေ လှုပ်ရှားသွားခဲ့သည်။

ဒါ ဘာဖြစ်တာလဲ…

သူမ ရေးခဲ့တဲ့ ဝတ္ထုတွေထဲကလို အို…မဖြစ်နိုင်ပါဘူး။
သူနဲ့ငါ ဘာဆိုင်လို့လဲ။

"မမ ကျွန်တော် ကားမောင်းမယ်နော်"

နွေ့ ဘာဖြစ်သွားတာလဲ။ သူ ကားတံခါးကို ဖွင့်ပေးတော့
သူမ ဝင်ထိုင်မိသည့်အထိ ပြောစရာစကားလုံးတွေ ပျောက်ဆုံးနေ
သည်။

နောက်ဆုံး…

ကားတံခါးကို ပိတ်ပေးပြီး သူမကို ရွှန်းလဲ့နေသော
မျက်ဝန်းအစုံနှင့်ကြည့်၍ ပြုံးပြသွားသော စစ်ထင်၏အပြုံးတစ်ပွင့်
အောက်မှာ သူမ၏ ခက်ထန်မှုတွေ ပြေလျော့သွားခဲ့သည်။

"ဘယ်ကိုမောင်းရမလဲ…မမ"

သူမ သတိဝင်သွားချိန်တွင် စစ်ထင်က ကားမောင်းသူ
နေရာမှာထိုင်၍ စက်တောင်နှိုးထားပြီးပြီ။

ချက်ချင်းပင် နွေ့မျက်နှာပေါ်သို့ တင်းမာမှုတွေက ခုန်
တက်လာသည်။

"မင်းကို ဘယ်သူက ဒီကားနဲ့ လိုက်ခွင့်ပေးလို့လဲ"

စစ်ထင်ကားကို အင်းလျားလမ်းဘက်သို့ ဦးလှည့်လိုက်
သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်မှာ ကားမပါဘူး မမရဲ့… ဒီတစ်ခါတော့ ...သမ်းကြုံလိုက်ခွင့်ပြုနော်"

သူမကလည်း သူငယ်ချင်းကားကို ငှားစီးလာတာ သူ ...သိပေ။ အထင်မကြီးနဲ့ ကောင်လေးရေ…

"မလိုက်ရဘူး…မင်း အခု ကားရပ်လိုက်"

"မမနော်…ကျွန်တော် အေးအေးဆေးဆေး တောင်းပန်နေ ...တာ ကလန်ကဆန် မလုပ်နဲ့။ ကားရောလှူပါ တစ်ခါတည်း ...ပြေးလို့ ဘာမှတ်လဲ"

"အောင်မယ်…လုပ်ရဲလုပ်ကြည့်ပါလား"

"ဘာလဲ…မလုပ်ရဲဘူးထင်လို့လား"

"စစ်ထင်ကျော်… ငါ ရဲစခန်းကို ဖုန်းဆက်လိုက်မှာ ...နော်"

နွေ အိတ်ထဲမှ Mobile ဖုန်းလေးကို ထုတ်ယူလိုက်စဉ် ...ထင်က ခေါင်းမော့၍ ရယ်လေသည်။

"ဆက်လေ… အဲဒါမှ ကိုစစ်ပြေကို သက်သေခေါ်ပြီး ...ခန်းမှာ ကျွန်တော်နဲ့မမ ချစ်သူတွေဖြစ်ကြောင်း တစ်ခါတည်း ...ရားဝင်ကြေညာလို့ရမှာ"

"မင်း"

နွေ့ကိုယ်လေး တောင့်ခနဲ ဖြစ်သွားသည်။ ဒါကိုကြည့်၍ ...ထင်တစ်ယောက် အလွန်သဘောကျသွား၏။

"အလကား…နောက်တာပါ မမရာ… ကျွန်တော်က



www.burmeseclassic.com

www.burmeseclassic.com



အချစ်ကို တရားသောနည်းလမ်းနဲ့ပဲ လိုချင်တာ"

ဒါ ဘာစကားလဲ။ နွေ့စိတ်ထဲမှာ ထင့်ခနဲဖြစ်သွား
ကားကလေး တုံ့ခနဲ ရပ်သွားလေ၏။

"ကားကို ဘာလို့ ရပ်လိုက်တာလဲ စစ်ထင်"

စစ်ထင် နွေ့ဘက်ကိုလှည့်၍ ကူရှင်ကို မှီလိုက်သည်

"မမကို မေးစရာရှိလို့"

"မင်းနဲ့ငါ့ကြားမှာ ဘာများမေးစရာရှိနေလို့လဲ"

"ဒါက မမအထင်လေ…ကျွန်တော့်မှာ ရှိချင်ရှိနေ
ပေါ့"

နွေ ဘာပြောရမှန်းမသိတော့။ စစ်ထင်က နွေ့မျက်နှာ
ကို စိုက်ကြည့်နေသဖြင့် နွေ မျက်နှာကို တစ်ဖက်သို့ လွှဲထား
၏။

နွေ ဘာဖြစ်နေတာလဲ။

ဒီအချိန်မှာ သူမ ဒီကောင်လေးကို ပက်ပက်စက်စက်
ပြောပစ်ရမှာ။

"ကိုစစ်ပြေက မမရဲ့ရည်းစားဟောင်းလား"

နွေ စစ်ထင်အကြည့်ကို ပြန်လည်၍ ရင်ဆိုင်လိုက်သည်

"ဟုတ်တယ်"

"မမက ကျန်ရစ်ခဲ့ရသူထင်တယ်"

နွေ မျက်နှာပေါ်သို့ ကျဆင်းလာသော ဆံပင်
ဆတ်ခနဲ ခေါင်းကို ခါထုတ်ပစ်လိုက်သည်။ ဆံနွယ်တွေကြား



www.burmeseclassic.com

www.burmeseclassic.com



ပြန်မော့လာသော မျက်နှာပြင်တွင် မာနရိပ်တို့ စွန်းထင်းလျက်…

"ဟုတ်တယ်… ဒါပေမဲ့ ကျန်ခဲ့ရလို့ ငါ မငိုခဲ့ဘူး။ ဝမ်းနည်းကြေကွဲရမယ့်အစား မာနနဲ့ ငါ့ဘဝကို တစ်ဆင့်ချင်း လှေကားထောင်ပြီး တက်ခဲ့ရတာ။ ခု စစ်ဆိုရင် ရေတောင် စစ်သောက်ဖို့ ငါ မကြိုးစားဘူး"

ပြုံးနေသော စစ်ထင်ကျော်၏ မျက်နှာပေါ်တွင် အပြုံးရိပ် ကလေး ပြေလျော့သွားလေ၏။

"ဒီလိုတော့ မပြောပါနဲ့ မမရယ်…လူနှစ်ယောက်ဟာ ပုံစံချင်း၊ နာမည်ချင်း တူချင်တူပေမယ့် ခံယူချက်ချင်းတော့ ဘယ်တူပါ့မလဲ။ ဥပမာ အရာဝတ္ထုတစ်ခုကို လူတစ်ယောက်က စွန့်ပစ်လိုက်ပေမယ့် အခြားတစ်ယောက်အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာတစ်ခု ဖြစ်ချင်ဖြစ်နေနိုင်တာပဲ။ ကိုစစ်ပြေက မမကို စွန့်ပစ်ခဲ့ပေမယ့် ကျွန်တော့်အတွက်တော့ မမဟာ ရတီမဖြတ်နိုင် တဲ့ ပတ္တမြားတစ်လုံးပါ"

ဘုရားရေ…

သူ နွေ့ကို သွယ်ဝိုက်ပြီး ရည်းစားစကားပြောနေတာပါ လား။ မဖြစ်ရဘူး။ သူ့ကို နွေ ချစ်လို့မဖြစ်ဘူး။ ရင်ခုန်သံတွေရယ် ကျွန်မရင်ထဲကနေ အဝေးဆုံးကို ထွက်ပြေးသွားပါတော့။

မာနတွေ ဘယ်ရောက်ကုန်ပြီလဲ။ အချစ်နဲ့ပတ်သက်လာ ရင် မာနဆိုတာ အချစ်ရဲ့ ခြေဖဝါးအောက်က မြူမှုန်လေးပါလား။ နွေ စိတ်တင်း၍ နှုတ်ခမ်းကို တမင်မဲ့ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းစကားတွေက ဝတ္ထုထဲမှာ ထည့်ရေးဖို့ကောင်းပါ တယ်။ မင်းသမီး ကြွေသွားဖို့ ကျိန်းသေတယ်။ ဒါပေမဲ့ ငါက အချစ်ရဲ့ဒဿနကို ဝတ္ထုထဲမှာပဲ ချရေးတတ်တာ။ လက်တွေ့ဘ မှာ မခံစားတတ်ဘူး"

စစ်ထင်၏မျက်ဝန်းအစုံမှာ အလွမ်းတွေ အရည်ပျော်ချထား သည့်နှယ်။

မှန်ကန်သောသစ္စာကို တင်ပြ၍ အယူခံဝင်ခွင့်ရလျှင် သူ မမကို သိပ်ချစ်သည်။ အသက်နှစ်ဆယ့်ငါးနှစ်ရှိသည့်တိုင် ဘယ် မိန်းကလေးကိုမှ ရိုတိုတိုစကားတောင် စစ်ထင် မပြောခဲ့ဘူးပါ။

"ကျွန်တော် ဒီကားပေါ်က ဆင်းကျန်ခဲ့ရတော့မလား မမ"

"ဆင်းပေါ့…အစကတည်းက မင်းကို လိုက်ခွင့်ပေးခဲ့ လား"

မမရယ်… တကယ်ပဲ မမ နှလုံးသားက ကျောက်ဆစ်ရု လား။

"ဆင်းလေ…ဘာလုပ်နေတာလဲ"

စစ်ထင် မလှုပ်မယှက် ထိုင်၍ မွေ့မျက်နှာကို ကြည့်နေ အတန်ကြာမှ…

"သွားမှာပါ မမ…ဒါပေမဲ့ ကျွန်တော် မသွား ကျွန်တော့်ရင်ထဲက ခံစားချက်အစစ်အမှန်တွေကို မမသိအော ပြောခဲ့ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



မပြောပါနဲ့လား စစ်ထင်ရယ်။ အချစ်ဆိုတာ ငါ့ဘ၀အတွက်တော့ ကန္တာရလွင်ပြင်ကျယ်ကြီးထဲက သဲမှုန်ကလေးပါပဲ။

"မမကို ကျွန်တော် ချစ်တယ်"

လှိုက်ခုန်သွားသော ရင်ခုန်သံ၏နောက်ကျောမှာ သူကြားနိုင်သော ရှိုက်သံသဲ့သဲ့။ ကားတံခါးကိုဖွင့်၍ ဆင်းသွားသော စစ်ထင်၏ကျောပြင်ကို ငေးမောလျက် နွေ့ရင်မှာ ပူလောင်ခြင်းတွေ စီးဝင်လာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၆)

"မမ... ညည့်သည်ရောက်နေတယ်"

တံခါးဝတွင် လာရပ်ရင်း လှမ်းပြောလိုက်သော နှင်းစက်၏အသံက မာဆတ်ဆတ်။ အမြဲတမ်း ပြုံးနေတတ်သော နှင်းစက် မျက်နှာက သုန်မှုန်နေသည်။ နွေ စာရေးနေရာမှ ကျောကိုဆန့်၍-

"ဘယ်သူလဲ နှင်းစက်"

"မမရဲ့ တစ်ချိန်က အသဲနှလုံးကြီးလေ"

ဒါဆို စစ်ပြေပေါ့။

နှင်းစက် မျက်နှာတင်းနေတာ ဒါကြောင့်ကိုး။ တစ်ချိန်က နွေ စစ်ပြေအကြောင်းကို နာကြည်းစွာ ပြောပြတိုင်း အံလေးကြိတ်၍ ငိုခဲ့ရှာသော နှင်းစက်ပါ။ စစ်ပြေအပေါ် မုန်းခဲ့တဲ့ နွေ့အမုန်း စက်ယန္တရားကြီးက နှင်းစက်ဆီကို ကူးစက်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး မမရဲ့"

နွေ့ အပြင်ထွက်ဖို့ ခြေလှမ်းပြင်လိုက်စဉ် နှင်းစက်က သူမ ...ခုံရပ်၍ တားဆီးလိုက်သည်။

"ဘာလဲ···နှင်းစက်"

"မမနဲ့ကိုစစ်ပြေ ဘယ်တုန်းက ပြန်တွေ့ခဲ့တာလဲ။ ပြန်ပြီး ...င်ပြေနေပြီလား"

"ငါ့ တရားခံမဟုတ်ဘူး နှင်းစက်··· နင် ဘာဖြစ်လို့ ...ကို ဒီလောက် စစ်တမ်းထုတ်နေရတာလဲ"

"လိုလားမှုမရှိလို့ပေါ့ မမ··· စာပေကို လက်ညှိုးထိုးပြီး ...ပြစ်ဖွဲ့ အနိုင်ပိုင်းသွားတဲ့ လူတစ်ယောက်ကို မမ ထပ်အရှုံး ...ပေးစေချင်ဘူး"

ညီမလေးရယ်··· မမနှလုံးသားတွေ တကယ်ပဲ ကျရှုံးနေ ...ပြီ။ ဒါပေမဲ့ ညီမလေး ထင်သလို စစ်ပြေကြောင့်တော့ မဟုတ် ...ဘူး။

"မမ"

"မပြောနဲ့တော့ နှင်းစက်··· နင် ခုလိုပြောနေတာတွေဟာ ...ဒဏ်ရာတွေကို ထိပါးစော်ကားနေသလိုပဲ။ နွေ့တန်ခူးရဲ့ဘဝမှာ ...ရှုံးဆိုတာ ဘယ်တော့မှ မရှိဘူး"

နွေ့ ထိုမျှသာဆိုပြီး အောက်ထပ်သို့ ဆင်းလာခဲ့သည်။ ...မကိုမြင်တော့ စစ်ပြေက မတ်တတ်ရပ်လိုက်၏။

"နွေ့"



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ပါ စစ်ပြေ"

နွေ စစ်ပြေနှင့် မျက်နှာချင်းဆိုင်တွင် ထိုင်လိုက်၏။

"ထင်တောင်မထင်မိဘူးဟာ… နင် တော်တော်တိုးတက်လာတာပဲနော်။ အခြေအနေတွေအားလုံး ပြောင်းလဲမြန်လိုက်တာ"

စစ်ပြေ ဘာကိုရည်ညွှန်း၍ ဆိုသည်ဆိုတာ နွေ သိနေသည်။ မိန်းကလေးတစ်ယောက်အနေနဲ့ ချွတ်ချုံပြာကျဘဝကခုလို တိုက်နဲ့၊ ခြံနဲ့နေနိုင်အောင် ကြိုးစားခဲ့တာကို ဘယ်သူယုံနိုင်မှာတဲ့လဲ။ နွေ အပြုံးယဲ့ယဲ့နှင့် သူ့အမေးကို မဖြေမိသေးခင်

"အဲဒါ မမ သိပ်ချစ်ခဲ့တဲ့ စာပေရဲ့တုံ့ပြန်မှုလက်ဆောင်တွေပဲပေါ့ ကိုစစ်ပြေ"

လှေကားပေါ်မှဆင်းလာရင်း လှမ်းပြောလိုက်သောနှင်းစက်၏အသံ။ နှင်းစက်စကားကြောင့် စစ်ပြေ ခေါင်းငုံ့သွားလေသည်။ နှင်းစက်က နွေ့ဘေးတွင် ဟန်ပါပါ ဝင်ထိုင်လိုက်ရင်း…

"ဒီသာပါမောက္ခက သမီးကညာကို တပည့် ပိဂ္ဂိုတ္တရလက်ဆက်ပေးပေမယ့် ဒီသာပါမောက္ခကြီးရဲ့သမီးကို ပိဂ္ဂိုတ္တရလုလင်က စွန့်ပစ်ခဲ့တယ်။ ပိဂ္ဂိုတ္တရက မလိုချင်လို့ စွန့်ပစ်ခဲ့တဲ့မိန်းမပျိုဟာ ဝိဒေဟရာဇ်မင်းကြီးနဲ့ တွေ့သွားတော့ မိန်းမပျိုချစ်ခင်စုံမက်ပြီး ဥဒုမ္ဗရဒေဝီ မိဖုရားအဖြစ် တင်မြှောက်လိုက်တယ်တဲ့ ကိုစစ်ပြေရဲ့… လူတစ်ယောက်က အထင်သေးပြီး ကဲ့ရဲ့ရှုတ်ချလိုက်တဲ့အရာဟာ အခြားတစ်ယောက်အတွက်



www.burmeseclassic.com

www.burmeseclassic.com



တော့ ဘဝတက်လမ်းတစ်ခု ဖြစ်နေနိုင်တာပဲလေ။ ခုဆိုရင် မမက ဥဒုမ္ဗရဒေဝီ မိဖုရားဖြစ်တော့မှာ ကိုစစ်ပြေရဲ့"

"နှင်းစက်"

နွေ နှင်းစက်ကို ခပ်တင်းတင်း ကြည့်ပစ်လိုက်သည်။ နှင်းစက်စကားတွေက ပေါက်စီတစ်လုံးလို အပေါ်ယံက ဘာမှ မဟုတ်သလို ရှိနေသော်လည်း အနှစ်က အချိုစူးလွန်တာကို ဘယ်သူက မသိဘဲရှိပါ့မလဲ။

"ကိုယ့်အရာမဟုတ်ရင် နေရာတကာ ဝင်ပါတာကို မကြိုက်ဘူး နှင်းစက်… နင်လည်း မင်းဥယျာဉ်တံခါးထက်က ပုတ်သင်လို အသပြာလေးရွေး လည်ပင်းပေါ်ဆွဲပေးလို့ မင်းချင်းကို ဦးခိုက်ဖို့ မေ့နေတာမျိုး မဖြစ်စေနဲ့"

နွေ မာန်မဲလိုက်တော့ နှင်းစက် နှုတ်ခမ်းကိုစူကာ ခြေဆောင့်၍ ထွက်သွားလေသည်။

သည်တော့မှ စစ်ပြေလည်း 'ဟင်း' ချနိုင်တော့၏။

"ငါ တောင်းပန်ပါတယ် စစ်ပြေ"

"ရပါတယ် နွေ… နှင်းစက်ပြောတာ မှန်ပါတယ်။ တကယ်ပဲ ထင်တောင်မထင်မိဘူး။ စာရေးဆရာမရဲ့ညီမပီပီ စကားတွေက တတ်လိုက်တာ။ ပညာသားနဲ့ ကိုယ့်ကို ဖွဲ့သွားတာ ချေပစရာ စကားလုံးတောင် ရှာလို့မရဘူး"

နွေ စစ်ပြေကို အားနာသလို ကြည့်လိုက်မိသည်။ တကယ် ဆို နှင်းစက် ပြောသင့်ပြောထိုက်လို့ ပြောသွားတာ ဖြစ်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



လူမှုရေးရှုထောင့်က ကြည့်လျှင်တော့ ရိုင်းစိုင်းရာကျနေပေမည်။ နွေ့ အိမ်ကို သူ ဘာအကြောင်းနဲ့ပဲ လာခဲ့လာခဲ့ အိမ်ရှင်၏ဝတ္တရား အရတော့ ဖော်ရွေစွာ ဆက်ဆံသင့်သည်ဟု နွေ့ ထင်သည်။

"နင် ဘာသောက်မလဲ စစ်ပြေ"

"နေပါစေ…အပြင်မှာ ကိုယ် ကော်ဖီသောက်ခဲ့ပြီးပြီ"

"ဟုတ်ရဲ့လား"

"တကယ်ပါ… ငါ နင့်အဖေအကြောင်း ပြောချင်လို့ လာခဲ့တာ"

စစ်ပြေ စကားထဲမှာ သူ့ကိုယ်သူ ကိုယ်ဖြစ်လိုက်၊ ငါဖြစ် လိုက် ဖြစ်သွားတာကို နွေ့ သတိထားမိသည်။ သူငယ်ချင်းဆို သော သံယောဇဉ်တွေနဲ့ အမြစ်တွယ်လာပြီးမှ အချစ်ဆိုတဲ့ ပင်စည်ပင်ကိုင်းတွေ ဆင့်ပွားခဲ့မိတဲ့ သူတို့နှစ်ယောက်ကြားမှာ ဒါတွေဟာ ဆန်းသလား။

"ဦးလေးကို နင် တစ်ခါလောက်တော့ သွားတွေ့သင့် တယ် နွေ့"

နွေ့မျက်နှာလေး ညှိုးလျှသွားသည်။ ဖေဖေ့ကို စိတ်နာလို့ မဟုတ်ပေမယ့် သူ့မယားကိုတော့ နွေ့ မုန်းသည်။

ဒါကြောင့်…

ဖေဖေ့ကို နွေ့ အဆက်အသွယ်မလုပ်ခဲ့တာ ဆယ်နှစ်။

"သူတို့ အရင်နေရာမှာပဲလား စစ်ပြေ"

"ဟုတ်တယ် နွေ့… ဦးလေး ကျန်းမာရေးမကောင်းဘူး။



www.burmeseclassic.com

www.burmeseclassic.com



တ်ထောင်းလို့ကိုယ်ကြေတာပေါ့ဟာ... သူ့မိန်းမက တော်တော်းတာဟာ... အသုံးအဖြုန်းက ခုထိ မလျှော့ဘူး။ အလှအပကိုခင်လိုက်တာလည်း လွန်ရော... ဒီကြားထဲ အိမ်ထောင်ရေးဖောက်ပြန်"

"ရပြီ... စစ်ပြေ၊ ဒီလောက်ဆို ငါ သဘောပေါက်ပြီ"

နွေ အံကို တင်းတင်းကျိတ်ထားလိုက်သည်။ ရင်ထဲမှာဆို့နစ်သွားလေ၏။ နွေ ဖေဖေ့ကို ပြစ်ထားခဲ့မိတာ များပြီ။ နွေ့ဖေ့ဆီ အရောက်လာခဲ့မယ် ဖေဖေ။ ဖေဖေ ခံစားနေရတဲ့ ဒုက္ခဝေဒနာတွေကို သမီး ဆေးကြောသန့်စင်ပေးပါရစေ...။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၇)

နွေ ကားကို လမ်းထိပ်တွင် ရပ်ထားခဲ့၏။ လမ်းက ကျဉ်းတော့ ကားမဝင်သာပါ။ လမ်းထိပ်ကနေ ဖေဖေ့အိမ်လေး ဆီသို့ ညီအစ်မနှစ်ယောက် လမ်းလျှောက်ခဲ့ကြသည်။

"အဝတ်တွေ ဆပ်ပြာရေစင်အောင် လျှော်နော်… ဆပ်ပြာ ရေ မစင်လို့ကတော့ ရှင်နဲ့ ကျွန်မ တွေ့မယ်"

ခြံလေးထဲသို့ ဝင်လိုက်သည်နှင့် ကြားလိုက်ရသည့်အသံ က ကျိုးကန်းကြီး ထအာလိုက်သည့်နှယ်။

"မေမေ့ကို သတိရလိုက်တာ မမရယ်"

အိမ်ကလေးကိုကြည့်၍ နှင်းစက်က ခပ်တိုးတိုးဆိုသည်။ နွေကိုယ်တိုင်လည်း မေမေ့ကို လွမ်းပါသည်။ အဝေးမှပင် မြင်နေ ရသော မြင်ကွင်းကို ဆွဲသာထုတ်လို့ရရင် မေမေ့ကို ဆွဲပြပြီး ပြလိုက်ချင်သည်။ အဝတ်ဗိုတွေ တစ်ပုံတစ်ပင်ကြီး လျှော်နေတဲ့ ဖေဖေ။ ဆေးပေါ့လိပ်ကြီးကို ပါးစပ်မှာ ကိုက်လျက်…

www.burmeseclassic.com



နွေတို့ညီအစ်မ ခြေဖွ၍ ဖေဖေ့ဆီသို့ လျှောက်ခဲ့သည်။

"ဟင်"

အဝတ်ပုံကြီး၊ကို ကြည့်ပြီး နွေ့ရင်ထဲ နင့်ခနဲ ဖြစ်သွားရ၏။ နှင်းစက်ကတော့ အင့်ခနဲ ငိုကာ ဖေဖေ့ဆီသို့ ပြေးသွားလေသည်။

"ဖေဖေ"

နှင်းစက် သူ့ရှေ့သို့ ရောက်လာသည်အထိ ဦးအောင်နိုင် အဝတ်တွေကို လျှော်ဖွပ်နေဆဲ။

"ဖေဖေ··· ဒါတွေ ဖေဖေ ဖွပ်စရာလား။ ကြည့်စမ်းပါဦး မေရဲ့··· ဒီမှာ အတွင်းခံဘောင်းဘီတွေ၊ ဘော်လီအင်္ကျီတွေ ဖေဖေ ဒါတွေကို··· အဟင့်···ဟင့်"

"ကဲဟာ···ကဲဟာ"

နှင်းစက်က ဘောင်းဘီတွေ၊ ဘော်လီတွေကို တစ်ခုပြီး တစ်ခုယူ၍ အဝေးသို့ လွှင့်ပစ်နေသည်။ ဦးအောင်နိုင် ကြောင်ငေး၍ နှင်းစက်ကို ကြည့်နေသည်။

"ဖေဖေ···သမီး···သမီး···ဆောင်းနှင်းစက်လေ ဖေဖေရဲ့"

"သ···သမီး"

"ဖေဖေ"

သားအဖနှစ်ယောက် တစ်ဦးကိုတစ်ဦး ဖက်၍ငိုကြသည်။ နွေ့ရင်ထဲမှာ အခါခါထိန်းချုပ်ခဲ့ရသော မျက်ရည်တွေကို သွန်ချ



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ သို့သော် မာနစိတ်က ခွင့်မပေးတာလား၊ တေသ
ပေသားရနေလို့ မျက်ဝန်းက စာနာခြင်းကင်းမဲ့တာလား။ မျက်ရည်
ဆိုတာ တစ်စိုးတစ်စိမျှပင် ဖြတ်သန်းသွားလာခွင့် မရခဲ့။

"ဖေဖေ"

"သမီးလေး"

"ဟိုမှာ... မမ ဖေဖေ"

နှင်းစက်က နွေ့ကို လက်ညှိုးထိုးပြလိုက်တော့ ဦးအောင်မြ
နွေ့ကိုကြည့်ပြီး မယုံနိုင်။ အရင်တုန်းက ပိန်ကပ်ကပ် မွဲခြော
ခြောက်နဲ့ သမီးကြီး။ ခု... သူ့ရှေ့မှာ ရပ်နေတာက အသားဖြ
ခြင်းမဟုတ်ဘဲ ညီညီဖိုစိုစိုလေးနှင့် လှပကျော့ရှင်းနေသည့်
မိန်းကလေး။

"သ...သမီးကြီး...ဟုတ်ပါတယ်နော်"

အလွန်ရှားပါးလွန်းသော မျက်ရည်တစ်ပွင့်က လွင့်ခနဲ နွေ့
မျက်ဝန်းပေါ်မှ ခုန်ဆင်းသွားခဲ့သည်။

"ဟုတ်ပါတယ် ဖေဖေ... တစ်ချိန်က စာပေကို ရူးသွ
ခဲ့လို့ ဖေဖေကိုယ်တိုင် ပါးရိုက်ပြီး ဆုံးမခဲ့တဲ့ ဖေဖေ့သမီး
နွေ့တန်ခူးပါ။ ခုတော့ နာမည်ကျော် စာရေးဆရာမ နွေ့တန်ခူ
ပေါ့"

"ဖေဖေ မှားခဲ့ပါတယ် သမီးရယ်... ဖေဖေ့ကို ခွင့်လွှ
ကြပါ။ ခု ဖေဖေ နောင်တရနေပါပြီ"

"ဖေဖေရယ်"



www.burmeseclassic.com

www.burmeseclassic.com



နှင်းစက်က ဖေဖေ့ကို မော့ကြည့်ပြီး ဖေဖေ့မျက်ရည်တွေကို သုတ်ပေးနေသည်။

"ဖေဖေ မငိုပါနဲ့တော့နော်… မိဘမျက်ရည်စက် သားသမီးဆင်းရဲရင် တစ်သက်တဲ့ ဖေဖေရဲ့"

ဦးအောင်နိုင် မျက်ရည်တွေကို သုတ်၍ ပြုံးပြရှာသည်။

"ဖေဖေ မငိုတော့ဘူး… မငိုဘူး သမီး"

နှေ့ ဖေဖေ့ရှေ့သို့ တိုးသွားလိုက်ပြီး…

"မိဘတွေက သားသမီးဆိုးကို ပစ်ရိုးထုံးစံ မရှိသလို သားသမီးတွေရဲ့ဘဝမှာလည်း မိဘဆိုတာ အစားထိုးလို့ မရဘူး ဖေဖေ… ဖေဖေ ဒီဘဝမျိုးမှာ ဆက်ပြီးကျင်လည်နေရမှာကို သမီး မကြည့်ရက်ဘူး။ ဒီတော့ သမီး ဖေဖေ့ကို စကားတစ်ခွန်းလောက် မေးချင်တယ်"

"မေးပါ…မေးပါ သမီးရယ်"

နှေ့ အိမ်ကလေးကို တစ်ချက်ကြည့်လိုက်ပြီး…

"ဖေဖေ ဒေါ်မြင့်မြင့်ကို ပြတ်နိုင်သလား"

မထင်မှတ်သောမေးခွန်းကြောင့် ဦးအောင်နိုင် တွေခနဲ ဖြစ်သွားသည်။ သူ့ဘဝမှာ မယားဆိုတာကို ခင်တွယ်မိခဲ့လို့ မိသားစုမေတ္တာနဲ့ ကင်းဝေးခဲ့ရတာ ကြာခဲ့ပါပြီ။ ခုချိန်မှာ သူ အလိုချင် အတောင့်တဆုံးက သမီးနှစ်ယောက်ရဲ့ အားကိုးခင်တွယ်မှုနဲ့ အေးမြသော မေတ္တာတရားပါ။ ဦးအောင်နိုင် ခေါင်းကို ဆတ်ခနဲညိတ်ကာ…



www.burmeseclassic.com

www.burmeseclassic.com



"တစ်ထောင့်ငါးရာ ကိုလေသာ မေတ္တာဆိုတာ ပန်းချီ ပြခန်းထဲက ပန်းချီကားတစ်ချပ်လိုပါပဲ သမီးရယ်… ဆွဲပြီးကာစ မှာတော့ ဆေးရောင်တွေနဲ့ ထည်ဝါပြီး လှနေတာပေါ့။ နှစ်တွေ ကြာလာတော့လည်း အရောင်တွေ လွင့်လာတာပါပဲ။ သူ့အတွက် ဖေဖေဟာ သွားတိုက်ဆေးတစ်ဘူးပါ။ သူ့သွားတွေ ဝါနေတုန်း အချိန်မှာ ဖေဖေ့ကို အလိုရှိခဲ့ပေမယ့် သူ့သွားတွေ ဖြူလာတော့ လည်း ဖေဖေဟာ ချောင်ထိုးခံပစ္စည်းပေါ့"

"ဖေဖေရယ်"

သမီးနှစ်ယောက်ကို ရင်နှစ်ခြမ်း၊ လက်နှစ်ဖက်နဲ့ တွေး ပိုက်ထားချိန် အရာအားလုံးဟာ မှုန်ဝါးဝါးသာ ဖြစ်ခဲ့လေသည်။

"ဟဲ့…ဟဲ့…ဒါက ဘယ်လိုဖြစ်နေကြတာလဲ။ လူမြင်လို့ မှမကောင်း…ငါ့ခြံထဲမှာ နိုက်ကလပ် ဖွင့်ထားတာ မဟုတ်ဘူး"

နားထဲသို့ သံရေပူတွေ လောင်းချလိုက်သည့်နှယ်။

နွေ လှည့်ကြည့်လိုက်တော့ အိမ်ထဲမှ ပြေးဆင်းလာသော ဒေါ်မြင့်မြင့်။ နွေ ရင်ဆိုင်လိုက်သည်။

"ညည်းတို့ရုပ်ရည်တွေနဲ့များအေ…ငါ့ယောက်ျားကို"

"တော်စမ်း…နင့်ပါးစပ်ကို ပိတ်စမ်း"

ဦးအောင်နိုင် ဒေါသအရှိန်အဟုန်တွေ မြင့်တက်ကာ ဒေါ်မြင့်မြင့်ကို ရိုက်ရန် လက်ရွယ်လိုက်စဉ်…

"ဖေဖေ"

နွေ ဖေဖေ့လက်ကို ဖမ်းဆုပ်ထားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စ...သမီး...ရှင်းပါ့မယ်"

"ရှင်က ကျွန်မကို ရိုက်မလို့ပေါ့လေ...ရိုက်လိုက်စမ်း ပါ"

ဒေါ်မြင့်မြင့်က ရှေ့တိုးလာသဖြင့် နွေသူ့ရှေ့သို့ ဝင်ရပ်လိုက်သည်။ ပြီး...စူးရဲသော မျက်ဝန်းအစုံနှင့် ဒေါ်မြင့်မြင့်ကို ကြည့်လိုက်၏။ သူက ဖအေနဲ့သမီးတွေကို မတော်မတရား ပြောလာသည်ဆိုတော့...

"ကျွန်မမျက်နှာကို သေသေချာချာ ကြည့်ပါဦး... ဒေါ်မြင့်မြင့်ရဲ့"

နွေ ဆံပင်ကို သပ်တင်၍ မျက်နှာကို မော့ပြလိုက်သည်။

"ကံငါးပါးထဲမှာ ဒုသနသော ဆိုတဲ့ကံဟာ အပြစ်အကြီးဆုံးပဲ။ ကျွန်မ နွေတန်ခူးပါ။ ဒီနေရာမှာ ဖေဖေမပါတော့ဘဲ အခြားတစ်ယောက်ဆိုပါစို့။ သိန်းသန်းမြောက်မြားစွာ ချမ်းသာနေပါစေ ကျွန်မရဲ့သိက္ခာနဲ့ ဘယ်တော့မှ မလဲဘူး။ သူတစ်ပါးရဲ့ လင်ယောကျ်ားကို ကြာကူလီလုပ်မယ့်အစား အသက်ရှစ်ဆယ်အဘိုးကြီးက မုဆိုးဖိုဆိုရင် ကောက်ယူလိုက်... သိက္ခာရှိတယ် ဒေါ်မြင့်ရဲ့... ကျွန်မပြောတာ သဘောပေါက်ရဲ့လား"

ဒေါ်မြင့်မြင့် သူတစ်ပါးလင်ယောကျ်ားနှင့် ဖောက်ပြန်နေသည်ဆိုတာ နွေ သိထားသောကြောင့် ပညာသားနှင့် နှိပ်ကွပ်လိုက်ခြင်းပါ။

သည်တော့...



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြင့်မြင့်တစ်ယောက် အနာကို ဆားပက်ခံလိုက်ရသည်နှယ်။

"လက်စသတ်တော့ ညည်းက ငါ့ကို အိမ်တိုင်ရာရောက်လာပြီးစော်ကားနေတာပါလား။ ဒီမှာအေ့… ငါကလည်း ညည်း အဖေလို လူမမာစော်နံနေတာကြီးကို သည်းခံပြီး ပေါင်းနေရတာကြာရင် ငါပါ လူမမာစော်နံလာလိမ့်မယ်။ ဒါကြောင့် အိမ်က လူမမာနံ့ကို တခြားက ရေမွှေးနံ့နဲ့ ယာယီဖုံးလိုက်တာ ဆိုး သလား"

နွေ မဲ့ပြုံးပြုံးလိုက်သည်။

"ဒါဆို…ဒေါ်မြင့် ဖေဖေ့ကို စိတ်ကုန်နေပြီပေါ့နော်"

"ဟုတ်တယ်…ဟုတ်တယ်"

"ဒါဆိုလည်း လွယ်ပါတယ်။ ဒေါ်မြင့် ဖေဖေ့ကို ကွာ နိုင်မလား"

ဒေါ်မြင့်မြင့် နွေ့ကို မျက်လုံးပြူး၍ ကြည့်နေသည်။

"ဒေါ်မြင့်အတွက် မနစ်နာစေရပါဘူး။ ဒေါ်မြင့်ရဲ့ ဘ ရှေ့ရေးအတွက် နွေ ငွေဆယ်သိန်း ထုတ်ပေးမယ်…မနည်းပါ နော်"

"ကောင်းပြီလေ…ဘယ်မှာလဲ ငွေဆယ်သိန်း"

"ရော့…ပတ္တမြား၊ ရော့…နဂါးပါပဲ။ မရမှာ မိုးရို နဲ့"

နွေ အသင့်ယူဆောင်လာသော ကွာရှင်းစာချုပ်ကို ဒေါ်



www.burmeseclassic.com

www.burmeseclassic.com



မြင့်ရှေ့သို့ ထိုးပေးလိုက်သည်။

"ရော့…ဒီမှာ လက်မှတ်ထိုး"

ငွေမျက်နှာကြောင့် ဒေါ်မြင့်မြင့် ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးလိုက်သည်။ ပြီး… ဦးအောင်နိုင်က လက်မှတ်ထိုး၍ ကွာရှင်းလိုက်ကြသည်။

နွေ အိတ်ထဲမှ ငွေအထပ်လိုက်ကို ထုတ်ယူပြီး…

"ရော့…ဒီမှာ ဆယ်သိန်း၊ ကဲ… ဖေဖေ"

နွေ ဖေဖေ့ဘက်သို့ လှည့်လိုက်သည်နှင့် နှင်းစက်က ဖေဖေ့လက်မောင်းကို တွဲ၍ ထွက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၈)

"ဝေါ...ဝေါ"

"ဟာ"

အချိန်အခါမဟုတ်ပါဘဲ ငြိုးဟန်သဖြင့် မုန်းမာန်ဝင်ရှ
ဝေါခနဲ ရွာချလာသောမိုးကြောင့် စစ်ထင် ဟာခနဲ ဖြစ်သွားသေ
သည်။

"မိုးကလည်း ဆိုင်းမဆင့် ဘုံမဆင့်ဘဲကွာ... မိုးလည်
ချုပ်တော့မယ်။ မင်း ခုည ဒီမှာ အိပ်ပါလား ဖိုးဝါး"

"မိုးက မင်းဂျီးတော်မှ မဟုတ်တာ။ ရွာခါနီး မင်းဘ
လျှောက်လွှာလာတင်ရဦးမှာလား"

"အောင်မာ... ငါက မင်းအတွက် ညည်းပေးတာနော်"

ပိုးဟပ်က မျက်စောင်းထိုး၍ ဆိုလေရာ စစ်ထင်
ရယ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်တယ်ကွာ"

"ကျေးဇူးတင်ရင် ဒီမှာပဲ အိပ်လိုက်တော့"

"မဖြစ်ဘူး"

"ဘာလို့မဖြစ်ရမှာလဲ"

"မင်းပဲ ပြောဖူးတယ်လေ··· ညအိပ်ရင် မင်းက အတူတူ အိပ်တဲ့လူရဲ့ခါးကို ရှူးပန်းတတ်တယ်ဆို"

"ဟာကွာ"

ပိုးဟပ် မျက်နှာနီမြန်းသွားပြီး စစ်ထင် ပခုံးကို လက်သီးနှင့် ဖွဖွထိုးလေသည်။ စစ်ထင်က ရှောင်တိမ်းရင်း···

"ငါ့အတွက် ထီးတစ်လက်ပဲ ရှာပေး"

"ငါ့ကားယူသွားပါလား"

"ကားမစီးချင်လို့မှ မင်းအိမ်ကို လမ်းလျှောက်လာတာ ဆိုတွေ မပြောနဲ့။ ငါက မိုးရေထဲမှာ လမ်းလျှောက်ရတာ ပိုပျော်တယ်"

"ဒါဆိုလည်း ခဏစောင့်"

ပိုးဟပ် စစ်ထင်ရှေ့မှ ခပ်သုတ်သုတ် ထွက်သွားလေသည်။ စစ်ထင် မိုးရေစက်တွေကိုကြည့်၍ ပြုံးနေမိသည်။ ညယ်တုန်းကဆိုရင် မိုးလေးတစ်ဖွဲနှစ်ဖွဲကျတာနှင့် မိုးရေထဲမှာ ဘစားချင်လို့ အင်္ကျီကို ဆွဲချွတ်တတ်သူပင်။

"ကဲ···ရော···မနေချင်လည်း မြန်မြန်ကြွ"

ရာမရှူးထီးကလေးကို လှမ်းပေးသော ပိုးဟပ်အိမ်က



www.burmeseclassic.com

www.burmeseclassic.com



မကျေနပ်ပုံပေါက်နေသည်။

"စိတ်မဆိုးပါနဲ့ ပိုးဟပ်ရာ… ကြက်ကြီး မျှော်နေမှာစိုးလို့ပါကွ"

"သွားပါ…မင်းက ကြက်ကြီးကိုပဲ ခင်တွယ်တဲ့ကောင်"

စစ်ထင် ထီးကလေးကိုဖွင့်၍ ဆောင်းလိုက်ရင်း…

"ဘိုင့်ဘိုင်"

ပိုးဟပ်ကို နှုတ်ဆက်၍ မိုးရေထဲသို့ ပြေးထွက်လာခဲ့လေသည်။

အလင်းရောင်က တဖြည်းဖြည်း ပျောက်ကွယ်သွားလေပြီ။ မိုးဦးကျလို့ လျှပ်စီးက တဝင်းဝင်း လက်နေ၏။ အမြင်အာရုံက ဝိုးတဝါးပေမယ့် မိုးရေစက်တွေ ကိုယ်ကို ထိမှန်လာတိုင်း သူ့စိတ်ထဲမှာ ကြည်နူးနေမိ၏။

"တောက်…ဟင်း"

ပတ်ဝန်းကျင်ကို မေ့လျော့နေသော စစ်ထင် တောက်ခေါက်သံနှင့် သက်ပြင်းချသံကို ကြားလိုက်သဖြင့် အမြင်အာရုံကရှေ့သို့ စူးစိုက်မိသွားသည်။

"ဟင်… ကားတစ်စီးပါလား။ ဘာဖြစ်နေတာလဲ မသိဘူး"

စစ်ထင် တစ်ဦးတည်း ရေရွတ်ကာ ဘာအကူအညီပေးရမလဲမေးရန် ကားဆီသို့ တိုးကပ်သွားလေ၏။

"ဟို… ကားပျက်နေတာလား မသိဘူး။ ဘာအကူအညီ



www.burmeseclassic.com

www.burmeseclassic.com



ဆေးရမလဲ"

ကားအဖုံးကိုဖွင့်၍ ဟိုစမ်းဒီစမ်းလုပ်နေသော ဦးလေးကြီး အားမှာ အသံလာရာဆီသို့ အားကိုးတကြီး မော့ကြည့်လိုက်သည်။

"ဟင်…စစ်ထင်"

"မမ"

တိုက်လည်းတိုက်ဆိုင်ပါ့။

နှစ်ဦးသား အတန်ကြာအောင်ပင် အံ့သြစွာနှင့် တစ်ဦးကို တစ်ဦး ကြည့်နေမိသည်။ တစ်ကိုယ်လုံး မိုးရေတွေရွှဲနေသော နွကို စစ်ထင် ထီးကလေး မိုးပေးလိုက်သည်။ တစ်မိုးအောက်မှာ ခေါ်ယောက်အတူတူ။

"မောင်ရင်က တူမကြီးအသိလား"

"ဟုတ်ပါတယ်"

"ဦးလေးက ကားကို မောင်းပဲမောင်းတတ်တာ။ မပြင် တတ်ဘူးကွ… မောင်ရင်များ ပြင်တတ်လားမသိဘူး"

"ဟုတ်ကဲ့… ကျွန်တော် ကြည့်ပေးပါ့မယ်"

ပြောရင်း စစ်ထင်က လက်ထဲမှ ထီးကို နွေ့လက်ထဲသို့ ပြောင်းထည့်ပေးလိုက်၏။

"ရော့… မမ ထီးဆောင်းထား"

စစ်ထင် ကားစက်ဖုံးကို ဖွင့်၍ စစ်ကြည့်နေစဉ် နွေက သူ့ကို ထီးလေးမိုးပေးလာ၏။ နွေကို သမင်လည်ပြန်ကြည့်ကာ…



www.burmeseclassic.com

www.burmeseclassic.com



"မမပဲ ဆောင်းပါ"

"ရပါတယ်…တို့က စိုပြီးသား၊ မင်းက မိုးရေစွဲသေးတာ မဟုတ်ဘူး"

သည်လောက် ဂရုစိုက်၍ ပြောဖော်ရတာလေးကိုပင် ရင်ထဲမှာ လှိုက်ခနဲ ဝမ်းသာပီတိ ဖြစ်ရလေ၏။

"ကျွန်တော့်ကို တကယ်စိုးရိမ်တာလား"

နွေ မျက်နှာလွှဲသွားချေပြီ။

"ဒါဆို ဒီလိုလုပ်လေ… ကျွန်တော့်အင်္ကျီတွေ မမ ယူထား…ဟုတ်ပြီလား"

ပြောပြောဆိုဆို စစ်ထင် ရှပ်အင်္ကျီနှင့် အောက်ခံစွပ်ကျယ် ကိုပါ ချွတ်ပြီး နွေ့ကို လှမ်းပေးလိုက်သည်။

ယောကျ်ားတစ်ယောက်၏ ခန္ဓာကိုယ်ကို ဗလာကြီး မြင်လိုက်ရတော့ နွေ ရှက်ရွံ့စွာ လှည့်မကြည့်ရဲတော့။

စစ်ထင် ပြုံးလိုက်မိသည်။ ဇော်တော် အရှက်ကြီးတဲ့ မမ ပါလား။ ယောကျ်ားတစ်ယောက်က အင်္ကျီချွတ်ပြီး ကျောပြောင် ရင်ပြောင်နေတာ ဆန်းသလား။ သူ ကားစက်တွေကို စစ်ဆေး ကြည့်လိုက်သည်။

"ပန့်ကြိုးပြတ်သွားတာပဲ"

"ဟင်… ဟုတ်လား၊ ဒါဆို ဘယ်လိုလုပ်ကြမလဲ"

ပန့်ကြိုးပြတ်သွားသည်ဆိုတာနှင့် ကားမောင်းသည့်ဦးလေး ကြီးမျက်နှာ သွေးဆုတ်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ ကျွန်တော်လည်း မပြင်တတ်ဘူး"

"ဒုက္ခပဲ··· အိမ်က ကလေးက ကျန်းမာရေးမကောင်းလို့ ဆေးခန်းပြဖို့လိုက်ပါတယ်။ အချိန်မှ မီပါ့ဦးမလား မသိဘူး"

မျက်နှာလေးငယ်ငယ်နှင့် ညည်းတွားနေသော ဦးလေးကြီးကို ကြည့်၍ စစ်ထင် သနားသွားလေသည်။

"ကလေးက ဘာဖြစ်တာလဲ"

"အသဲရောင်တာလို့ ပြောတာပဲ··· ပိုက်ဆံမရှိတော့ ဆေးခန်းကို မပြတစ်ရက် ပြတစ်ရက်ပေါ့ကွယ်"

ကြားရတာ စိတ်မချမ်းသာစရာပါ။ ကိုယ်ကိုယ်တိုင် ဆင်းရဲဘူးပေမယ့် ဆင်းရဲသားတွေ၏ဘဝကို သူ ခံစားကြည့်လို့ ရနေသည်။ ထို့ကြောင့်···

"ဦးလေး ပြန်ချင်ပြန်လေ··· လိပ်စာပေးခဲ့၊ ကားကို ကျွန်တော် ပြင်ပြီး ပြန်ပို့ပေးပါ့မယ်"

ဦးလေးကြီးက နွေ့မျက်နှာကို အားကိုးတကြီး လှမ်းကြည့်လေသည်။

"နွေ့အိမ်ကို ဦးလေး သိနေတာပဲ။ ကားအတွက် စိတ်ချပါ"

နွေ့ ပိုက်ဆံအိတ်ကိုဖွင့်၍ ထိုဦးလေးကြီးကို ငွေငါးထောင် ထုတ်ပေးလိုက်သည်။ သူမ သွားတဲ့လမ်းက ငါးထောင် မတန်သည်တော့ သိသား။

"ဦးလေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

စစ်ထင် သူ၏ဘယ်ဘက်လက်ချောင်းလေးများကို ငုံ့ကြည့်လိုက်သည်။ လက်သူကြွယ်မှာ ရွှေသားကြီးပဲ ပြုလုပ်ထားသော အတောင့်အရှည်လေးနဲ့ လက်စွပ်ကလေးကို ချန်ထားပြီး လက်ခလယ်မှ ကျောက်နီလက်စွပ်ကလေးကို ချွတ်လိုက်သည်။

"ယူသွားပါ…ဦးလေး၊ ကလေးကို အချိန်မီ ဆေးကုပါ"

"ကျေး…ကျေးဇူးတင်လိုက်တာ မောင်ရင်ရယ်"

ဦးလေးကြီးမှာ ဝမ်းသာလွန်းလို့ မျက်ရည်များပင် လည်ရှာလေသည်။ ကျေးဇူးတင်စကား တတွတ်တွတ်ဆိုပြီး ထွက်ခွာသွားလေတော့ နွေ စစ်ထင်ကို လေးစားသလို ကြည့်လိုက်၏။ သူမကိုယ်တိုင်ပင် မရက်ရောနိုင်သောကိစ္စကို စစ်ထင်က လုပ်ပြသွားခဲ့ပြီ။ နွေလည်း ဆင်းရဲခဲ့ဖူးသူပါလေ။

"မမ"

"ဟင်"

"ဝပ်ရှော့တစ်ခုကို ဖုန်းဆက်ခေါ်ဖို့ မမမှာ ဖုန်းပါလား"

"သြော်…အင်း…ပါတယ်"

နွေ ဟမ်းဖုန်းလေးကို ထုတ်ပေးတော့ သူက ဝပ်ရှော့တစ်ခုကို ဖုန်းဆက်၍ ခေါ်လေသည်။ လောလောဆယ်တော့ သူနဲ့ နွေ နှစ်ယောက်တည်း။

"မမ…ကားထဲမှာ ဝင်ထိုင်နေပါ"

ဒုက္ခရောက်နေသည့်အချိန်မှာ အနားမှာ စစ်ထင်ရှိနေတော့



www.burmeseclassic.com

www.burmeseclassic.com



နေ့ အားတော့ရှိသွားသည်။ စစ်ထင်က ကားတံခါးကို ဖွင့်ပေးပြီး နေ့ကို ထိုင်စေသည်။

သူမက ကားထဲမှာ···

စစ်ထင်က မိုးရွာထဲမှာ···

ကြာကြာရပ်နေရင် အအေးမိပြီး ဖျားသွားနိုင်သည်။ နေ့နဲ့ တက်သက်ပြီး သူ သည်းခံတတ်တာလေးတွေ တွေးမိတော့ ရင်ထဲ မှာ ရှိန်းမြသွားလေ၏။ ကားအပြင်ဘက်သို့ သူမ ခေါင်းလေးပြူ ကြည့်ခိုက်···

"မိုးမတိတ်သေးဘူးလေ···ခေါင်းတွေ စိုကုန်မယ်"

"အစကတည်းက ရွဲပြီးသားပါ"

"တော်တော်ခေါင်းမာတာပဲ···စိုးရိမ်တဲ့လူကို အားနာဦး မှာပေါ့"

"ဘယ်သူက စိုးရိမ်ခိုင်းလို့လဲ"

"သူ့အလိုလိုဖြစ်လာတာပါ"

အကဲပိုလွန်းသော သူ့အမူအရာလေးကြောင့် ရင်ထဲမှာ သိုက်ခုန်သွားမိတာ အမှန်။ တစ်ချိန်က ချစ်သူနံဘေးမှာပင် ဒီလို ကြည်နူးမှုတွေ မရရှိခဲ့။ တွေ့လိုက်တိုင်း သူမ ဝါသနာကို အပြစ် မြင်ရှုတ်ချနေချင်သူ။ စစ်ပြေငြိမ်း၊ စစ်ထင်ကျော် သူမ ဘယ်သူ့ အကြင်နာအောက်မှာ ယစ်မူးနေမှာလဲ။

"အပြင်မှာ ရပ်မနေနဲ့···မင်းလည်း ကားထဲဝင်ထိုင်လေ"

"ဟို···မမ"



www.burmeseclassic.com

www.burmeseclassic.com



"လျှာမရှည်နဲ့…တက်မှာသာတက်"

စစ်ထင် မမကို အားနာလို့ အပြင်မှာရပ်နေတာ။ ခုလို မမက စေတနာတွေ ရေစီးကမ်းပြိုလိုက်တော့ စစ်ထင် လိုက်ခဲ့ ဝမ်းသာစွာ ကားထဲသို့ ဝင်ထိုင်လိုက်သည်။

"ရော့… မင်းအင်္ကျီတွေ ပြန်ဝတ်ထားလိုက်"

စစ်ထင် မမ လက်ထဲမှ အင်္ကျီတွေကို ယူလိုက်ပြီး ရေစိုနေသော မမကိုကြည့်ကာ ထိတ်ခနဲ စိုးရိမ်သွားလေ၏။ ပြီးတော့ သူ့အင်္ကျီတွေကို တစ်လှည့်၊ မမကို တစ်လှည့် စုန်ချီဆန်ချီကြည့်နေမိသည်။

"ဝတ်လေ…ဘာလုပ်နေတာလဲ"

"ဟုတ်…ဟုတ်ကဲ့…မမ"

စစ်ထင် စွပ်ကျယ်ဂျိုင်းပြတ်ကလေးကို အရင်ဝတ်၏။

"မမ"

"ဟင်"

"မမ တစ်ကိုယ်လုံး ရေတွေစိုနေတာ အင်္ကျီလဲလိုက်ပါလား"

"ဘာ"

နွေ့အသံက မိုးချုန်းသံထက်ပင် ကျယ်လောင်သွားသည်လား မသိတော့။ စစ်ထင် စေတနာကို မမ တစ်မျိုးထင်သွားပုံရသည်။ ဒေါသမျက်ဝန်းက သံကွန်ချာတစ်ခုလို စစ်ထင်ကို အုပ်မိုးလာ၏။



www.burmeseclassic.com

www.burmeseclassic.com



"တစ်လွဲမထင်ပါနဲ့ မမ··· မမ အအေးမိမှာစိုးလို့ပါ။ မမ ဒီအင်္ကျီကို လဲလိုက်ပါ။ ကျွန်တော် ဟိုဘက်လှည့်ပြီး မျက်စိမှိတ်ထားပါ့မယ်။ ဒါမှ မမ မယုံကြည်သေးဘူးဆိုရင် ကျွန်တော် အပြင်ထွက်ပြီး ရှောင်ပေးပါ့မယ်။ အင်္ကျီတော့ လဲပါနော် မမ"

ပျာပျာသလဲ တောင်းပန်နေသော စစ်ထင် အမူအရာကြောင့် နွေ့မျက်နှာမှာ ပြေလျော့သွားလေသည်။ စစ်ထင် ထားတံခါးကိုဖွင့်၍ အပြင်ထွက်ဖို့ ဟန်ပြင်လိုက်စဉ်···

"စစ်ထင်"

"ဗျာ"

"ဒါက ဘယ်ကိုလဲ"

"အပြင်ထွက်ပေးမလို့ပါ"

"မင်းအပြင်ထွက်ရင် မိုးစိုကုန်မှာပေါ့"

"ရပါတယ်···မမသာ"

"မျက်စိမှိတ်ထားရင် ရတယ်"

"ဟုတ်···ဟုတ်ကဲ့"

စစ်ထင် မျက်လုံးကို မှိတ်ထားလိုက်သည်။ စိတ်ထဲမှာ သူ့ကိုယ်သူ အံ့ဩနေမိ၏။ ဘယ်တုန်းကမှ သူများပြောသမျှကို ခေါင်းငုံ့၍ မနာခံတတ်သောသူ မမနဲ့တွေ့မှ ပုတ်သင်ညိုလေး ဖြစ်ခဲ့ရတာ အချစ်ရဲ့တန်ခိုးအာနိသင်တွေကြောင့်လား။

"ကြည့်လို့ရပြီ"

စစ်ထင် ပြုံးလိုက်မိသည်။ ပြီး··· မမကို လှည့်ကြည့်တော့



www.burmeseclassic.com

www.burmeseclassic.com



ချမ်းလို့ထင်ပါရဲ့။ အမြဲတမ်း နီထွေးနေတဲ့ မမနှုတ်ခမ်းသားလေး တွေ အပြာရောင်သမ်းနေတာကို ကားမီးရောင်နောက်မှာ မြင်နေ သည်။

"မမ ချမ်းနေပြီလား"

"ဒီလောက်စိုနေတာ မချမ်းဘဲရှိပါ့မလား…မင်းရော မချမ်းဘူးလား"

"ချမ်းတော့ချမ်းသလိုပဲ"

စစ်ထင်က လက်နှစ်ဖက်ကို ကြက်ခြေခတ်၍ သူ့ပခုံးသူ ဆုပ်ကိုင်၍ဆိုသည်။

နောက်…

နှစ်ဦးသား ငြိမ်သက်နေရင်းမှ…

"မမ"

"ဟင်"

"ကိုယ်ငွေ့ရရင် နွေးတယ် မမရဲ့"

"အို"

နွေ့မျက်နှာလေး ပန်းရောင်သမ်းသွားသည်။ စစ်ထင်က နွေ့အနားသို့ တိုးကပ်ကာ နွေ့ကိုယ်လေးကို သူ့ရင်ခွင်ထဲသို့ ဆွဲပွေ့ထားလိုက်၏။

"စစ်ထင် မင်း ဘာလုပ်တာလဲ"

"မမ ချမ်းနေတာ မကြည့်ရက်လို့"

"လွှတ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



နွေ့ ရှန်းပေမယ့် စစ်ထင်က လွှတ်မပေးပါ။ နွေ့ကိုယ်လေးကို ပို၍ တိုးဖက်ကာ တိုးတိုးပြောလေ၏။

"သိပ်ချစ်တယ် မမရယ်... ကျွန်တော် မမကို အရမ်းချစ်တယ်...သိလား"

"စစ်ထင်"

"မရုန်းပါနဲ့ မမရယ်... ကျွန်တော် မမကို ဖက်ထားချင်ရုံသက်သက်ပါ။ ကျွန်တော့်ရဲ့ကိုယ်ကျင့်တရားကို ယုံပေးပါ။ ကျွန်တော် မမကို ချစ်တာ အဖြူရောင်သက်သက်ပါ"

ချစ်သူ၏ရင်ခွင်သည် အချမ်းလွန်သည့်ကာလမှာ နွေးထွေးစေသလို ပူလောင်သော နွေ့နေ့လယ်ခင်း၌ အချစ်၏ရင်ခွင်သည် အေးမြစေ၏။ ချစ်သူ့ရင်ခွင်သည် ဥတုသုံးပါး၏ မုန်းတီးမှုဒဏ်ကို ကာကွယ်ပေးနိုင်သလား။ နွေးထွေးသောရင်ခွင်၊ နူးညံ့သော အနမ်းတွေရဲ့အောက်မှာ နွေ့စိတ်တွေ ပျော့ခွေယိုင်နဲ့သွားခဲ့သည်။

ဒါ အချစ်ကြောင့်လား။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၉)

နှင်းစက်တစ်ယောက် ဘာလုပ်လို့ ဘာကိုင်ရမှန်းပင် မသိ တော့။ မမ အဖျားတက်နေသည်။ ဆရာဝန်ကို ဖုန်းဆက်ခေါ် ကြည့်တော့ တောင်ကြီးကို သွားနေသတဲ့။ နှင်းစက်ကတော့ ထစ်ခနဲဆို ငိုဖို့ပဲသိတာ။ ခုလည်း မမဘေးမှာ ငိုနေမိသည်။ နှင်းစက် ဘာလုပ်ရမလဲ မမရယ်။

ဟုတ်ပြီ။

ကိုဖြိုးကို ဖုန်းဆက်ခေါ်ပြီး အကူအညီတောင်းရမှာပဲ။ နှင်းစက် ဟန်းဖုန်းကိုဖွင့်၍ ရဲဖြိုးဝေ၏ ဟန်းဖုန်းနံပါတ်ကို နှိပ်လိုက်သည်။

မေးခနဲ အိပ်ပျော်သွားသော ရဲဖြိုးဝေလည်း ခေါင်းအုံးဘေး တွင် ချထားသော ဟန်းဖုန်းက မြည်လာသဖြင့် မျက်လုံးကိုမဖွင့် ဘဲ ဟန်းဖုန်းကို ကောက်ယူနားထောင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုဖြိုး···ကိုဖြိုးလားဟင်"

"ဟင်"

အချစ်ဆုံး၏ အသံသည် နှီးစက်တစ်ခုလိုပ်ပါပဲလား။ နှင်းစက်အသံကို ကြားလိုက်တာနဲ့ ရဲဖြိုးဝေတစ်ယောက် အိပ်ရာထက်မှာ ထထိုင်လျက်သား ဖြစ်သွားလေ၏။

"နှင်း···နှင်းစက်"

"ကိုဖြိုး···ကိုဖြိုး···နှင်းစက်တို့အိမ်ကို ခုမြန်မြန်လာခဲ့ပေးပါလားဟင်"

စစ်ထင်လည်း အိပ်မပျော်သေးတာမို့ ရဲဖြိုးဝေ၏အနားသို့ တိုးကပ်ကာ···

"ညအချိန်မတော်မှ ဘယ်သူ့ဆီကလဲ"

ရဲဖြိုးဝေက လက်ကာပြသည်။ တိတ်တိတ်နေဆိုတဲ့ သဘောပါ။

"ဘာဖြစ်လို့လဲ နှင်းစက်···အရေးကြီးလို့လား"

"မမ အရမ်းဖျားနေတယ် ကိုဖြိုးရယ်··· အိမ်ဖော်ဖြူစွပ်ကလည်း သူတို့ရွာကို အလည်ပြန်သွားကြတယ်။ အဲဒါ အိမ်မှာ နှင်းစက်တစ်ယောက်တည်း ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဘူး။ ကိုဖြိုး လာခဲ့ပေးပါနော်"

နှင်းစက်အသံ ငိုသံပါနေသဖြင့် ရဲဖြိုးဝေ ပျာယာခတ်သွားလေသ၏။

"အိုကေ···ကိုယ် ခုပဲလာခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ရဲဖြိုးဝေ ဖုန်းကို ပိတ်လိုက်ပြီး စစ်ထင်ဘက်သို့လှည့်က

"မမ အရမ်းဖျားနေတယ်တဲ့ စစ်ထင်"

"ဟာ"

စစ်ထင် ခြေထောက်တွေက အလိုလိုရပ်ပြီးသား ဖြစ်သွား သည်။ မနေ့ကညမှာ မမ မိုးမိပြီး ဖျားတာပဲ ဖြစ်ရမယ်။

"ဒါဆို ဒို့... အမြန်သွားမှ ဖြစ်မယ်"

နှုတ်ထက် စိတ်က ပိုမြန်သည်။ စိတ်ထက် ခြေထော တွေက ပိုမိုသွက်လက်စွာ ကားပေါ်သို့ အရင်ရောက်သွာ စစ်ထင်ကျော်ပင်။ မမကို စိုးရိမ်စိတ်တွေကြောင့် စိတ်နဲ့ကိုယ် မကပ်ဘဲ ရှိနေရာမှ မမအိမ်ကို ဘယ်ကနေ ဘယ်လိုရောက်လာ မှန်းပင် မသိတော့ပေ။

"နှင်းစက်"

"ဟင်...ကိုစစ်ထင်...ကိုဖြိုးရော"

"ပါတယ်...နောက်မှာ မမ ဘယ်မှာလဲ"

"နှင်းစက်နဲ့ လိုက်ခဲ့လေ"

စစ်ထင် ဒါ... မမအိမ်ဆိုတာ မေ့လျော့နေသည် နှင်းစက်က အခန်းတံခါးကို ဖွင့်လိုက်သည်နှင့်...

"မမ"

မမဘေးနားသို့ နှင်းစက် အရင်ရောက်သွားတာပင် စစ်ထင်ပါပဲ။

"ဟာ... ကိုယ်တွေ ခြစ်ခြစ်တောက်ပူနေပါလား"



www.burmeseclassic.com

www.burmeseclassic.com



စစ်ထဝင် ရင်ထဲသို့ မမကိုယ်မှ အပူထက် သာလွန်သော အပူတွေ လွှမ်းခြုံသွားလေ၏။

"ကြက်ကြီး"

"ဘာလဲ···စစ်ထဝင်"

"ဒေါက်တာ···သန်းဝင်းဇော်ကို မင်း သွားပင့်ကွာ။ ငါကလို့ပြော···မင်းကို ငြင်းမလွှတ်ဘူး"

"ညအချိန်မတော်ကြီးကွာ··· ငါတစ်ယောက်တည်း"

"ဟာ···မင်း ယောကျ်ားမဟုတ်ဘူးလား"

"နှင်းစက်···လိုက်သွားမယ်လေ"

"ဒါဆို မြန်မြန်သွား"

နှင်းစက်နှင့်ရဲဖြိုးဝေ အခန်းထဲမှ ထွက်သွားကြလေသည်။ စစ်ထဝင် အောက်ထပ်သို့ အပြေးဆင်းလာပြီး ရေရရှိနိုင်သောနေရာကို မှန်းလာခဲ့ပြီး ဇလုံဖြင့် ရေထည့်ယူလာပြီး မမကို ရေပတ်တိုက်ပေးလိုက်သည်။

"မမ"

နှုတ်မှ ဖွဖွခေါ်ရင်း နွေ့မျက်နှာလေးကို သနားကရုဏာသက်စွာ ကြည့်နေမိ၏။

အတန်ကြာတော့ နွေ့ အဖျားကျသွားပြီး မျက်ခွံလေးတွေ သပ်လာသည်။

"အင်း···ဟင်း···ဟင်း"

"မမ···မမ···မမ သတိရပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

နွေ မျက်လုံးကို ဖွင့်ကြည့်လိုက်တော့ စိုးရိမ်ရိပ်တို့နှင့် သူမ ကို ငုံ့မိုး၍ ကြည့်နေသော စစ်ထင်။

"မမ...မထနဲ့လေ"

သူမ ထထိုင်ရန် ကြိုးစားလိုက်စဉ် ကိုယ်က ယိုင်နဲ့သွား သောကြောင့် စစ်ထင်က လှမ်းထိန်းထားလိုက်သည်။

"အား"

နွေ့ခေါင်းထဲမှာ မူးဝေသွားသည်။

"အဲဒါကြောင့် မမကို မထနဲ့လို့ ပြောတာပေါ့။ ကျွန်တော် ကို ခဏမှီထားနော်"

ချစ်ရသူ၏ရင်ခွင်ကို မှီထားရခြင်းသည် နွေကန္တာရ လောင်းရိပ်တစ်ခု ခိုမိသလို ရင်ထဲမှာ အေးမြခြင်းတို့ အစွန် ရောက်စေသည်။ မှောင်မိုက်သောည၊ တိတ်ဆိတ်သော ပတ်ဝန်း ကျင်မှာ ကားတစ်စီးပေါ်မှာ နှစ်ယောက်အတူရှိခဲ့ပါလျက် ကြင်နာ စွာ ထွေးပွေ့ခဲ့ရုံမှအပ ကိုယ်ကျင့်တရား မပျက်ပြားခဲ့သော စစ်ထင်၏ သမာဓိကို ခုလို မီးရောင်အောက်မှာ နွေ မယုံရဲစရာ မရှိလောက်ပေ။

"နှင်းစက်ရော"

"ကိုဖြိုးနဲ့ ဆရာဝန်သွားပင့်တယ် မမ"

"အို...သူတို့နှစ်ယောက်"

"စိတ်ချပါ မမ... ရဲဖြိုးဝေက ကိုယ်ကျင့်တရား



www.burmeseclassic.com

www.burmeseclassic.com



အဆက်ထက် တန်ဖိုးထားတတ်သူပါ”

နွေ နှင်းစက်အတွက် စိတ်ပူသွားမိတာ အမှန်ပါပဲ။ ဒါပေမဲ့ စစ်ထင်ပြောသလို ရဲဖြိုးဝေက လူတော်လူကောင်း တစ်ယောက်ဆိုတာ သူမ စုံစမ်းသိရှိထားခဲ့ပါပြီ။

ဪ···နှင်းစက်အတွက် ရင်အေးရပေမယ့် သူမ်အတွက် တော့ ချစ်တဲ့သူနဲ့ လက်ထပ်ရမယ့်သူဟာ သီးခြားကမ္ဘာပါပဲလား။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၀)

"ဟော့…မောင်ဝင်း ဘာလဲကွ"

အခန်းတံခါးကို ဖွင့်၍ ဝင်လာသော တပည့်ဖြစ်သူကို ဦးစစ်အောင် လှမ်းမေးလိုက်ခြင်းပါ။

"ဆရာ့နာမည်နဲ့ လက်ဆောင်ပစ္စည်းနှစ်ခု ရောက်လာလို့ လာပေးတာပါ ဆရာ"

"အင်း… မနက်ဖြန် ငါ့မွေးနေ့ပဲ။ သားဆီက မွေးနေ့ လက်ဆောင် ပို့ပေးတာထင်တယ်။ ယူခဲ့…ယူခဲ့"

မောင်ဝင်း စားပွဲပေါ်သို့ လာတင်ပေးသော ဘူးလေး နှစ်ဘူးကိုကြည့်၍ ဦးစစ်အောင် ပြုံးလိုက်မိသည်။ ပေးပို့သူအမည် တွေက ဘူးကလေးပေါ်မှာ ရေးထားသည်။

တစ်ဘူးက ဒက်ဒီရဲ့အချစ်ဆုံးသား စစ်ထင်ကျော်တဲ့။

ကျန်တစ်ဘူးက နွေတန်ခူးတဲ့။

အံ့ဩဖို့ကောင်းလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တည်း၊ တစ်ချိန်တည်း ပြိုင်တူရောက်လာတဲ့ ကော်ဆောင်နှစ်ခုက တစ်ရောင်တည်း၊ တစ်သွေးတည်း။ ဒီ လေးနှစ်ယောက် စိတ်ချင်းများဆက်နေရှာသလား။

"မောင်ဝင်း"

"ဗျာ···ဆရာ"

"ဖွင့်ကြည့်စမ်းကွာ"

"ဟုတ်ကဲ့"

မောင်ဝင်း ပါဆယ်ဗူးလေးနှစ်ခုကို ဖွင့်ကြည့်လိုက်တော့ ဦးစစ်အောင် ပါးစပ်အဟောင်းသား ဖြစ်သွားတော့၏။

"ဟာ···ဆရာ···အထဲက ဗူးလေးတွေကလည်း ပုံစံတူ ဆိုင်နာမည်တံဆိပ်ကလည်း အတူတူပဲ"

"ပေးစမ်းကွာ"

ဦးစစ်အောင် စိတ်လှုပ်ရှားစွာ ကိုယ်တိုင်ယူ၍ ဗူးလေး တစ်ဗူးကို ဖွင့်ကြည့်လိုက်သည်။

"ရွှေသားကြီးပဲလုပ်ထားတဲ့လက်စွပ်"

နောက်တစ်ဗူးကို ဖွင့်လိုက်တော့ တဖျပ်ဖျပ် တောက်နေ သည့် စိန်လက်စွပ်။ ဦးစစ်အောင် အံ့ဩလို့မဆုံးတော့ ပုံစံချင်း တူသော်လည်း ပစ္စည်းအမျိုးအစားက အတူတူ။ ဦးစစ်အောင် စက်ချင်းပင် ဖုန်းနံပါတ်တစ်ခုကို နှိပ်လိုက်သည်။

"ဟဲလို"

"········"



www.burmeseclassic.com

www.burmeseclassic.com



"နွေတန်ခူး ရှိပါသလားခင်ဗျာ"

"..............."

"ကျွန်တော် သူနဲ့ တွေ့ချင်လို့ပါ"

"..............."

"ဦးစစ်အောင်လို့ ပြောပေးပါ"

"..............."

"ဟုတ်ကဲ့…ဟုတ်ကဲ့"

ဦးစစ်အောင် ဖုန်းကိုကိုင်၍ ငါးမိနစ်လောက် စောင့်လိုက်ရပြီး နွေတန်ခူး၏အသံကို ကြားလိုက်ရသည်။

"ဟဲလို"

"သမီး…နွေလား"

"ဟုတ်ပါတယ်…ဆရာ"

"အန်ကယ်လို့ပဲ ခေါ်စမ်းပါ သမီးရယ်…အန်ကယ့်ကို သူစိမ်းလို မဆက်ဆံစမ်းပါနဲ့"

"ဟုတ်…ဟုတ်ကဲ့…ပြောပါ အန်ကယ်"

နွေက အန်ကယ်လို့ခေါ်မှ ဦးစစ်အောင် သဘောကျစွာ ခေါင်းတဆတ်ဆတ် ညိတ်လေသည်။

"သမီး"

"ရှင်"

"အန်ကယ် ပြောထားတဲ့ကိစ္စ စဉ်းစားပြီးပြီလား"

တစ်ဖက်မှ သက်ပြင်းချသံသဲ့သဲ့ကို ကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီး...လက်မခံနိုင်ဘူးလား၊ အန်ကယ့်ကို ပွင့်ပွင့်လင်းလင်းပြောပါ"

"မဟုတ်ပါဘူး အန်ကယ်...ဟို...အန်ကယ့်သားရဲ့ သဘောထားကို အရင်မေးကြည့်စေချင်ပါတယ်"

"ဘာမှမေးစရာမလိုပါဘူး သမီးရယ်။ သားက အန်ကယ့်စကားတစ်ခွန်းပဲ"

အစကတည်းက နွေ့ ဆုံးဖြတ်ပြီးသားပါ။ နွေတို့ဘဝက ဦးစစ်အောင် ရေလောင်းပေါင်းသင်ပေးခဲ့လို့ အညွန့်တလူလူနဲ့ ရှင်သန်ကြီးထွားခဲ့ရတာ။ ဘာပဲဖြစ်ဖြစ် ကျေးဇူးရှင် စိတ်ချမ်းသာဖို့အတွက် နွေ့ဘဝကို ပေးဆပ်ပါမည်။

"သမီး"

"ရှင်"

"ဘာဖြစ်သွားတာလဲ"

"ဘာမှမဖြစ်ပါဘူး အန်ကယ်... အန်ကယ့်သဘောအတိုင်းသာ စီစဉ်ပါ"

ဦးစစ်အောင် မျက်နှာကြီး ပြုံးသွားသည်။ ဖုန်းချလိုက်ပြီးဖြစ်သော်လည်း အတွေးထဲမှာ ကြည်နူးနေမိ၏။

သန်ဘက်ခါ သားနဲ့ တွေ့ရမည်။ ပြီး... မင်္ဂလာကိစ္စ စီစဉ်ရမည်။ သည်နောက်မှာ စိတ်ကူးတွေက နံပါတ်စဉ် တပ်လို့ပင် မရတော့။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၁)

ဒက်ဒီစကားကြောင့် စစ်ထင် နှလုံးသားတွေ ဆူပွက်ကုန်၏။

ဒက်ဒီက စစ်ထင်ကို အိမ်ပြန်လိုက်ခဲ့ဖို့ ခေါ်နေပြီ။ ပြီး… သူသဘောတူတဲ့ မိန်းကလေးနဲ့ လက်ထပ်ရမည်တဲ့။

"အဲဒါတော့ ဒက်ဒီ မတရားတာပဲ"

"ဘာကွ"

ဦးစစ်အောင် အသံကြီးက ဟိန်းထွက်သွားလေ၏။

"ဒီမှာ…စစ်ထင်ကျော်၊ မင်း နိုင်ငံခြားက ပြန်ရောက်ပြီးကတည်းက လွတ်လွတ်လပ်လပ် နေချင်ပါတယ်ဆိုလို့ ငါ ခွင့်ပြုခဲ့ပြီးပြီ။ ခု မင်း သွားချင်ရာသွား၊ နေချင်ရာနေခွင့် ငါ မပေးနိုင်တော့ဘူးကွ"



www.burmeseclassic.com

www.burmeseclassic.com



စစ်ထင် ကျစ်ခနဲလှပ်ကာ··

"ဒက်ဒီ ပြန်လိုက်ခဲ့ဆိုရင် သား အိမ်ပြန်လိုက်ခဲ့မယ်။ ဒါပေမဲ့ ဒက်ဒီ ပေးစားတဲ့ မိန်းမကိုတော့ သား မယူနိုင်ဘူး။ အိမ်ထောင်ရေးနဲ့ပတ်သက်ပြီး သားကို ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့် ပေးပါ"

ဦးစစ်အောင် သားကို စူးခနဲ စိုက်ကြည့်လိုက်သည်။ တစ်ဦးတည်းသောသားမို့ ဖူးဖူးမှုတ်ထားခဲ့တာ။ ကျန်တဲ့နေရာတွေ မှာ သားလိမ္မာဖြစ်ခဲ့ပါလျက် ခု ခေါင်းမာနေသည်။

"ဒက်ဒီက ဘူးဆိုရင် ဖရုံမသီးတတ်ဘူး···သား။ ဒါပေမဲ့ ခင်းကို အခွင့်အရေးတစ်ခုပေးမယ်။ မိန်းကလေးကို မင်း အရင် သိုက်တွေ့ကြည့်ပါဦး"

"ဘာမှတွေ့စရာအကြောင်း မရှိဘူး···ဒက်ဒီ"

ဦးစစ်အောင်က မျက်မှောင်ကြုတ်၍ ကြည့်တော့ စစ်ထင် မျက်နှာလွှဲလိုက်ကာ···

"သားမှာ ချစ်သူရှိတယ်"

"ဘာကွ"

ဦးစစ်အောင် ရုတ်တရက် ဒေါသထွက်သွားပေမယ့် အချိန် မီ ပြန်ထိန်းလိုက်နိုင်၏။

နှလုံးသားရေးကိစ္စဆိုတာ အတင်းအကျပ် လိုရာဖန်တီးယူ သို့မရနိုင်မှန်း သူ နားလည်ပါသည်။

သို့သော်···



www.burmeseclassic.com

www.burmeseclassic.com



မိဘကလည်း သားသမီးအတွက် စိုးရိမ်ကြောင့်ကြမှု များစွာနှင့် သားသမီးရဲ့ဘဝရှေ့ရေးအတွက် သင့်တော်သလို စီမံချင်ကြသည်။

ဒီလွန်ကြိုးတစ်ချောင်းဟာ…

"ကောင်းပြီလေ…မင်းရဲ့ရွေးချယ်မှုက ဒက်ဒီရဲ့စီမံမှု ထက်သာမယ်ဆိုရင် ဒက်ဒီ လက်ခံပေးမယ်"

"ဒက်ဒီ တကယ်ပြောတာလား"

ဦးစစ်အောင် ခေါင်းညိတ်ပြလိုက်တော့ စစ်ထင် ထခုန်မတတ် ဝမ်းသာသွားလေသည်။

"ဝမ်းသာလိုက်တာ ဒက်ဒီရယ်… သားရဲ့ချစ်သူက ဒက်ဒီ ရွေးချယ်တဲ့ မိန်းမထက် သာစေရမယ်…စိတ်ချ"

"စောင့်ကြည့်ရသေးတာပေါ့"

သားပျော်သွားပုံကိုကြည့်၍ ဦးစစ်အောင် ဟင်းမချနိုင်သေးပါ။ တကယ်လို့များ သားရဲ့ချစ်သူက နွေတန်ခူးလို အရည်အချင်းရှိနေခဲ့ပါလျှင် နွေတန်ခူးကို ငါ ဘယ်လိုပြောရမလဲ။

ဟူး…



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၂)

"ဒီစကားတွေကို ခုမှ ဘာဖြစ်လို့ ပြန်ပြောနေရတာလဲ စစ်ပြေ"

တစ်ခါတုန်းက သံယောဇဉ်တွေက လက်ကျန်အကြွင်း ကလေးတွေ ရှိခဲ့သည်မှစလို့ ခံစားချက်တို့က အုံကြွနိုးထလာခဲ့ တာ စစ်ပြေမှာ အပြစ်ရှိသလား၊ ချစ်ခဲ့ဖူးသူနှင့် လွဲခဲ့ဖူးသည့် နောက် အချစ်ကို အသစ်မရှာခဲ့တာ သူ့နှလုံးသားမှာ အစားထိုးလို့ မရနိုင်ခဲ့လို့ပါ။

ပြန်တွေ့ကြတော့လည်း···

သူ့မှာသာ တစ်ယောက်တည်း···

သူမကတော့ အချစ်သစ်နှင့် ပျော်ရစ်နေခဲ့ပြီ။

ဘာပဲဖြစ်ဖြစ်···



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူရှိတာ ကာမပိုင်လင်ယောကျ်ားရှိတာမှ မဟုတ်ဘဲ ငယ်ချစ်ဟောင်းကို အနှစ်တစ်သောင်းတောင် မမေ့ကြဘူးတဲ့ ဒီစကားလေးနဲ့ သူမှာ မျှော်လင့်ခွင့်ရှိပါသေးသည်။ ထို့ကြောင့်-

"နင့်ကို ကျောခိုင်းပြီး လမ်းခွဲခဲ့တယ်ဆိုတာ နင့်ကို မချစ် လို့ မဟုတ်ခဲ့ဘူး နွေ…ချစ်လွန်းလို့ နင် သဝန်တိုပြီး ပြောင်းလဲ လာအောင် ငါ ဖန်တီးခဲ့တာ"

နွေ နှုတ်ခမ်းထောင့်လေး ကွေးသွားသည်။

"နင်…သိပ်အတ္တကြီးတာပဲ စစ်ပြေ"

"ငါ့အတ္တတွေက နင့်ကို သိပ်ချစ်ခဲ့လို့ပါ နွေ"

"နင့်ဘက်က အဆုံးမသတ်လည်း ငါ ဆုံးဖြတ်ချက်က တော့ အပြီးအပိုင်ပဲ စစ်ပြေ… နွေတန်ခူးရဲ့ဘဝမှာ နောက်ပြန် လှည့်ကြည့်ခြင်းဆိုတာ ဘယ်တုန်းကမှ မရှိခဲ့ဘူး"

မယုံနိုင်လောက်အောင် ပြတ်သားသော နွေ့ပါလား စစ်ပြေ ဆွေးရသည်။ နွေ သူ့ကို တကယ်ပဲ မေ့နိုင်ခဲ့တာလား ဒါမှမဟုတ် သူ့ကို စိတ်နာလို့ တမင်ဟန်ဆောင်နေတာလား စစ်ပြေ ခေါင်းကို ခါယမ်း၍ ဝေခွဲမရနိုင်။

"နင်…တကယ်ပြတ်သားနိုင်လို့လား နွေ"

နွေ့ထံမှ လှောင်ပြုံးတစ်ချက်က စစ်ပြေ ရင်ကို နင့်သွား သွားစေသည်။

"ဘာလဲ… ငါ နင့်ကို မျှော်လင့်နေတုန်းလို့ နင် ထင်နေ သလား စစ်ပြေ… ဆောရီးပဲ၊ နွေတန်ခူးရဲ့ဘဝမှာ သောကခြေ



www.burmeseclassic.com

www.burmeseclassic.com



ကောက်ကြောင်းတွေ ထပ်ခဲ့တုန်းက ငါ့သေားနားမှာ အားပေးဖော် ချစ်သူဆိုတာ မရှိခဲ့ဘူးလေ။ လောကစံရဲ့ အထုအထောင်းခံဘဝ မှာ အချစ်ဆိုတာ သူ့...ပိုလို သေဆုံးသွားခဲ့တာပါ။ ခုမှ ငါ့အချစ် တွေဟာ တစ်ဖန် ပြန်လည်နိုးကြားခြင်းနဲ့ အချစ်ရှက်နုဝေခဲ့တာ”

နွေ့ရယ်…

အချစ်ဦးမို့ ရူးမတတ် ချစ်တတ်ကြတယ်ဆိုတာ စကားလုံး ထဲမှာ နင် ဘာဖြစ်လို့ မပါခဲ့တာလဲ။ မျှော်လင့်ခြင်းကမ်းတစ်ဖက် မှာ လှမ်းခဲ့တဲ့လက်တွေကို အငြိုးကြီးကြီးနဲ့ ရိုက်ပုတ်ပြီး ထုတ် ပစ်လိုက်တာလား။

“နင် စစ်ထင်ကျော်ကို တကယ်ချစ်ခဲ့တာပေ့ါနော်”

မေးနေပြီ။

နွေ့ ဘယ်လိုဖြေရမလဲ။

အမှန်ကို ဝန်ခံရလျှင် ဦးနှောက်က တွန်းတိုးလွှတ်နေတာ ထောင် နှလုံးသားက စစ်ထင်ကျော်ကို သတိရနေတတ်ခဲ့သည်။

နွေ့ ဝတ္ထုရေးတဲ့အခါ နွေ့ဝတ္ထုထဲက ဇာတ်ကောင်ဟာ စစ်ထင်ကျော်ပုံစံမျိုး ဖြစ်ခဲ့သည်။ အဲဒါ ဘာကြောင့်လဲ…

“သူနဲ့ပတ်သက်လာရင် ငါ့ရင်ထဲမှာ အမှတ်တရတွေ အများကြီးပဲ”

“ငါ စစ်ထင်ကျော်ထက်အရင် နင့်အချစ်ကို ရခဲ့ပေမယ့် ငါရခဲ့တာ ရွှေစင်ရုပ်အစစ် မဟုတ်ခဲ့တာ သိရတော့ ငါ ဝမ်းနည်း တယ်ဟာ”



www.burmeseclassic.com

www.burmeseclassic.com



"နင်က အချစ်ကို လောဘတကြီး လိုချင်ခဲ့တာကိုး"

"ငါ အရမ်းမှားသွားခဲ့တယ်၊ ဂါကယ်ဆိုရင် နင့်ရဲ့ဝါသနာကို ငါ နားလည်ပေးနိုင်ရမှာ"

"အဲဒါ…နင့်အတွက နင့်ကို ပြန်ပြီးဒဏ်ခတ်လိုက်တာပေါ့"

"ဟုတ်တယ်… နင် ငါ့ကို အရမ်းချစ်လို့ နင့်ဝါသနာကို စွန့်လွှတ်ပြီး ငါ့ရင်ခွင်ထဲ ပြေးဝင်လာအောင် တခြားမိန်းကလေးနဲ့ ငါ တွဲပြခဲ့တာ"

နွေ့ သက်ပြင်းသဲ့သဲ့ ချမိပါသည်။ စစ်ပြေကို သနားတော့ သနားသွားမိသည်။ ဒါပေမဲ့ သူမကိုယ်သူမပင် ပြန်ပြီးအံ့ဩနေမိသည့်အဖြစ်။ စစ်ပြေနဲ့ ချစ်သူဘဝကို အဆုံးသတ်ခဲ့ချိန်မှာ သူမ ရင်ထဲမှာ ကိန်းအောင်းနေခဲ့သည်က မခံချင်စိတ်၊ ဒေါသ၊ မာန အာဃာတတွေ…ဝမ်းနည်းပြီး မျက်ရည်ကျဖို့ဆိုတာ ယောင်လို့ပင် မစဉ်းစားဘူးခဲ့။ စစ်ထင်ကျော်နဲ့ ပတ်သက်လာတော့မှ ဝေးကြဦးမယ်ဆိုတဲ့ အသိဝင်လာတိုင်း ရင်ထဲမှာ ငိုချင်စိတ်ကို အနိုင်နိုင် ထိန်းနေရသည့်အဖြစ်။

"ခုတော့ နှောင်းလေပြီပေါ့ စစ်ပြေရယ်… အချစ်ဆိုတာ ကိုယ့်အိမ်မှာ မွေးထားတဲ့ တိရစ္ဆာန်လေးလို ချည်တိုင်ကို ပြန်မလည်တတ်ဘူးလေ"

"စစ်ထင်ကျော် ကံကောင်းပါတယ်"

နင် ထင်လို့လား စစ်ပြေ။



www.burmeseclassic.com

www.burmeseclassic.com



စစ်ထင်က နင့်ထက် ပိုပြီး ကံဆိုးရမယ့်သူပါ။ ငါ့ရင်ထဲ ...အချစ်တွေကို စစ်ထင် မြင်ခွင့်ရတာ မဟုတ်ဘူး။ အဲဒါ နင် ...ရဲ့လား။ ချစ်ခဲ့ပြီးမှ ဝေးကြတာထက် မချစ်ခင်က ကျောခိုင်းရ ...အဖြစ်က ပိုပြီး ရင်နာစရာကောင်းပါတယ်။ ပတ်ဝန်းကျင် ... လေတိုးသံမှအပ တိတ်ဆိတ်သွားလေသည်။ စစ်ပြေရော ...ပါ သတိမထားမိကြသည့် နေရာတစ်နေရာမှာ သူတို့နှစ်ဦးကို ...ည့်၍ တိတ်ဆိတ်ခြင်း မျက်ရည်ပွင့်တို့ကို လက်တို့၍ ရှိုက်ခဲ့ ...သူက စစ်ထင်ကျော်ပင်။

မမရယ်...

ချစ်ခဲ့သမျှကို အပြစ်ဖွဲ့ပြီး ကျွန်တော် ကျိန်ရစ်ခဲ့ရတော့မှာ ...။

ပထမဦးဆုံး ချစ်ခဲ့မိတဲ့ ကျွန်တော့်နှလုံးသားတွေ ပွဲဦး ...တည်းက ကျရှုံးခဲ့ပြီ မမ။ မပြိုင်ဆိုင်လိုပေမဲ့ အနိုင်လိုချင်တဲ့ ...တ်ကတော့ လှူတိုင်းရင်မှာ ရှိနေကြတာပဲ။ မမကို ပိုင်ဆိုင်ချင် ...မဲ့ ဒုတိယဆိုတဲ့နေရာမှာ ကျွန်တော် နှလုံးသားစက်ခလုတ်ကို ... ရပ်နားပစ်လိုက်တာ။

သိပ်ချစ်တယ် မမရယ်...

မမကို ကျွန်တော် အရမ်းချစ်တယ်။

"ဟင်"

"စစ်ထင်"

သစ်ပင်တစ်ပင်၏အကွယ်မှ ခေါင်းငိုက်စိုက်ချ၍ ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားသော စစ်ထင်ကျော်ကို လှမ်းမြင်လိုက်သည်နှင့် နွေ မျက်
ကွက်ခနဲ ပျက်သွားလေ၏။

သူ အထင်လွဲသွားပြီလား။

အို…သူနဲ့ငါက ဘာမှမဆိုင်ဘူးလေ။

"နွေ"

"ဟင်"

"နေပါစေ…သူနဲ့ငါက နားလည်မှုရှိပြီးသားပါ"

တကယ်ပဲ မမကို နားလည်ပေးပါ ကလေးရယ်…။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၃)

စင်တာတစ်ခုလုံးကို ကြည့်နိုင်တဲ့ ကွန်ထရိုးရူးမ်ရှေ့တွင် ချဲဖြိုးဝေတစ်ယောက် ထိုင်ရမလို ထရမလို ဖြစ်သွားသည်။ မော်နီ တာမှာ ပေါ်လာသော နှင်းစက်၏ ပုံရိပ်ကလေးက တစိမ့်စိမ့် ကြည့်နေချင်သဖွယ်ပင်။

ဒူးဆစ်အောက်နားလောက်ထိသာရှိသော ဘောင်းဘီအနက် လေးနှင့် ရယ်ဒီမိတ်အင်္ကျီ အဝါရောင်ဖားဖားကလေးကို တွဲဝတ် ထားသည်။ ဘေးလွယ်အိတ်ကလေးတစ်လုံးကို ပခုံးမှာလွယ်၍ စင်တာထဲသို့ ဝင်လာပုံမှာ စနိုးဝိုက်ကလေးနှယ်။

"ကြက်ကြီး"

"..............."

"ဟေ့ကောင် ကြက်ကြီး"

"ဘာလဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာဖြစ်နေတာလဲ…ကုန်းကုန်းကွကွနဲ့"

မလှမ်းမကမ်းတွင်ရှိနေသော စစ်ထင်ကျော်သည် ရဲဖြိုးဝေ သရုပ်ပျက်နေပုံကိုကြည့်၍ မျက်မှောင်ကျုံ့၍ မေးလိုက်သည်။

"နှင်းစက်…စင်တာထဲကို ဝင်လာနေတယ်ကွ"

"ဩော်…ဒါကြောင့်ကိုး"

"ငါ့ကောင်မလေးက တကယ်လန်းတာကွ"

မင်းသာ လန်းနိုင်တာပါကွာ…ငါ့မှာတော့ ခွန်အားတွေ ကုန်ဆုံးသွားပြီကွ"

ထိုစဉ် အခန်းတံခါးက ချပ်ခနဲ ပွင့်သွားလေ၏။

"ဘော့စ်"

"ဒီကိုလွှတ်လိုက်"

ဝန်ထမ်းကောင်လေး ဘာပြောမည်ဆိုတာကို ရဲဖြိုးဝေ သိသလို ရဲဖြိုးဝေ ဘာပြောလိုက်သည်ဆိုတာကိုလည်း ဝန်ထမ်း ကောင်လေး သဘောပေါက်သွားဟန်နှင့် ချာခနဲ လှည့်ထွက်သွား လေ၏။

"ငါ မင်းလို အချစ်ရေးမှာ ကံကောင်းချင်လိုက်တာ ကြက်ကြီးရာ"

"မင်းလက်ခွဏာမှာ နှလုံးသားလမ်းကြောင်း ကျွန်းခံ သလားမှ မသိတာ"

"ဘာကျွန်းမှ ခံမထားပါဘူးကွာ… မမကိုဘာ အမုန်း စစ်တွေ ရင်ထဲမှာ မရှိဘဲနဲ့ အသလွှတ်ကြီးကို ငါ့နှလုံးသား

www.burmeseclassic.com



ီးချင်းထိုးနေတာ"

ပြောသာပြောရသည်။ ရဲဖြိုးဝေလည်း စစ်ထင်အတွက် ိတ်မကောင်း ဖြစ်နေရ၏။ သူ့ခမျာ မိန်းမကိစ္စနှင့်ပတ်သက်၍ ာည်တည်ငြိမ်ငြိမ် နေလာခဲ့သမျှ ဒီပွဲကျမှ နှပ်ပစ်ခံခဲ့ရတာ။ ာစ်ထင်ဆိုတဲ့ကောင်ကလည်း နွေတာနိခူးနဲ့ကျမှ ချာနိလျှာရသည့် ာဖြစ်မျိုး နွေတာနိခူးဆိုတဲ့မမ မော်ပညာများ တတ်ထားသလားလို့ ာောင် တစ်ခါဘလေ တွေးမိသည်။ စင်ကာပူပြန် စစ်ထင်ကျော် ာစ်ယောက် မြန်မာပြည်ရောက်မှ မှောက်လဲရသည့်ပမာ။

"ကိုဖြိုး"

"လာလေ···နှင်းစက်"

အခန်းထဲသို့ဝင်လာသော နှင်းစက်ကို ရဲဖြိုးဝေ လက်ဆွဲ ၍ခေါ်လိုက်သည်။ စစ်ထင် ထိုင်နေသော စားပွဲရှေ့တွင် ဝင်ထိုင် လိုက်ကြသည်။

"အရေးတကြီးကိစ္စရှိလို့လား···နှင်း"

"အရေးကြီးကိစ္စရယ်လို့တော့ မဟုတ်ပါဘူး"

"ဒါဆို ကိုယ့်ကို သတိရလို့လား"

နှင်းစက် နှုတ်ခမ်းလေးစူထော်သွားလေ၏။ ပြီး··· ချက်စောင်းကလည်း ဒိုင်းခနဲ။

"ဟုတ်ပါလိမ့်မယ် အားကြီး··· ဒီက မမအကြောင်း ပြောပြချင်လို့ လာခဲ့တာ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုဖာပေါ်တွင် လျော့ရဲစွာ မှီထိုင်နေသော စစ်ထင်ကိုယ်မှာ မတ်ခနဲ ဖြစ်သွားလေ၏။

"မ…မမ ဘာဖြစ်လို့လဲ နှင်းစက်"

မျက်စိမျက်နှာပျက်စွာ မေးလိုက်သော စစ်ထင်ကျော် ကြောင့် ရဲဖြိုးဝေက ဟက်ခနဲ ရယ်လေသည်။

"မြန်မြန်ပြောလိုက်ပါ နှင်းရယ်… သူ့ခမျာ စိုးရိမ်စိတ်တွေ ရင်ဝတက်ဆောင့်ပြီး နှလုံးသွေးရပ်ပြီး သေသွားနိုင်တယ်"

နှင်းစက်က ပြုံးပြရင်း စစ်ထင်ကို စူးစမ်းသလို ကြည့်လိုက်ရင်း…

"အခြားတော့ မဟုတ်ပါဘူး။ ခုတလော မမ ဘာဖြစ်နေလဲ မသိဘူး ကိုစစ်ထင်ရဲ့"

"ဘာဖြစ်လို့လဲ"

"ရွှင်ရွှင်လန်းလန်း မရှိဘူး… မှိုင်မှိုင်နေလို့ အဲဒါ"

စစ်ထင် သက်ပြင်းတစ်ချက်ကို ဟူးခနဲ မှုတ်ထုတ်ကာ…

"ကိုစစ်ပြေနဲ့ အဆင်မပြေလို့လားမှ မသိတာ နှင်းစက်ရယ်"

"ဟင်"

နှင်းစက် မျက်နှာ ပျက်သွားလေ၏။ စစ်ပြေငြိမ်း၏ အကြောင်းဆိုလျှင် နှင်းစက် လေသံတောင် မကြားချင်ပေ။ သူ့…မရှိတဲ့လူ။

နားလည်မှုခေါင်းပါးတဲ့လူ။ သူ့ကို နှင်းစက် မုန်းသလို



www.burmeseclassic.com

www.burmeseclassic.com



...ကလည်း နာကြည်းခဲ့သူပင်။

"ကိုစစ်ပြေအကြောင်းကို ကိုစစ်ထင် ဘယ်လောက် ...သားလို့လဲ"

ရဲဖြိုးဝေက စစ်ထင်မျက်နှာကို လှမ်းကြည့်လိုက်သည်။

"ဖြေလိုက်လေ"

"ကိုစစ်ပြေက မမရဲ့အချစ်ဟောင်းလေ"

"ကိုစစ်ထင်"

"ပြောပါ နှင်းစက်"

နှင်းစက်မျက်နှာက တည်တင်းသွားလေ၏။

"အချစ်ဟောင်းဆိုတာ ဟောင်းနွမ်းကြေမွသွားခြင်းပဲ ...စစ်ထင်ရဲ့"

"ဒါက နှင်းစက်အထင်ပါ"

"မဟုတ်ဘူး ကိုစစ်ထင်... မမစိတ်ကို နှင်းစက် အသိ ...ပါ။ နှင်းစက်နဲ့ အခန့်မသင့်လို့ စိတ်ကောက်ရင်တောင် ဘယ် ...ာမှ လှည့်ကြည့်တတ်တာ မဟုတ်ဘူး။ နှင်းစက်ကပဲ အလျှော့ ...ပြီး လိုက်ခေါ်ရတာ။ ကိုစစ်ပြေကို မမ ပြန်ပြီးလက်ခံမှာ ...ဟုတ်ဘူး"

နှင်းစက် စကားကြောင့် ကျဆင်းနေသော စစ်ထင်ရဲ့ ...က်ခတ်တွေ အားဆေးတစ်လုံး သောက်လိုက်သလို ပြန်လည် ...တက်ကြွလာလေသည်။

"ဒါဆို ကျွန်တော် မျှော်လင့်ပို့ရသေးတာပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်…မမကို တကယ်ချစ်တာလား"

"နှင်းကလည်းကွာ…ဒီကောင့်ရုပ်ကိုပဲ ကြည့်ပါဦး။ အချစ်ဖျားဖျားနေတဲ့ရုပ်"

နှင်းစက် ဝမ်းနည်းရမလို၊ ဝမ်းသာရမလို ဖြစ်သွားလေ၏။ မမအပေါ် ကိုစစ်ထင် မေတ္တာစစ်နဲ့ ချစ်ခဲ့တာကို သိရတော့ ဝမ်းသာမိပါသည်။ ဒါပေမဲ့ ဆုံဆည်းခွင့်မရနိုင်ကြမည့်အဖြစ်ကို တွေးမိပြန်တော့ စိတ်မကောင်းဖြစ်ရပြန်၏။ မမ လက်ထပ်တော့ မည်ဆိုတာကို သူမ ကိုစစ်ထင်ကို မပြောရက်တော့။

"ကိုစစ်ထင်အတွက် စိတ်မကောင်းလိုက်တာ"

"ဘာဖြစ်လို့လဲ နှင်း"

ရဲဖြိုးဝေက သူငယ်ချင်းအတွက် စိတ်ပူစွာ မေးမိသည်။

"မမ ကိုစစ်ပြေကို ပြန်ပြီးလက်ခံမှာ မဟုတ်ပေမယ့် အခြားတစ်ယောက်ကို မမ ချစ်နေတယ်ထင်တယ်"

"ဗျာ"

"ခု…မမလေ သူ့အခန်းထဲမှာ ကတ္တီပါဖိနပ်ကလေး တစ်ရံကို ကြည့်ပြီး မျက်ရည်တွေဝဲနေတာ နှင်းစက် တွေ့ရတာ စာမရေးတာလည်း သုံးလေးရက် ရှိပြီ။ နှင်းစက်လည်း ချောင်း ကြည့်ရတာ။ မမက မာနကြီးတယ်။ နှင်းစက် သိတတ်စအရွယ် ကတည်းက မမငိုတာ တစ်ခါမှ မမြင်ဘူးခဲ့ဘူး။ မျက်ရည်ဆိုတာ အရှုံးသမားတွေရဲ့ ထွက်သက်တဲ့။ အဲဒီလိုပြောခဲ့တဲ့ မမလေး ခုတော့ ဖိနပ်ကလေးပေါ်မှာ မျက်ရည်တွေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ တကယ်ပဲလား…နှင်းစက်"

စစ်ထင် မေ့နိုင်ပါ့မလား။ သူကိုယ်တိုင် မမကို ဖိနပ်ကလေး ဝယ်ပေးခဲ့ဖူးတာ။

"နှင်းစက်…မညာပါဘူး"

"ဟာ…ကျေးဇူးပဲ…မမရေ"

စစ်ထင် မျက်နှာပေါ်မှာ ပြုံးပန်းတစ်ရာ ဝေဆာကာဖြင့် ကားသော့ကို ကောက်ကိုင်ကာ အခန်းထဲမှ ပြေးထွက်သွားလေ၏။ နှင်းစက် ခပ်ကြောင်ကြောင်လေးဖြစ်ကာ…

"သူ ဘာဖြစ်သွားတာလဲဟင်…ကိုဖြိုး"

"လူပြုစားခံလိုက်ရတာလေ"

"ဒီက အကောင်းမသိလို့ မေးတာကို"

"ကိုယ်လည်း ကောင်းကောင်းဖြေတာလေ… မသိရင် မှတ်ထား၊ နှင်း မမ ကြည့်တဲ့ဖိနပ်က စစ်ထင် ဝယ်ပေးထားတာ။ မေတ္တာကတ္တီပါဖိနပ်လေ…နှင်းမမကသာ ဒီကောင်ကြီးကို အကြင်နာထီးလေး ပြန်မိုးပေးလိုက်ရင် ပွဲကပြီးပြီ"

နှင်းစက် သက်ပြင်းလေး ခပ်မှျင်းမှျင်းချကာ…

"နှင်း…သူတို့နှစ်ယောက်ကို အဆင်ပြေစေချင်ပါတယ် ကိုဖြိုးရယ်"

(✱)



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၄)

ချစ်သူရယ်…
မဖြစ်နိုင်မှန်းသိပေမယ့်
အချစ်အစိုင်အခဲတစ်ခုက
နှလုံးသားမှာ ဖွဲ့တည်လို့နေခဲ့ပြီ။
မလာမှန်းလည်းသိ
လာလမ်းကို မျှော်ငေးမိတာလည်း
နှလုံးသားရဲ့ ခိုင်းစေချက်ကြောင့်ပေါ့ကွယ်…
ဒန်းကလေးပေါ်မှာ…

ခေါင်းကလေးကို မှီငဲ့လို့ အဝေးသို့ ငေးမောရင်းသာ ကဗျာတစ်ပုဒ် ရင်ထဲမှာ စပ်မိပါ၏။

အချစ်ဆိုတာကို မရေရာ မသေချာတဲ့ ရေလှော်ဒေါ်မှာ ရေးမိတဲ့ အရုပ်တစ်ခုလို သတ်မှတ်ခဲ့တဲ့ နွေ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ချစ်လာတော့လည်း အသေလွမ်းတတ်ခဲ့ပါပြီ။

စစ်ထင်ရယ်...

ငါ့နှလုံးသားကို မင်း ဘာကြောင့် အပိုင်စိုးထားခဲ့တာလဲ။ ဘိမ်ကောနေတဲ့ မြစ်ကမ်းပါးလို မျက်ရည်တွေ စီးနင်းလိုက်ပါခွင့် ပေးခဲ့တဲ့ ငါ့မျက်ဝန်းမြစ်ကမ်းပါးမှာ...

ခုတော့ မင်းကြောင့် မျက်ရည်စီးသံတွေ သောသောညံလို့။

"တီတီ...တီတီ"

ကားဟွန်းတီးသံကြောင့် နွေ ခေါင်းထောင်ကြည့်လိုက်သည်။ ခြံစောင်းတံခါးပြေးဖွင့်တာ မြင်လိုက်ပြီး အပြာရောင် ကားလေးတစ်စီး ခြံထဲသို့ လျှောခနဲ ဝင်လာလေသည်။

"မမ"

ကားတံခါးဖွင့်သံနှင့်ခေါ်သံက ပြိုင်တူထွက်လာသည်။

"အို"

ကားထဲမှ လူလုံးပေါ်လာသည်နှင့် နွေ့လက်ကလေးက ဘတ္တိပါ ဖိနပ်ကလေးဆီ အပြေးရောက်လို့ နောက်သို့ဝှက်ဖို့ ကြိုးစားလိုက်သည်။

"မမ"

စစ်ထင်ကလည်း လျင်သည်။ နွေ့လက်ကောက်ဝတ်ကို ဆွတ်ခနဲ ဖမ်းဆုပ်ထားကာ...

"အချစ်ရနံ့တွေ သင်းပျံ့နေတဲ့ ပန်းတစ်ပွင့်ကို ဘာဖြစ်လို့ ကော်ပြီး နမ်းချင်ရတာလဲ မမရယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာတွေလာပြောနေတာလဲ စစ်ထင်ကျော်"

"သိုဝှက်ထားတဲ့ မမရဲ့အချစ်တွေကို မောင် ဖော်ထုတ်နိုင်ပါပြီ မမရယ်... မောင့်ကို မညာပါနဲ့တော့။ မောင် ပေးခဲ့တဲ့ ဟောဒီဖိနပ်ကလေးကို မမ သိမ်းထားခဲ့တယ်ဆိုကတည်းက မမ မောင့်အချစ်ကို အမှတ်ပေးထားလို့ပေါ့။ မမကို မောင် အရမ်းချစ်တယ်"

"အို...စစ်ထင်...မင်း"

နွေ့ ငြင်းဆန်မှုက နောက်ကျသွားခဲ့သည်။ သူမကိုယ်လေးက စစ်ထင်ရင်ခွင်ထဲသို့ နစ်မြုပ်သွားလေ၏။ နွေ့ ရုန်းဖယ်ဖို့ မကြိုးစားချင်တော့။ ခွဲခွာရတော့မည့် ချစ်သူရင်ခွင်မှာ တစ်စက္ကန့်လေးဖြစ်ဖြစ် ခိုမှီခွင့်ရချင်ပါသည်။ ရက်စက်ချင်လို့ မဟုတ်ပေမယ့် အချစ်ကို တားဆီးရတာ နွေ့ ပင်ပန်းလှပါပြီ။

"မမရယ်... မမရဲ့နှလုံးသားတံခါးကို ခဏလေးဖြစ်ဖြစ် ဖွင့်ထားပေးပါဗျာ။ မောင့်စိတ်တွေ မွန်းကျပ်လွန်းလို့ မမရဲ့ မေတ္တာရေခြည်ဖြာအောက်မှာ ခဏတော့ လဲလျောင်းခွင့်ပေးပါ"

"စစ်ထင်ရယ်"

မမြင်သာလို့သာ ရင်မှာကွယ်ဝှက်ခဲ့သော အချစ်တို့သည် ဟန်ဆောင်မှုကမ်းပါးကို စီးခေါ်၍ ခုန်ဆင်းကာ မေတ္တာရေစီးကြောင်းနောက်သို့ အလိုက်သင့် မျောပါသွားခဲ့သည်။ ဖိကပ်ထားသော ပါးနှစ်ဖက်ကြားမှာ မျက်ရည်တူစုံမောင်နှံက လက်ချင်းယှက် ရင်ချင်းဆက်လို့ သူတို့နှစ်ဦးကို ကျီစယ်၍ ပျော်ပြော



www.burmeseclassic.com

www.burmeseclassic.com



သွားကြလေသည်။

"မောင့်ကို ချစ်တယ်လို့ ဝန်ခံပါနော်"

"ဘာထူးမှာလဲ စစ်ထင်ရယ်"

"မထူးစိတ်ပိုက်ပြီး အမုန်းကွန်ပိုက်ကို မမရဲ့ အချစ်မေတ္တာ ဓားထက်ထက်နဲ့ ခုတ်ဖြတ်ပေးပါ"

"မမကို မင်း မသနားဘူးလား"

"မမကိုယ်မမ အရင်သနားသင့်တယ်"

"မမ လက်ထပ်ရတော့မှာ"

"ချစ်တိုင်းမညားတတ်ကြတာ... မောင် သိပါတယ်"

"ခု... မမ မင်းရင်ခွင်ထဲကို ရောက်နေပြီလေ"

"ချစ်တာနဲ့ ပိုင်ဆိုင်ခြင်းဟာ အခေါ်မှာ တူချင်ပေမယ့် အနှစ်သာရခြင်းက မတူပါဘူး မမရယ်... မမအချစ်ကို တစ်စက္ကန့်အချိန်လေးပဲရရ မောင် လိုချင်တယ်"

နွေ့ စစ်ထင်၏မျက်နှာကို ငေးငေးလေး မော့ကြည့်နေမိ၏။ စစ်ထင်က ပြန်၍ ငုံ့ကြည့်နေသဖြင့် အသက်ရှူသံနှစ်ခုဟာ အတန်ကြာအောင် ဆုံဆည်းခွင့်ရနေကြသည်။

"မမ"

"မောင်"

"မောင်တို့ ထွက်ပြေးကြရအောင်နော်"

"ဟင့်အင်း"

"မမ မောင့်ကို မချစ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မင်း မမအချစ်ကို လိုချင်တာမဟုတ်ဘူးလား။ အခု ပေးနေပြီလေ"

"မမ ဘာဖြစ်လို့ သတ္တိကြောင်နေတာလဲ"

"သတ္တိကြောင်တာ မဟုတ်ဘူး စစ်ထင်… ကျေးဇူးတရားဆိုတာ ငွေချေးတာဆပ်သလို လတိုး၊ ရက်တိုးနဲ့ သတ်မှတ်ပြီး ဆပ်လို့မရဘူး"

"မမနဲ့ ဝေးရရင် မောင်လည်း မချစ်မနှစ်သက်သူနဲ့ လက်ထပ်ရမှာ။ ဒက်ဒီက မောင့်ကို အခွင့်အရေးတစ်ခု ပေးထားတယ်။ မမနဲ့ တွေ့ပေးပါတဲ့"

နွေ မျက်လုံးကို ဖြည်းညင်းစွာ ပိတ်လိုက်မိသည်နှင့် မျက်ရည်ပူစီးကြောင်းက ပါးပြင်ပေါ်သို့ ကျဆင်းလာသည်။ နွေ ငိုခဲ့ဖူးတာ ဒါ ပထမဆုံးအကြိမ်ပါ။

"လက်ထပ်လိုက်ပါ စစ်ထင်… မင်းနဲ့ ငါ့ရဲ့အချစ်ကို ဝေးကွာခြင်းရဲ့ တစ်နေရာမှာ လွမ်းမောခြင်းတွေကို ဆုံဆည်းခွင့်ပေးထားလိုက်ကြရအောင်"

"အပြောကတော့ အလွယ်သားလား မမရယ်… တကယ်တမ်း ခံစားရမှာက မမနဲ့မောင်"

"တော်ပါတော့… ခွဲခွာခါနီးမှာ အသဲနာရမယ့်စကားတွေ မမ မကြားပါရစေနဲ့တော့ မောင်ရယ်"

လွတ်ခနဲထွက်လာသော မောင်ဆိုသည့် နာမ်စားလေးကြောင့် စစ်ထင် နှလုံးသားတစ်ခုလုံး အချစ်တွေနဲ့ တိမ်မူးသွား



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ဒါ အချစ်၏သင်္ကေတတစ်ခုဖြစ်သလို လမ်းခွဲခြင်း၌ နှုတ်ဆက်ခြင်းသင်္ကေတတစ်ခုလည်း ဖြစ်နေ၏။

"မမရယ်"

အသံနင့်အောင် ချစ်ကြပြီး လွဲဖြစ်အောင် လွဲရဦးမည်။ သူတို့နှစ်ဦးအဖြစ်က ဝတ္ထုတစ်ပုဒ် ဇာတ်လမ်းတစ်ထုပ်လို။

"တီးတောင်···တီးတောင်···တီးတောင်"

ဘောင်းဘီအိတ်ထဲမှ ဟမ်းဖုန်းလေးက မြည်လာသဖြင့် ထုတ်ကြည့်လိုက်တော့ ပေါ်လာသည့်နံပါတ်က ဒက်ဒီဖုန်းနံပါတ်။

"ဟဲလို···ဒက်ဒီ···သားပါ"

"·············"

"ဒက်ဒီ··· သားရဲ့အိမ်ထောင်ရေးကိစ္စကို ဒက်ဒီ ကြိုက်သလိုသာ စီစဉ်ပါတော့"

ဖုန်းကိုပိတ်ပြီး နွေ့ဘက်သို့ လှည့်လိုက်သည်။ နွေ့က လည်း သူ့ကို မော့ကြည့်လျက်···

"မောင် ပြန်ပါတော့နော်"

စစ်ထင် အတန်ကြာအောင် နွေ့မျက်နှာလေးကို စူးစိုက်ကြည့်နေပြီး ခေါင်းမညိတ် ခေါင်းမခါနှင့် ကျောခိုင်း၍ လှည့်ထွက်သွားခဲ့ပြီ။ မဆုံဆည်းနိုင်တဲ့ ဒီရင်ခွင်နှစ်ခု ဝေးကြရပြီပေါ့ကွယ်။

✲



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၅)

ယခုလအတွက် ထုတ်ဝေမည့် လုံးချင်းဝတ္ထုစာမူခေါင်းစဉ်ကို ကြည့်၍ စာပေတိုက်မှ မန်နေဂျာ ဦးဝဏ္ဏက ပြုံးလေသည်။

"နွေ့ကို အန်ကယ် တစ်ခုလောက် မေးလို့ရမလား"

"ဟုတ်ကဲ့… မေးပါ အန်ကယ်"

"နွေ လက်ထပ်တော့မယ်ဆိုတာ ဟုတ်လား"

"ဟုတ်ပါတယ် အန်ကယ်…ရှေ့အပတ်ထဲမှာ လက်ထပ်ဖြစ်လိမ့်မယ်။ ဒါကြောင့် စာမူတွေ ကြိုပြီးလာပို့တာပါ"

"အန်ကယ်တို့ကို ဖိတ်ဦးနော်"

"ဆောရီး… အန်ကယ်၊ နွေ့အပေါင်းအသင်းမိတ်ဆွေတွေကို ဘယ်သူ့ကိုမှ နွေ ဖိတ်မှာမဟုတ်ပါဘူး"

"ဘာဖြစ်လို့လဲ…နွေ"

"ကိုယ့်အကြောင်းနဲ့ကိုယ်ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



နွေ့အသံလေးက တိမ်ဝင်သွားလေသည်။ တကယ်ပဲ သူမ မိတ်ဆွေတွေကို နွေ ဖိတ်ဖို့ စိတ်ကူးမရှိပါ။ သူမကိုယ်တိုင် မပျော်ပိုက်နိုင်သည့် မင်္ဂလာပွဲမှာ မိတ်ဆွေတွေကို ဟန်ဆောင် အပြုံးနဲ့ လိုက်နှုတ်မဆက်ချင်ပါ။

"အင်း… လပ်ထပ်တော့မယ့် သတို့သမီးလောင်း ရေးလိုက်တဲ့ ဝတ္ထုခေါင်းစဉ်က 'မဆုံဆည်းနိုင်တဲ့ ဒီရင်ခွင်' ဆို တော့ နွေ အသဲကွဲဇာတ်လမ်းများ ရှိခဲ့ဖူးသလား။ ဟို… စပ်စု တယ်လို့တော့ မထင်နဲ့နော်။ အန်ကယ်က သိချင်ရုံသက်သက်ပါ"

"အခြားသူတွေမှ မဟုတ်ဘဲ အန်ကယ်ရယ်… နွေ စိတ် မဆိုးပါဘူး။ ဒါပေမဲ့ ဖြေလည်း မဖြေချင်ဘူး"

ဦးဝဏ္ဏ ခေါင်းတဆတ်ဆတ်ညိတ်ကာ…

"ရပါတယ်… အန်ကယ်က နွေ့ကိုယ်ရေးကိုယ်တာ ပါဆယ်ကို ဖြေကြည့်သလိုဖြစ်နေပြီ…စိတ်မရှိနဲ့နော်"

နွေက ခပ်ယဲ့ယဲ့ ပြုံးပြရင်း…

"နွေ့ကို ပြန်ခွင့်ပြုပါဦး အန်ကယ်"

"ကောင်းပါပြီဗျာ"

နွေ စလင်းဘတ်အိတ်ကလေးကို ကောက်လွယ်လျက် စာပေတိုက်ထဲမှ ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၆)

မျက်လုံးကို မှေးစင်း၍ ဂစ်တာကြိုးတွေကို လက်အစုံနှင့် တို့ထိဆော့ကစားနေသည်။ ဝိုင်းဝိုင်း၏ သီချင်းတစ်ပုဒ်ကို သီဆို နေရင်း 'ပါးထက်မှာ မင်းမျက်ရည်' ဆိုသည့် သီချင်းစာသား လေးနှင့်အတူ မမနှင့် အနီးကပ်ဆုံးသူဖြစ်သည့် ဆောင်းနှင်းစက် ပင် မြင်ခွင့်မရခဲ့သော မမ ပါးပြင်ထက်က မျက်ရည်တွေကို မြင်ယောင်နေမိသည်။

မမရယ်… သီချင်းသံလေးအဆုံးမှာ တမ်းတစွာ မမကို ခေါ်၍ ညည်းတွားမိသည်။

"ဟေး…တော်တယ်ကွာ၊ ဒါမှ ဒို့ကိုကိုကွ… တကယ့် ဝိုင်းဝိုင်းပဲ"

နောက်မှ လက်ခုပ်ကလေးတီး၍ အားပေးလိုက်သူက စစ်ထင်၏ ညီမဝမ်းကွဲလေး ပန်းလေပြေ။ နောက်မှနေ၍ ပန်းလေပြေက စစ်ထင်ပခုံးကို သိုင်းဖက်၍ မျက်နှာကို ကြည့် လိုက်မိချိန်…



www.burmeseclassic.com

www.burmeseclassic.com



"ဟင်… ကိုကို ငိုနေတယ်၊ ဘာဖြစ်လို့လဲဟင်"

စစ်ထင် ခေါင်းကိုသာခါလျက် မျက်နှာက ငုံ့ကျသွားလေသည်။ အဖြေမရှိဘဲနဲ့ ပဟေဋ္ဌိကို ညှိပြီး ဆက်စပ်ကြည့်ကာ ပန်းလေပြေ တွေခနဲ ဖြစ်သွားလေ၏။

"ကိုကို… မိန်းမ မယူချင်လို့ ငိုတာလားဟင်။ လေပြေ ဘဘနဲ့တီတီလေးကို ပြောပေးရမလား"

စစ်ထင် ပို၍ စိတ်ညစ်သွားလေ၏။ ချစ်သူကို လွမ်းလို့ ငိုတာတောင် မလွတ်လပ်သည့်ဘဝပါလား။

စစ်ထင် မကြာခင် လက်ထပ်ရတော့မည်။

ခုဆိုရင် မာမီလည်း စင်ကာပူက ပြန်ရောက်လာပြီ။ ရန်ကုန်မှာရှိတဲ့ စစ်ထင်ရောင်ဂေဟာမှာ မိသားစု စုံစုံလင်လင် စုဝေးရောက်နေကြပြီ။ စစ်ထင် မပျော်နိုင်ခဲ့ပါ။

"ကိုကို"

"ကလေးက ကလေးလို နေစမ်းပါ လေပြေရယ်… ဒီမှာ သစ်နေရတဲ့အထဲ"

"လေပြေဖြင့် အံ့ဩတာပဲ"

"နင်က ဘာကို အံ့ဩတာလဲ"

ခပ်မဲ့မဲ့လေး ပြောနေသော လေပြေကို စစ်ထင် စိတ်မရှည်သလို ဟောက်လိုက်၏။

"ဘာအံ့ဩရမှာလဲ…ကိုကို့ကိုပေါ့။ ကိုကိုတို့မင်္ဂလာပွဲကို လူတွေ ဘယ်လောက်စိတ်ဝင်စားနေလဲ သိလား… အထူး



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် သတို့သမီးကို စိတ်ဝင်စားနေကြတာ။ လူတကာ အထင်ကြီးလေးစားနေတဲ့ စာရေးဆရာမ နွေတာန်ခူးကို ရတာများ ကိုယ်က နာအုံ့ထင်နေသေးတယ်''

''ဘာ''

မကျေနပ်ဟန်နှင့် စူစူဆောင့်ဆောင့်လေး ပြောလာသော လေပြေ စကားထဲမှာ မမနာမည် ပါလာသဖြင့် စစ်ထင် ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။ ဟုတ်မှဟုတ်ရဲ့လားဟု မယုံကြည်နိုင်စွာနှင့်ပင် လေပြေ ပခုံးလေးကို ဆုပ်ကိုင်၍…

''နင်…နင် ပြောလိုက်တာ ဘယ်သူ… ငါနဲ့ လက်ထပ်ပေးမှာ စာရေးဆရာမ နွေတာန်ခူး…ဟုတ်လား လေပြေ… ပြောစမ်းပါ''

''နှစ်ထပ်ရှိမှ မှတ်မိမှာလား… သန်ဘက်ခါပဲ မင်္ဂလာဆောင်ရတော့မယ်… ခုထိ ကိုယ့်ဇနီးလောင်းနာမည် မသိတာ အံ့ပါ့… ကိုကိုနဲ့ လက်ထပ်မှာ စာရေးဆရာမ နွေတာန်ခူးအစစ် နှစ်ကိုယ်လည်း ခွဲမထားဘူး…နာမည်တူလည်း မဟုတ်ဘူး''

''တကယ်''

''ခုမှ ဘာဖြစ်သွားတာလဲ''

စစ်ထင်၏ ပြောင်းလဲသွားသော မျက်နှာကို ကြည့်၍ လေပြေ မျက်စောင်းထိုးလေသည်။

''မဖြေချင်လည်းရတယ်…ငါ အရမ်းပျော်သွားပြီ။ ညီမလေးကို ကိုကို ကျေးဇူးတင်တယ်''



www.burmeseclassic.com

www.burmeseclassic.com



"အပြောင်းအလဲကလည်း မြန်လိုက်တာ"

စစ်ထင် ချစ်စနိုးနှင့် လေပြေ ပါးဖောင်းဖောင်းလေးကို သိမ်ဆွဲပြီး ကလေးတစ်ယောက်လို ရွှင်မြူးတက်ကြွစွာ ပြေးထွက်သွားလေသည်။ ဒက်ဒီကို ကျေးဇူးတင်လို့မဆုံးတော့။ ဒက်ဒီ သက်ထပ်ပေးမယ့် မိန်းမက မမဆိုတာ သူ တကယ်မသိခဲ့။ ဒီအကြောင်းတွေကို မမလည်း သိမှာမဟုတ်ပေ။ ကြိုတင်ကာ သိခဲ့ကြရင် မမမျက်ရည်တွေ အလဟဿ ကုန်ဆုံးခဲ့မှာမဟုတ်။

"ဘယ်လိုဖြစ်လာတာလဲ သားရဲ့"

"ဟဲ...ဟဲ...ပျော်လို့ပေါ့ မာမီရဲ့"

လှေကားအတိုင်း ပြေးဆင်းလာခဲ့ရာမှ လှေကားအဆုံးတွင် အပေါ်ထပ်သို့တက်ရန် ဟန်ပြင်နေသော မာမီနှင့် တိုက်မိမလို ဖြစ်သွားလေ၏။ ဒီရက်ထဲမှာ မြင်ရခဲသော သားမျက်နှာကို ကြည့်၍ ဦးစစ်အောင် မျက်ခုံးနှစ်ဖက် မြင့်တက်သွားသလို ခေါင်းရောင်ခြည်လည်း အပေါ်ထပ်သို့ မတက်ဖြစ်တော့ဘဲ စစ်ထင်နောက်သို့ လျှောက်လာသည်။

"ဒက်ဒီ"

"ပြော"

ဦးစစ်အောင် ဟန်ပါပါနှင့် ဘယ်ဘက်လက်က ရှားပါးသော မုတ်ဆိတ်တိုလေးတွေကို ပွတ်သပ်လိုက်ရာ ဖျတ်ခနဲ လက်သွားသော စိန်လက်စွပ်ဆီသို့ အကြည့်က ရောက်သွားသည်။ စစ်ထင်လက်က လျင်မြန်စွာပင် ဒက်ဒီလက်ကို ဆွဲကိုင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၍-

"ဟာ…ဒက်…ဒက်ဒီ ဒီလက်စွပ်ကို ဘယ်ကရလာတာလဲ…ဘယ်သူ့ဆီကလဲ"

ဦးစစ်အောင်က သူ့လက်ကို ထောင်ကြည့်ပြီး…

"မွေးနေ့လက်ဆောင် ရတာလေ… ဒါ ငါ့ချွေးမ ပို့လိုက်တဲ့ မွေးနေ့လက်ဆောင်"

"ဒါဆို…ကျိန်းသေပြီပေါ့"

"ဘာကျိန်းသေတာလဲ…သားရဲ့"

ဒေါ်သင်းရောင်ခြည်၏ စကားကို ဦးစစ်အောင်က လက်ကာ၍ တားဆီးကာ စစ်ထင်မျက်နှာကို အကဲခတ်သလို ကြည့်၍…

"မေကြီး…ခဏနေဦး၊ ကိုယ် အရင်မေးစရာရှိတယ်"

"ကဲ…မေး…မေး"

"ဒီရက်ထဲမှာ မင်းရဲ့သား တမှိုင်မှိုင် တတွေတွေနဲ့ သူချစ်သူကို လွမ်းနေတာ… ခု… ကောက်ကာငင်ကာ ပျော်လာပုံထောက်တော့ ငါ့သား ထီများပေါက်လာသလားလို့"

စစ်ထင် လက်ဝါးချင်းပွတ်၍ ရှက်ရယ် ရယ်လေသည်။

"ပျော်တာပေါ့ ဒက်ဒီရဲ့…အဲဒီလက်စွပ်ကလေးက သူနဲ့ သား နှစ်ယောက် လုဝယ်ခဲ့တာ။ နောက်တော့ သား ရှုံးသွားတယ်"

"ဩော်…ဒါကြောင့်ကိုး"



www.burmeseclassic.com

www.burmeseclassic.com



ဦးစစ်အောင် အဓိပ္ပာယ်တစ်ခုနှင့် ဆိုလိုက်ခြင်းပါ။

"မာမီ သိချင်တာက သား ပျော်လာတဲ့ကိစ္စလေ"

"ပြောမယ်...မာမီ၊ သားကြောင့် ဒက်ဒီနဲ့မာမီကို စိတ်ဆင်းရဲစေချင်တော့လို့ပါ။ ဒါကြောင့် အတိတ်ကိုထားခဲ့ပြီး ပစ္စုပ္ပန်မှာ မိဘ စိတ်ချမ်းသာအောင် နေပေးချင်တာပါ"

"အဲဒါ...ကိုကို ညာနေတာ...တီတီလေး"

အသံစာစာလေးနှင့်အတူ လေပြေ အပေါ်ထပ်မှ ပြေးဆင်းလာပြီး တီတီလေးကို လှမ်းဖက်လိုက်သည်။

"ပြောပါဦး... သမီး ကိုကို ဘာတွေညာတာလဲ"

"ဘာရမလဲ တီတီလေးရဲ့... လေပြေ အပေါ်တက်သွားတုန်းက ကိုကို ဂစ်တာတီးရင်း ငိုနေတာ။ လေပြေက ကိုကို့ဇနီးလောင်းက စာရေးဆရာမ နွေတန်ခူးလို့လည်း ပြောလိုက်ရော ငိုလက်စမျက်ရည်ကို သုတ်ပြီး ရှိသမျှ သုံးဆယ့်နှစ်ကွပ်တာသော သွားတွေ အကုန်ပေါ်အောင်ရယ်ပြီး ပြေးဆင်းသွားတာ"

"သား...ပြေလေး ပြောတာ ဟုတ်လား"

"ဟုတ်တယ် ဒက်ဒီ... သားရဲ့ချစ်သူကလည်း မမနွေတန်ခူးပဲလေ"

"ဟေ"

"ဟယ်...တကယ်"

အားလုံး အံ့အားသင့်သွားကြလေသည်။

"တကယ်ပေါ့ မာမီရဲ့... ဒါကြောင့် ဒက်ဒီကို ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



တင်စကား လာပြောတာ"

"အောင်မာ... ချွေးကောင်၊ ခုမှလာပြီး...ဟဲင်း"

ဦးစစ်အောင် ပြုံးပြုံးကြီးနှင့် လက်သီးထောင်ပြသဖြင့် စစ်ထင် ကလေးလေးလို ဒက်ဒီရင်ခွင်ထဲသို့ တိုးဝှေ့ကာ...

"သား ရင်တွေအရမ်းခုန်နေတယ်..သိလား"

"ဟုတ်လား... ဒက်ဒီ ကြားလိုက်မိပါတယ်။ ဘယ်နေရာများ ရထားမောင်းနေသလဲလို့၊ လက်စသတ်တော့ ငါ့သား ရင်ခုန်သံတွေကိုး"

"ခစ်...ခစ်"

"ဟား...ဟား...ဟား...ဟား"

မိသားစု ရယ်သံလေးများက လှိုက်ဖြာစီးဝင်လျက် စနောင့်စနင်းဖြစ်ခဲ့ကြသော စိတ်တို့သည်လည်း ခုမှပင် လွင့်လပ်ပေါ့ပါးသွားကြတော့သည်။

စစ်ထင် ရင်ထဲမှာတော့...

ပျော်လိုက်တာ မမရယ်...

ခုချိန်မှာ ကမ္ဘာပေါ်က အပျော်ဆုံးလူသားကို ပြပါဆိုရင် မောင့်ကိုယ်မောင် လက်ညှိုးထိုးပြမိမှာပါ။

မမရော ခုချိန်မှာ မမရဲ့ခင်ပွန်းလောင်းဟာ မောင်ဆိုတာ သိနေလောက်ရောပေါ့။ မောင့်လို မမ ပျော်နေမလား။

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၇)

"တီတီ···တီတီ"

"ဟော···သူလာပြီထင်တယ်"

ကားဟွန်းတီးသံကြောင့် နှင်းစက် လည်ပင်းကလေး ရှည်သွား၏။ မမကို လှမ်းကြည့်လိုက်တော့ ဆိုဖာပေါ်မှာ ငူငေါင်၍ ထိုင်ကောင်းနေဆဲပင်။ ဖေဖေက အပေါ်ထပ်မှ ဆင်းလာရင်း-

"သမီး···ကောင်လေး လာပြီထင်တယ်"

"သမီး အရင်သွားကြည့်လိုက်မယ် ဖေဖေ"

"အေး···အေး"

နှင်းစက် လျင်မြန်စွာ ပြေးထွက်လာခဲ့သည်။ ကားပေါ်က ဆင်းလာသူက သူမ ထင်ထားသူမဟုတ်ပါ။ ဒါလည်း သူမနှင့် ကိုဖြိုးတို့ ပူးပေါင်းကြံစည်ထားခြင်းပါပဲ။ မင်္ဂလာကိစ္စအတွက်



www.burmeseclassic.com

www.burmeseclassic.com



ဘာကိုမှ စိတ်မဝင်စားတော့ဘဲ နှင်းစက်ကို မျက်နှာလွှဲထားသော မမကို ပညာပေးချင်လို့ပါ။ ဖိတ်စာတွေကိုလည်း တစ်ချက်ကလေးမှ ငုံ့မကြည့်ဘဲ သင့်တော်သလို ကမ်းလိုက်ဟု ပြောခဲ့သော မမပင်။

"ဦးလေး…ခဏစောင့်နော်"

နှင်းစက် ဒရိုင်ဘာ ဦးလေးကြီးကို တောင်းပန်၍ အိမ်ထဲသို့ ပြန်ဝင်လာခဲ့သည်။

"မမနဲ့ဖေဖေ အဆင်သင့်ဖြစ်ပြီလား"

"ဖေဖေကတော့ အဆင်သင့်ပဲ"

"မမ"

နွေ့ နှင်းစက်ကို စွေ့ကနဲကြည့်ပြီး ရှေ့မှထွက်သွားလေ၏။ နှင်းစက်နှင့်ဦးအောင်နိုင် အပြုံးကိုယ်စီနှင့် နွေ့နောက်သို့ လိုက်ခဲ့သည်။

ရပ်ထားသော ကားရှေ့မှ လူကိုကြည့်၍ နွေ့ မျက်မှောင်ကြုတ်သွားသည်။ အင်္ကျီကော်လံကတုံး အဖြူလက်ရှည်နဲ့ ပုဆိုးအပြာကွက်ကို ဝတ်ထားသော အသက်လေးဆယ်အရွယ် လူတစ်ယောက်။

ဒါ ဒရိုင်ဘာပဲ ဖြစ်ရမည်။ ဖုန်းဆက်တုန်းကတော့ သားကိုယ်တိုင် လာကြိုလိမ့်မယ်ဟုသော ဦးစစ်အောင်၏စကားက ဘာလဲ။ ဖေဖေနှင့်နှင်းစက် နွေ့အနားသို့ ရောက်လာကြသည်။ နွေ့က ဒရိုင်ဘာဖြစ်ဟန်တူသော ဦးလေးကြီးအနားသို့ ဘိုးကပ်ကာ



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး"

"ပြောပါ တူမကြီး"

"ရှင်တို့သူဌေးပြောတော့ သူ့သားကိုယ်တိုင် လာကြိုမယ် ဆိုပြီး ခု ဘယ်လိုဖြစ်တာလဲ"

ဒရိုင်ဘာဦးသန်းဝင်းအောင် ခေါင်းကုတ်လေတော့၏။ နွေ့ မေးချင်လှလို့ မေးမြန်းခြင်းတော့ မဟုတ်ပါ။ အပြောနှင့်အလုပ် ညီတာကို ခံပြင်းတာ။ သူ့မျက်နှာကို တွေ့ချင်မြင်ချင်လို့ မဟုတ် ဘာက အသေအချာ။ ငါ လက်ထပ်မယ့် မိန်းမပဲ၊ ကိုယ်မကြို လည်း သူရောက်လာမှာပဲဆိုတဲ့ အထင်သေးခံရခြင်းသဘောကို နွေ့ ဆတ်ဆတ်ခါမိ၏။

"ပြောလေ ဦးလေး"

"ဟို···ကလေးက မှာလိုက်ပါတယ်"

ဦးသန်းဝင်းအောင် နွေ့ကို မပြောရဲသလို စကားကို မနည်း ညှစ်ထုတ်နေရသည့်ဟန်။

"ရဲရဲပြောပါ ဦးလေး··· သူက ဘာမှာလိုက်လဲ"

"ဟိုဒင်းလေ··· သူ လက်ထပ်မယ့် သတို့သမီးက ခြေလက်အင်္ဂါစုံရင် သူ့ဘာသာရောက်အောင် လာလိမ့်မယ်တဲ့။ အဲ···အဲဒါ"

နွေ့မျက်နှာက ဒေါသကြောင့် မျက်ထောင့်ပင်နီလာသည်။

"တောက်"

"မမ···မမလူက ခုကတည်းက ဒီလောက်အထက်စီးဆန်



www.burmeseclassic.com

www.burmeseclassic.com



နေရင် မမနဲ့ ဖြစ်ပါ့မလား။ နောက်ဆုတ်ဖို့ အချိန်မီသေးတယ်နော်။ မမ မသွားဘဲနေလိုက်ပါလား"

"သမီးငယ်ကလည်း ဘာတွေပြောနေတာလဲ။ ဒါ… ကလေးကစားနေတာ မဟုတ်ဘူးလေ"

"ကလေးက အဲဒီလောက်မဆိုးပါဘူး၊ စိတ်ရင်းကောင်းပါတယ်"

"ဘာစိတ်ရင်းကောင်းတာလဲ…ဒီလောက်စိတ်ပုပ်နေတာကို"

"တော်တော့…နှင်းစက်၊ နင် ဘာမှပြောမနေနဲ့တော့။ ငါ့ဘဝမှာ ခေါင်းညိတ်ပြီးမှ ပြန်ခါထုတ်တာမျိုး ဘယ်တုန်းကမှ မရှိခဲ့ဘူး။ ကတိခံပြီးရင် သေလမ်းဖြစ်နေပါစေ ငါသွားမှာပဲ"

ပြောပြောဆိုဆို နွေ ကားတံခါးကိုဖွင့်၍ ကားပေါ်သို့ တက်လိုက်သည်။ နှင်းစက်ကတော့ နွေ့ကိုကြည့်၍ လျှာကလေးထုတ်၊ ပခုံးလေး တွန့်မိသွားသည်။ ဒေါသအရောင်တွေ တဖိတ်ဖိတ် တောက်နေပေမယ့် အရုပ်ကလေး မဆိုသလောက် ပုတာကလွဲရင် မမက လှပကျော့ရှင်းနေသည်။ အရွယ်တင်နုပျိုနေသည်က တကယ့်အပျိုဖျန်းလေးသဖွယ်။ နှင်းစက် ကိုယ့်မမမို့ မြှောက်ပြောတာ မဟုတ်ပါ။ နှင်းစက်နှင့်မမ ယှဉ်သွားလျှင် နှင်းစက်က မမထက် အသားဖြူပေမယ့် မမက ပိုလှသည်ဟု နှင်းစက်၏ ချစ်သူ ရဲဖြိုးဝေပင် သုံးသပ်ခဲ့သည်။

"ဦးလေး…မောင်းတော့"



www.burmeseclassic.com

www.burmeseclassic.com



နွေ့အသံက မာဆတ်ဆတ် ဖြစ်နေသည်။ နွေ့တန်ခူးဆိုတာ မာနပေါ်မှာ ကျောချပြီး အောင်နိုင်ခြင်းဝတ်ရုံကို ခြုံထားခဲ့သူပင်။ တွေ့ကြရောပေါ့ သူငယ်ချင်းတို့ရယ်။ ရှင်ကပဲ အထက်စီးဆန်မလား။ နွေ့ကပဲ ရှင့်အစွယ်ကို ချိုးပြမလားဆိုတာ ရှင် စောင့်ကြည့်ပေတော့။

✽



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၈)

မိတ်ကပ်ပြင်နေသော အခန်းထဲတွင် အလှပြင်ဆရာက ပန်းချီဆရာတစ်ယောက်လို ဆေးခြယ်ပေးသမျှ ဘယ်အသွေး ဘယ်သဏ္ဍာန် ရေးခြယ်ပေးပါလို့ မဆိုပါဘဲ ပန်းပုဆရာ ထုလုပ် တဲ့အရုပ်လို ငြိမ်သက်နေသူက နွေ။

"မမ"

နှင်းစက်နှင့်အတူ ရဲဖြိုးဝေပါ နွေ့အနားသို့ ရောက်လာ၏။

"မင်း…ဘာလာလုပ်တာလဲ ရဲဖြိုးဝေ"

"ဆောရီးနော်…မမ၊ စစ်ထင်က လက်ဖွဲ့ပစ္စည်းလေး ပို့ခိုင်းလို့ပါ"

နွေ့ရင်ထဲမှာ နင့်ခနဲ ခံစားသွားရသည်။

"နှင်းစက် ဖွင့်ကြည့်မယ်နော်…မမ"



www.burmeseclassic.com

www.burmeseclassic.com



နွေ ခေါင်းမညိတ် ခေါင်းမခါနှင့် ငြိမ်သက်နေဆဲ နှင်းစက်က ဖဲကြိုးကလေးတွေကို ဖြတ်၍ ပါဆယ်ကို ဖွင့်ကြည့်လိုက်သည်။

"ဟင်"

"အယ်"

သတို့သမီးဝတ်စုံ အဖြူရောင်လေးပါလား။

မောင်ရယ်...

မင်း ဘာကြောင့် ဒီလောက်အထိ မမကို ဂရုစိုက်ခဲ့တာလဲ။

"မမ"

နှင်းစက်က နွေ့ကို ရိဝေသော မျက်ဝန်းအစုံနှင့်ကြည့်ကာ အသံတုန်တုန်နှင့်ပင်...

"ကိုစစ်ထင် သနားပါတယ် မမရယ်"

"ဒီအချိန်မှာ သူ့အကြောင်းတွေ မပြောနဲ့တော့ နှင်းစက်ရယ်"

"မမ ဒီဝတ်စုံလေးကို ဝတ်လိုက်ပါနော်... နှင်းစက် ချုပ်ပေးတဲ့ ဝတ်စုံကို မဝတ်ပါနဲ့တော့"

နွေ တွေတွေကလေး ရပ်နေမိသည်။

"ဟုတ်သားပဲ ညီမရယ်... ဒီဝတ်စုံလေးက အဖြူရောင်လေးဆိုတော့ ပိုပြီး ကျက်သရေရှိတာပေါ့"

မိတ်ကပ်ဆရာကလည်း တိုက်တွန်းနေသဖြင့် တုန်ယင်သောလက်တို့နှင့် နွေ လှမ်းယူလိုက်သည်။ မင်္ဂလာဝတ်စုံလေးကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်၍ မျက်ရည်ကလေး ဝဲလာခိုက်…

"နောက်ဖာစ်ခုက သတို့သားက မမကို မှာလိုက်တယ်"

သတို့သားဆိုသောကြောင့် နွေ့မျက်နှာလေး တင်းသွားပြ သည်။

"ဘာတဲ့လဲ"

"မင်္ဂလာပွဲမထွက်ခင် မမကို ခဏလောက် တွေ့ပါရစေ တဲ့။ အဲဒါ အခန်းနံပါတ် (….) ကို မမ လာခဲ့ပါတဲ့"

"တောက်"

နွေ့ အံကို တင်းတင်းကြိတ်ထားမိသည်။

ဒီလူ ဘယ်လိုလူလဲ၊ သူလာတွေ့တော့ ဘာဖြစ်သွားမှာ လို့လဲ။ ခုတော့…

ဒါ နွေ့မာနကို ချိုးနေတာ။

"အဝတ်လဲပြီးရင် လာခဲ့မယ်…ပြောလိုက်"



www.burmeseclassic.com

www.burmeseclassic.com



•

## အခန်း (၂၉)

"ကျွိ"

တံခါးကို ဖွင့်လိုက်သည်နှင့် မြင်လိုက်ရသည်က နွေ့အလာကို ကျောခိုင်း၍ စောင့်မည်ဆိုသော အနေအထား။ နွေ့ ခြေလှမ်းကို ဖြည်းဖြည်းချင်း ရွေ့လျားလာခဲ့သည်။

"ရောက်လာပြီလား"

သူ့အမေးကြောင့် နွေ့ခြေလှမ်းတွေ ရပ်တန့်သွားလေသည်။ နောက်မှ မြင်နေရသော အနေအထားတွင် ဆံပင်ညှပ်ကာစ ဖြစ်ပုံရ၏။ ဆံစနှင့်အင်္ကျီကော်လံကြားမှာ ကုပ်သားလေးက စိုဝင်းနေသည်။ ကိုယ်ဟန်အနေအထားက အရပ်မြင့်မြင့်နှင့် မော်ဒယ်လ်ဘွိုင်းတစ်ယောက်လို။ ခန့်မှန်းကြည့်ရတာတော့ ဒီလူရုပ်က သိပ်ခေမှာမဟုတ်။

ဟင်း···ဒါကြောင့် မာန်တက်နေတာပဲဖြစ်မယ်။

"ရှင် ဘာကိစ္စနဲ့ ကျွန်မကို ခေါ်တာလဲ"

"မင်းက ကိုယ့်ဇနီးပဲ။ ခေါ်တွေ့ခွင့် မရှိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ခုချိန်မှာ ဆိုင်ပေမယ့် ရှင် ကျွန်မကို ပိုင်ခွင့်မရှိသေးဘူး"

"ဟုတ်လား…ကိုယ်က မင်းကို အားလုံး ပိုင်ပြီလို့ထဲ တွက်ထားတာ။ သိပ်မကြာခင်ဘဲ ပိုင်ရတော့မယ်လေ"

"ရှင် မပိုင်နိုင်တာ တစ်ခုရှိတယ်"

"ဘာလဲ"

"ကျွန်မရဲ့အချစ်"

ပွင့်လင်းသော နွေ့စကားကြောင့် စစ်ထင် ပြုံးနေမိသည်။ ဒီအပြုံးကို နွေက မမြင်ခဲ့ပါ။

"မင်း…မင်္ဂလာဝတ်စုံ ဝတ်ပြီးပြီလား"

"ရှင့်မှာ မျက်စိပါတာပဲ…လှည့်ကြည့်ပေါ့"

"လှည့်ကြည့်ဖို့ မလိုပါဘူး၊ မင်း သိပ်လှတယ်"

"ဘာရှင့်"

နွေ့စိတ်ထဲမှာ သူ့ကို ပြေး၍ထုချင်ရိုက်ချင်လာသည်။ စကားပြောတာ မထိတထိနဲ့။ မင်္ဂလာချိန်နီးနေပြီမို့ နွေ သူမ ဒေါသကို မနည်းထိန်းနေရသည်။

"မင်း…ကိုယ့်ဆီကိုလာပြီး ကိုယ့်လက်မောင်းကို ချိတ် ခေါ်စေချင်လို့ စောင့်နေတာ"

"ရှင် စကားပြောတာ တင်စီးလှချည်လား"

နွေ့အသံက မာသထက် မာလာသဖြင့် စစ်ထင် မချိုမ်မရဲ ဖြစ်လာ၏။

"စိတ်မဆိုးပါနဲ့…ကိုယ်က မင်းကို ချစ်လို့စတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကတော့ ရှင့်ကို မချစ်ဘူး"

"သေချာလို့လား၊ ကိုယ့်ရုပ်ကိုမြင်ရင် မင်း ချစ်သွားမှာပါ"

"ဝေးသေးတယ်"

"ဘာလဲ…ကလေးယူဖို့လား"

"ရှင်…မမိုက်ရိုင်းနဲ့နော်"

ရှက်တာရော၊ ဒေါသရော နှစ်ခုပေါင်းကာ နွေ့ ဆွေ့ဆွေ့ ခုန်တော့၏။

"ဒါ သဘာဝပဲလေ၊ မင်း ကိုယ့်ကို တကယ်မချစ်ဘူးလား"

"မချစ်ဘူး…မချစ်ဘူး"

"ဘာဖြစ်လို့လဲ"

"ကျွန်မမှာ ချစ်သူရှိတယ်"

"ကိုယ်လား"

"ဟင်"

"လာခဲ့…မချစ်ဘူးပြောတဲ့ ကောင်မလေး"

ရှက်တရက် သွားတန်းညီလေးတွေပေါ်အောင် ရယ်ပြီး လှည့်လာသူက စစ်ထင်ကျော်ဖြစ်နေသဖြင့် အံ့ဩသွားချိန် သူက နွေ့ကိုယ်လေးကို တင်းခနဲ ပွေ့ဖက်လိုက်သည်။

"မင်း"

"မောင်လေ"

"လွှတ်"

"မလွှတ်ဘူး… မောင့်မိန်းမကို တစ်ဝကြီး ချစ်မလို့"



www.burmeseclassic.com

www.burmeseclassic.com



ဘူး"

"သင်တန်းဆင်းမဟုတ်ဘူး မမရဲ့···မမနဲ့တွေ့ရင် မောင်က အဖက်အနမ်း နည်းပြပဲ"

နွေ့မျက်စောင်းလှလှလေးက စစ်ထင်အတွက် ပို၍ ရင်ခုန်စေကာ···

"ဒီနေ့ မမ အရမ်းလှတာပဲ···သိလား"

"အင်း···သတို့သမီးက တို့မဟုတ်ရင်လည်း ဒီစကား ပြောမှာပဲ မဟုတ်လား"

"ဟင့်အင်း···ပြောပါဘူး၊ အရမ်းချစ်တယ်လို့ပဲ ပြောမှာ"

"ဒါဆို တို့ကို··· မဖက်နဲ့၊ အခြားတစ်ယောက်ကို သွားဖက်···သွား"

နွေက နှုတ်ခမ်းကလေးစူ၍ တွန်းလွှတ်နေသည်။ စစ်ထင်က ပို၍ တင်းကျပ်စွာ ဖက်ထားလိုက်ရင်း···

"မမကွာ···ကလေးကျနေတာပဲ၊ စိတ်ကောက်တာလား"

"ဟုတ်တယ်···စိတ်ကောက်တယ် ဘာဖြစ်လဲ"

"သဝန်မတိုကြေးလေ"

"ဘာဖြစ်လို့"

"ချစ်လို့ပေါ့"

"တကယ်"

"အို"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မင်းက"

"ဖိတ်စာမှာ ဖတ်မကြည့်ဘူးလား…ဦးစစ်အောင်ရဲ့ အစ်ဦးတည်းသောသား စစ်ထင်ကျော်လေ"

နွေ ရှန်းဖယ်နေရာမှ ငြိမ်သက်သွားလေသည်။ စစ်ထင်က နွေ့ပါးပြင်လေးကို ဖွဖွနမ်းလိုက်သည်။

"ချာတိတ်…မင်း ဒီလိုမလုပ်နဲ့လေ"

"အာ…မမကလည်း မောင့်ကို ချာတိတ်လို့ မခေါ်ပါနဲ့။ အကယ်ဆို မောင့်ထက် နှစ်နှစ်တည်းကြီးတာများ လူကို ကလေး လို အော်ငေါက်မနေနဲ့"

ချစ်ရသူနဲ့ လက်ထပ်ရမယ့်သူ အတူတူဖြစ်နေပြီမို့ နွေ ရင်ထဲမှာ အပျော်စီးကြောင်းလေး ဖြတ်သန်းစီးဝင်သွားလေသည်။

"မမ"

"လွှတ်ပါတော့"

"ပျော်လား"

"မပျော်ပါဘူး"

စစ်ထင် မျက်ခုံးထူထူလေးနှစ်ဖက် မြင့်တက်ကာ…

"ဒါဆို အပျော်ကူးစက်အောင် လုပ်ပေးမယ်"

"ဟင်းနော်"

"တကယ်ဝေးပြီမှတ်လို့…ဆွေးလိုက်ရတာ မမရယ်"

"ခု…မဝေးတော့ဘူးလေ…လွှတ်တော့…အဖက်လည်း ကြမ်းလိုက်တာ။ အဖက်အနမ်းသင်တန်းဆင်းလာ မသိ



www.burmeseclassic.com

www.burmeseclassic.com



လွှတ်ခနဲ ထွက်သွားသော ပါးစပ်ကို နွေ့ လက်ကလေးနဲ့ ပိတ်လိုက်ချိန် စစ်ထင်က ပိတ်ခွင့်မပေးဘဲ နွေ့လက်ကို ဆွဲဖယ်ကာ ခေါင်းကလေး ငုံ့လိုက်စဉ်…

“မောင်နော်…သိပ်ကဲတာပဲ”

“သိပ်ချစ်လို့ပါ…မမရယ်”

ချစ်သူနှစ်ဦး ချစ်မဝဖြစ်နေချိန်တွင် အပြင်မှ ရဲဖြိုးဝေ၏ အသံပြဲကြီးက ထွက်လာသည်။

“ဒီကနေ့ လုတဲ့သူရဲ့မျက်နှာ ဘယ်သူပြိုင်ဝံ့မလဲကွာ… မိုးပေါ်က ကျလာတာလား…ပြောစမ်းပါဦးကွယ်… စစ်ထင်ရေ…နည်းနည်းတော့ ထိန်းသိမ်းထားပါဦးကွာ”

“မမ…မင်္ဂလာချိန်နီးပြီနော်”

ရဲဖြိုးဝေနှင့်နှင်းစက်အသံကြောင့် စစ်ထင်က နှုတ်ခမ်းကလေး ဖိကိုက်ကာ ဆိုသည်။

“ကြက်ကြီး…ခွေးကောင်၊ မင်း ဝင်လည်မယ် သိလား”

“ငါ သင်တန်းတောင် မဆင်းရသေးဘူး။ နည်းပြဆရာရေ…မနက်ဖြန်ကစပြီး ငါ မင်းဆီမှာပဲ သင်တန်းတက်တော့မယ် သိလား”

“ကိုဖြိုးကလည်း ဘာတွေ ပြောနေမှန်းမသိဘူး”

နှင်းစက်မျက်နှာ ရှက်ဝဲဝဲလေးဖြစ်၍ ရဲဖြိုးဝေ၏ကျောကုန်းကို ထုလေသည်။

“မရက်စက်ပါနဲ့ နှင်းရာ”



www.burmeseclassic.com

www.burmeseclassic.com



တွတ်တိုးနေသော နှင်းစက်တို့ကြောင့် နွေ့က စစ်ထင် မျက်နှာကို မော့ကြည့်သည်။

"ကဲ...နည်းပြသရော...သူတို့ ချောင်းနားထောင်နေကြတာ...သိလား၊ ရှက်ဖို့ကောင်းလိုက်တာ"

"ထောင်ပါစေပေါ့...သူတို့အလှည့်ကျမှ ကောင်းကောင်းကြီး ပညာပြန်ပေးပြမယ်"

"မင်္ဂလာချိန်နီးပြီ မောင်ရဲ့...သွားကြစို့နော်"

"အင်း"

နွေ့ ခြေလှမ်းပြင်လိုက်စဉ်...

"နေဦး"

"ဘာလဲ"

"နမ်းမလို့"

"လာပြန်ပြီ"

နွေ့က ကြောက်လန့်ဟန်နှင့် ထွက်ပြေးမည်ပြုတော့ စစ်ထင်က နောက်မှနေ နွေ့ကိုယ်လုံးလေးကို သိုင်းဖက်ကာ နွေ့ လည်တိုင်ကျော့လေးဆီသို့ အနမ်းလေးတွေ ခြွေချလိုက်သည်။

သူတို့နှစ်ဦးသည် ပစ္စုပ္ပန်တွင် အပျော်တွေနဲ့ ကူးခတ်ခဲ့သလို အနာဂတ်တွင်လည်း...

မိုးစက်ပွင့်

www.burmeseclassic.com